http://www.dhammadownload.com

ပါဠိ ဇာတကဏ် ပုစ္ဆာ တွင်မေးလေ့ရှိသော (၄/ ၅) နံပါတ်များကို လွယ်ကူစွာ ဖြင့် ဖြေဆိုနိုင်ရန်... ဤစာ အုပ်ကို ဆောင်ဖြစ်အောင်ဆောင်ထားပါ။

# ပါဠိ ဇာတကဏ် ပုစ္ဆာ (၄/၅) ဖြေဆိုနိုင်ရန်

အရှင်ပညာသီဟာဘိဝံသ ၏ ပါဠိဇာတကဏ်စာစဉ်ပါ နံပါတ်(၄/၅)တို့ကိုထုတ်နှုတ်ရေးသားထားပါသည်။

မှတ်ချက်။ ။စာလိုက်သံဃာများအတွက်သာ။

http://www.dhammadownload.com

# ပါရာဇိကကဏ် ပုစ္ဆာ(၄/၅) ဖြေဆိုနိုင်ရန်

အရှင်ပညာသီဟာဘိဝံသ ၏ ပါရာဇိကဏ်စာစဥ်ပါ နံပါတ်(၄/၅)တို့ကိုထုတ်နုတ်ရေးသားထားပါသည်။

မှတ်ချက်။ ။စာလိုက်သံဃာများအတွက်သာ။

http://www.dhammadownload.com

ပါရာဇိကဏ်ပုစ္ဆာတွင်မေးလေ့ရှိသော (၄/ ၅)
နံပါတ်များကို လွယ်ကူစွာဖြင့် ဖြေဆိုနိုင်ရန်...
ဤစာအုပ်ကို ဆောင်ဖြစ်အောင်ဆောင်ထားပါ၊

http://www.dhammadownload.com

စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု

ဆရာတော်ဦးဖုန်

မှု

# ဒွေမာတိကာနိဿယ

(မှတ်ပုံတင်ပြီး)

ဖြန့်ချိရေး

တင်တင်အေးပိဋကတ်စာပေ

အမှတ်-(၁၃+၁၄)(၄၁+၄၂)၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်

ဈေးတော်ရုံ၊ ရန်ကုန်မြို့။

http://www.dhammadownload.com


**ပုံနှိပ်မှတ်တမ်း**

**ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်**

၃၂၀၅၃၁၀၈၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၂၀၅၂၀၀၈၀၇

**ပုံနှိပ်ခြင်း**

၁၁ ကြိမ်

အုပ်ရေ – ၂၀၀၀

တန်ဖိုး –

ပုံနှိပ်ပြီးသည့်လ

၂၀၀၈၊ ဖေဖော်ဝါရီလ

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးသိန်းထွန်း ( (၀၄၈၂၂)

သိန်းထွန်းအော့ဖ်ဆက်

၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်တင်တင်အေး (၀၂၀၃၃)

တင်တင်အေး၊ ပိဋကတ်စာပေ၊ အမှတ် ၁၄၊

ရွှေတိဂုံဘုရားတောင်ဘက်မုခ် ဈေးတော်ရုံ

ရန်ကုန်မြို့။

http://www.dhammadownload.com

# မာတိကာ

**ဘိက္ခုပါတိမောက်နိဿယ** ၉
နိဒါနုဒ္ဒေသ ၁၂
ပါရာဇိကုဒ္ဒေသ ၁၆
သံဃာဒိသေသုဒ္ဒေသ ၂၂
အနိယတုဒ္ဒေသ ၄၀
ဝိတ္ထာရုဒ္ဒေသ ၄၃
နိဿဂ္ဂိယပါစိတ် ၄၃
သုဒ္ဓပါစိတ် ၆၄
ပါဋိဒေသနီယ ၁၁၃
သေခိယ ၁၁၇
အဓိကရဏသမထ ၁၂၅
**ဘိက္ခုနီပါတိမောက်နိဿယ** ၁၂၉
ပါရာဇိကုဒ္ဒေသ ၁၂၉
သံဃာဒိသေသုဒ္ဒေသ ၁၃၃
ဝိတ္ထာရုဒ္ဒေသ ၁၄၀
နိဿဂ္ဂိယပါစိတ် ၁၄၀
သုဒ္ဓပါစိတ် ၁၄၃
ပါဋိဒေသနီယ ၁၅၉
ကျမ်းပြီးနိဂုံး ၁၆၀
**ဝိနည်းမှတ်ဖွယ်** ၁၆၁

http://www.dhammadownload.com

http://www.dhammadownload.com

# ဓမ္မမာတိကာနိဿယ

## ဂန္ထာရမ္ဘ

### ပဏာမ

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။

ဝန္ဒိတွာ ဝန္ဒနာမာန၊ ပူဇာသက္ကာရဘာဇနံ။

**အနက်။** ။အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒနာမာနပူဇာသက္ကာရဘာဇနံ၊ ရှိခိုးခြင်း၏ တည်ရာ, မြတ်နိုးခြင်း၏ တည်ရာ, ပူဇော်ခြင်း၏ တည်ရာ, ကောင်းစွာ စီရင်အပ်သောပစ္စည်းကို ပေးလှူခြင်း၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–ရှိခိုးခြင်းဖြင့် ကောင်းစွာပြုခြင်း၏ တည်ရာ, မြတ်နိုးခြင်းဖြင့် ကောင်းစွာ ပြုခြင်း၏ တည်ရာ, ပူဇော်ခြင်းဖြင့် ကောင်းစွာပြုခြင်း၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–ရှိခိုးသဖြင့် ကောင်းစွာ ပြုခြင်း၏ တည်ရာ, မြတ်နိုးသဖြင့် ကောင်းစွာ ပြုခြင်း၏ တည်ရာ, ပူဇော်သဖြင့် ကောင်းစွာ ပြုခြင်း၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–ရှိခိုးခြင်းတည်းဟူသော ကောင်းစွာပြုခြင်း၏ တည်ရာ ။ပ။ ဝါ–ရှိခိုးခြင်းဟု ဆိုအပ်သော ကောင်းစွာပြုခြင်း၏ တည်ရာ။ပ။ ဝါ–

http://www.dhammadownload.com



ရှိခိုးသော ကောင်းစွာပြုခြင်း၏ တည်ရာ။ပ။ ဝါ–ရှိခိုးခြင်း ကောင်းစွာ ပြုခြင်း၏ တည်ရာ။ပ။ ဝါ– ရှိခိုး၍ ကောင်းစွာပြုခြင်း၏ တည်ရာ။ပ။ ဝါ–ကောင်းစွာပြုခြင်းဖြင့် ရှိခိုးခြင်း၏ တည်ရာ, ကောင်းစွာ ပြုခြင်းဖြင့် မြတ်နိုးခြင်း၏ တည်ရာ,ကောင်းစွာ ပြုခြင်းဖြင့် ပူဇော်ခြင်း၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–ကောင်းစွာပြုသဖြင့် ရှိခိုးခြင်း၏ တည်ရာ။ပ။ ဝါ–ကောင်းစွာ ပြုခြင်းတည်းဟူသော ရှိခိုးခြင်း၏ တည်ရာ ။ပ။ ဝါ–ကောင်းစွာ ပြုခြင်းဟု ဆိုအပ်သော ရှိခိုးခြင်း၏ တည်ရာ ။ပ။ ဝါ–ကောင်းစွာပြုသောရှိခိုးခြင်း၏ တည်ရာ။ ဝါ–ကောင်းစွာပြု၍ ရှိခိုးခြင်း၏ တည်ရာ ။ပ။

ဝါ–ချီးမွမ်းခြင်း ဝစီကံဖြင့် ကော်ရော်ခြင်း၏ တည်ရာ, မြတ်နိုးခြင်း မနောကံဖြင့် ကော်ရော်ခြင်း၏ တည်ရာ, ပူဇော်ခြင်း ကာယကံဖြင့် ကော်ရော်ခြင်း၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–ချီးမွမ်းခြင်း ဝစီကံ အားဖြင့် ကော်ရော်ခြင်း၏ တည်ရာ။ပ။ ချီးမွမ်းခြင်း ဝစီကံ တည်းဟူသော ကော်ရော်ခြင်း၏ တည်ရာ။ပ။ ဝါ–ချီးမွမ်းခြင်း ဝစီကံဟု ဆိုအပ်သောကော်ရော်ခြင်း၏ တည်ရာ။ပ။ ဝါ–ချီးမွမ်းခြင်း ဝစီကံ ဖြစ်သော ကော်ရော်ခြင်း၏ တည်ရာ။ပ။ ဝါ–ချီးမွမ်းခြင်း ဝစီကံ ကော်ရော်ခြင်း၏ တည်ရာ။ပ။ ဝါ–ချီးမွမ်းခြင်းတည်းဟူသော ဝစီကံဖြင့် ကော်ရော်ခြင်း၏ တည်ရာ။ပ။ ဝါ–ချီးမွမ်းခြင်းဟုဆိုအပ်သော ဝစီကံဖြင့် ကော်ရော်ခြင်း၏ တည်ရာ။ပ။ ဝါ–ကော်ရော်ခြင်းဖြင့် ချီးမွမ်းခြင်း ဝစီကံ၏ တည်ရာ, ကော်ရော်ခြင်းဖြင့် မြတ်နိုးခြင်း မနောကံ၏ တည်ရာ, ကော်ရော်ခြင်းဖြင့် ပူဇော်ခြင်း ကာယကံ၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–ကော်ရော်သဖြင့် ချီးမွမ်းခြင်း ဝစီကံ၏ တည်ရာ။ပ။ ဝါ–

http://www.dhammadownload.com



ကော်ရော်ခြင်းတည်းဟူသော ချီးမွမ်းခြင်း ဝစီကံ၏တည်ရာ။ပ။ ဝါ–ကော်ရော်ခြင်းဟု ဆိုအပ် သော ချီးမွမ်းခြင်း ဝစီကံ၏တည်ရာ ။ပ။ ဝါ–ကော်ရော်ခြင်း ချီးမွမ်းခြင်း ဝစီကံ၏တည်ရာ ။ပ။ ဝါ– ကော်ရော်သော ချီးမွမ်းခြင်း ဝစီကံ၏တည်ရာ ။ပ။ ဝါ–ကော်ရော်၍ ချီးမွမ်းခြင်း ဝစီကံ၏ တည်ရာ ။ပ။ (ဤနည်း၌ "ဝန္ဒ" ဓာတ်ကား "ထုတိ"အနက်ဟော)

ဝါ–ဓာတိမဟာတ် ဂုဏ်ထူးမြတ်၍ ပြုအပ်သော ရှိခိုးခြင်း၏ တည်ရာ, ဂုဏမဟာတ် ဂုဏ်ထူးမြတ်၍ ပြုအပ်သော မြတ်နိုးခြင်း၏ တည်ရာ, ပုညမဟာတ် ဂုဏ်ထူးမြတ်၍ ပြုအပ်သော မြတ်နိုးခြင်း၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–သီလက္ခန်ကြောင့် ရှိခိုးခြင်း၏ တည်ရာ, သမာဓိက္ခန်ကြောင့် မြတ်နိုးခြင်း၏ တည်ရာ, ပညာက္ခန် ကြောင့် ပူဇော်ခြင်း၏တည်ရာ, ခန္ဓာသုံးပါးကြောင့် ကော်ရော်ခြင်း၏ တည်ရာ ဖြစ်တော်မူသော။ ဝါ–နှုတ်ဖြင့် ချီးမွမ်းခြင်း, စိတ်ဖြင့် မြတ်နိုးခြင်း, ကိုယ်ဖြင့် ပူဇော်ခြင်း, သုံးပါးစုံဖြင့် ကော်ရော်ခြင်း၏ တည်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုလည်းကောင်း။ ဝန္ဒနာမာနပူဇာသက္ကာရဘာဇနံ၊ သော။ ဓမ္မဉ္စ၊ ကိုလည်းကောင်း။ပ။ ဝန္ဒနာ။ပ။ ဘာဇနံ၊ သော။ သံဃဉ္စ၊ ကိုလည်းကောင်း။ ဝိပ္ပသန္နေန၊ ဘယ လာဘ စသည်ညစ်ကြေး ကင်းဝေးသန့်စင် ကြည်လင်စွာသော။ ဝါ–အဿဒ္ဓိယ စသည်ညစ်ကြေး ကင်းဝေးသန့်စင် ကြည့်လင်လှစွာ သော။ ဝါ–ဝန္ဒနာဘာဇန စသော အထူးထူးသော ဂုဏ်ကို အာရုံ ပြု၍ ကြည်ညိုသော။ စေတသာ၊ မနောဒွါရနှင့်တကွ။ ကာယဝါစာဟိ၊ ကိုယ်နှုတ်တို့ဖြင့်။ ဝန္ဒိတွာ၊ ရှိခိုးပါ၍။ ဝါ–ဝိပ္ပသန္နေန စေတသာ

http://www.dhammadownload.com



ဝိပ္ပန္န စေတော ဟုတွာ၊ အထူးသဖြင့် ကြည့်လင်သော စိတ်ရှိသည် ဖြစ်၍။ ဝါ–ဝိပ္ပသန္နေန၊ သော။ စေတသာဖြင့်။ လက္ခိတော၊ မှတ်အပ်သော။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ၏။ ဝန္ဒိတွာ၊ ၍။

## ပဋိညာဉ်

ပါတိမောက္ခံ အနဝဇ္ဇာနံ၊ ဓမ္မာနံ ယံ ပကာသိတံ။
မုခံ မောက္ခပ္ပဝေသာယ၊ ကရိဿာမဿ နိဿယံ။

**အနက်။** ။အနဝဇ္ဇာနံ၊ အပြစ်မရှိကုန်သော။ ဝါ–ကင်းသော အပြစ်ရှိကုန်သော။ ဝါ–အပြစ်ကင်းကုန်သော။ ဝါ–အပြစ်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ စတုဘူမိက ကုသိုလ်အဗျာကတတရားတို့၏။ ပါမောက္ခံ၊ အကြီးအမှူးဖြစ်သော။ မောက္ခပ္ပဝေသာယ၊ နိဗ္ဗာန်သို့ ဝင်ခြင်း၏။ မုခံ၊ အဦးအစ တံခါးဝဖြစ်သော။ ယံ ပါတိမောက္ခံ၊ အကြင်အာဏာပါတိမောက်ကို။ မဟေသိနာ၊ သီလက္ခန္ဓစသည် ကျေးဇူးအထူးထူးကို ဆည်းပူး ရှာမှီးလေ့ကျက်ပြီးသော မြတ်စွာဘုရားသည်။ ပကာသိတံ၊ ပြတော်မူအပ်ပြီ။ အဿ ပါတိမောက္ခဿ၊ ထို အာဏာပါတိမောက်၏။ နိဿယံ၊ နိဿယကို။ အဟံ၊ သည်။ ကရိဿာမိ၊ ပြုပေအံ့သတည်း။

ဂန္ထာရမ္ဘပြီး၏။

http://www.dhammadownload.com



# ဘိက္ခုပါတိမောက် နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဥပုသ်ပြုပရိကံ

**ပုဗ္ဗကရဏ ၄–ပါး**။ ။သမ္မဇ္ဇနီ စ၊ ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်းလည်းကောင်း[၁]။ ပဒီပေါ စ၊ ဆီမီးညှိထွန်းခြင်း လည်းကောင်း[၂]။ အာသနေန၊ နေရာခင်းခြင်း[၃]နှင့်တကွ။ ဥဒကဥ္စ၊ သောက်ရေ သုံးရေတည်ထားခြင်းလည်းကောင်း[၄]။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဧတာနိ ကမ္မာနိ၊ ဤအမှုတို့ကို။ ဥပေါသထဿ၊သံဃ,ဂဏ,ပုဂ္ဂလဥပုသ်၏။ ဝါ–သုတ္တုဒ္ဒေသ, ပါရိသုဒ္ဓိ, အဓိဋ္ဌာန်ဥပုသ်၏။ ဝါ–စာတုဒ္ဒသီ, ပန္နရသီ,သာမဂ္ဂီဥပုသ်၏။ ပုဗ္ဗဘာဂေ၊ သံဃာ မစည်းဝေးမီရှေးအဖို့၌။ ကတ္တဗ္ဗတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ပုဗ္ဗကရဏန္တိ၊ ပုဗ္ဗကရဏဟူ၍။ ဝုစ္စတိ ဝုစ္စန္တေ၊ မိန့်အပ်ကုန်၏။

**ပုဗ္ဗကိစ္စ ၅–ပါး**။ ။ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနဥ္စ၊ ဆောင်အပ်သော ဆန္ဒကို ကြားခြင်း[၁], ဆောင်အပ်သော ပါရိသုဒ္ဓိကို ကြားခြင်း[၂], ဥတုသုံးပါး၌ လွန်သောပက္ခ ကြွင်းသောပက္ခကို ကြားခြင်းလည်း ကောင်း[၃]။ ဘိက္ခုဂဏနာ စ၊ သိမ်အပြင်၌ စည်းဝေးသော ရဟန်း အပေါင်းကို ဤမျှရှိ၏ဟု ရေတွက်၍ ကြားခြင်းလည်းကောင်း[၄]။

http://www.dhammadownload.com



ဩဝါဒေါ စ၊ အဆုံးအမကို ရအံ့လောဟု တောင်းပန်သော ဩဝါဒကို ကြားခြင်းလည်းကောင်း၅။ ဣတိ၊ သို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဧတာနိ ကမ္မာနိ၊ တို့ကို။ ဥပေါသထဿ၊ ၏။ ပုဗ္ဗဘာဂေ၊ ပါတိ မောက် မပြမီ, ပါရိသုဒ္ဓိကို မကြားမီ, အဓိဋ္ဌာန်မပြုမီ ရှေးအဖို့၌။ ကတ္တဗ္ဗတ္တာ၊ ကြောင့်။ ပုဗ္ဗကိစ္စန္တိ၊ ပုဗ္ဗကိစ္စဟူ၍။ ဝုစ္စတိဝုစ္စန္တေ၊ ကုန်၏။

**ပတ္တကလ္လ ၄-ပါး။** ။ဥပေါသထော စ၊ စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ဥပုသ်နေ့သည်လည်း။ ဟောတိ၊ ဖြစ်၏၁။ ယာဝတိ- ကာယတ္တကာ၊ အကြင်မျှလောက် အယုတ်ဆုံး လေးယောက်ကုန် သော။ ဘိက္ခူ၊ ပကတတ်ရဟန်းတို့သည်။ ကမ္မပတ္တာ၊ သုတ္တုဒ္ဒေသ သံဃဥပုသ်ကံအား လျောက်ပတ်ကုန်၏။ တာဝတိကာ၊ ထိုမျှလောက် အယုတ်ဆုံး လေးယောက်ကုန်သော ရဟန်းတို့သည်။ ဧကသီမာယံ၊ တစ်သိမ်တည်း၌။ ဟတ္ထပါသံ၊ နှစ်တောင့်ထွာ ဟတ္ထပါသ်ကို။ အဝိဇဟိတ္ဝာ၊ မစွန့်ကုန်မူ၍။ ဋ္ဌိတာ စ၊ တည်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏၂။ သဘာဂါပတ္တိယော စ၊ သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်တို့သည်လည်း။ န ဝိဇ္ဇန္တိ၊ မရှိကုန်၃။ တသ္မိံ၊ ထိုသိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌။ ဝဇ္ဇနီယာ၊ ဟတ္ထပါသ်မှ အပပြုသဖြင့် ကြဉ်အပ်ကုန်သော။ ပုဂ္ဂလာ စ၊ လူ အစရှိသော နှစ်ကျိပ်တစ်ယောက်သော ပုဂ္ဂိုလ်တို့သည်လည်း။ န ဟောန္တိ၊ ကုန်၄။ ဣတိ၊ သို့။ စတူဟိ၊ လေးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံသော။ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို။ ပတ္တကလ္လန္တိ၊ လျောက်ပတ်သော အခါရှိသော ကံဟူ၍။ ဝုစ္စတိ၊ မိန့်အပ်၏။

http://www.dhammadownload.com



**ပဒ္ဒိုညာဉ်**။ ။ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ၊ ပုဗ္ဗကရဏလေးပါး, ပုဗ္ဗကိစ္စငါးပါးတို့ကို။ သမာဒပေတွာ၊ ကောင်းစွာ ပြီးစေပြီး၍။ ဒေသိတာပတ္တိကဿ၊ ကြားအပ်ပြီးသော အာပတ်ရှိသော၊ ဝါ– ဒေသိတ အာပတ်ရှိသော ပတ္တကလ္လရှိသော။ သမဂ္ဂဿ၊ စိတ်တူ ကိုယ်တူဖြစ်ထသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။ အနုမတိယာ၊ အလိုအားလျော်သဖြင့်။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသိတုံ၊ ပြခြင်းငှာ။ အာရာဓနံ၊ အားထုတ်ခြင်းကို။ မယံ၊ ငါတို့သည်။ ကရောမ၊ ပြုကုန်အံ့။

**မှတ်ဖွယ်**။ ။ဒေသိတာ အာပတ္တိ တသ္မိံ ပတ္တကလ္လေတိ ဒေသိတာပတ္တိ "ပတ္တကလ္လ"ရစေ၊ ဒေသိတာပတ္တိ အဿာတိ ဒေသိတာ ပတ္တိကော၊ "သံဃာ"ရစေ၊ ဝိနယာလင်္ကာရ ဋီကာရှင်ကား ဤသို့ မကြံမူ၍ ဤပုဒ်ကို ပယ်လေ၏။ "ပတ္တကလ္လေ သမာနီတေ" ပုဒ်ကိုလည်း ထည့်သွင်းလေ၏။

---

## ပိဏ္ဍတ္ထ ၅–ပါး

နိဒါနေ ဥတ္တိဋ္ဌပနံ၊ ပုဗ္ဗကိစ္စဿ ပုစ္ဆနံ။
နိဒါနုဒ္ဒေသ သဝနေ၊ ဝိသုဒ္ဓါရောစနေ ဝိဓိ။
အနာရောစနေ စာပတ္တိ၊ ဉေယျံ ပိဏ္ဍတ္ထပဉ္စကံ။

**(ကင်္ခါဋီကာသစ်)**

**အနက်**။ ။ နိဒါနေ၊ နိဒါန်း၌။ ဉတ္တိဋ္ဌပနံ၊ ဉတ်ထားခြင်း လည်းကောင်း။ ပုဗ္ဗကိစ္စဿ၊ ပုဗ္ဗကိစ္စကိုးပါးကို။ ပုစ္ဆနံ၊ ပြုအပ်ပြီ လောဟု မေးခြင်းလည်းကောင်း။ နိဒါနုဒ္ဒေသ သဝနေ၊ နိဒါနုဒ္ဒေသကို နာခြင်း၏။ ဝိဓိ၊ အစီအရင်လည်းကောင်း။ ဝိသုဒ္ဓါရောစနေ၊

http://www.dhammadownload.com



အာပတ်မှ စင်ကြယ်ခြင်းကိုကြားခြင်း၌။ ဝိဓိ၊ အစီအရင်လည်းကောင်း။ အနာရောစနေ၊ ရှိသောအာပတ်ကို မကြားခြင်းကြောင့်။ အာပတ္တိ စ၊ အာပတ်သင့်ခြင်းလည်းကောင်း။ ဣတိ၊ သို့။ ပိဏ္ဍတ္ထပဉ္စကံ၊ အနက်ပိဏ္ဍာတ် ပဥ္စကတ်ကို။ ဧေယျံ၊ မယုက်မစပ် သိအပ်လေ၏။

**ခွဲပြချက်**။ ။သုဏာတုမှဥဒ္ဒိသေယျတိုင်အောင်ဥတ်၊ ကိံသံဃဿမှ ဥဒ္ဒိသိဿာမိ တိုင်အောင် ပုဗ္ဗကိစ္စပုစ္ဆန၊ တံသဗ္ဗေဝမှ မနသိကရောမတိုင်အောင် နိဒါနုဒ္ဒေသ သဝနဝိဓိ၊ ယဿ သိယာမှ အနုဿာဝိတံ ဟောတိ တိုင်အောင် ဝိသုဒ္ဓါရောစနဝိဓိ၊ ယောပနဘိက္ခုမှ ဖာသုဟောတိ တိုင်အောင် အနာရောစနာပတ္တိ ဝိဓိ မည်၏။

---

## နိဒါနုဒ္ဒေသ

**ဥတ်**။ ။ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူလော့။ အဇ္ဇ၊ ယနေ့။ ဥပေါသထော၊ ဥပုသ်နေ့သည်။ ပန္နရသော၊ ပန္နရသီ တိထိရက်စေ့ ဥပုသ်နေ့တည်း။ သံဃဿ၊ သံဃာတော်အား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါ အင်္ဂါလေးပါးရှိသော ဥပုသ်ကံ သည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ သံဃော၊ သည်။ ဥပေါသထံ၊ သုတ္တုဒ္ဒေသ သံဃ ဥပုသ်ကို။ ကရေယျ၊ ပြုရာ၏။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသေယျ၊ ပြရာ၏။

**ပုဗ္ဗကိစ္စပုစ္ဆန**။ ။သံဃဿ သံဃေန၊ သံဃာသည်။ ပုဗ္ဗကိစ္စံ၊ ကိုးပါးသော ပုဗ္ဗကိစ္စကို။ တုမှေ၊ အရှင်တို့သည်။ ပါရိသုဒ္ဓိံ၊ မိမိ၏အာပတ်မှ စင်ကြယ်ခြင်းကို။ အာရောစေထ၊ မဝှက်မထား

http://www.dhammadownload.com



ကြားကြကုန်လော့။ ကသ္မာ၊ အဘယ့်ကြောင့်။ အာရောစေထ၊ ကြားကြကုန်သနည်း။ အဟံ၊ သည်။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသိဿာမိ၊ ပြပါအံ့။ တသ္မာ၊ ထို့ကြောင့်။ အာရောစေထ၊ ကုန်လော့။

**နိဒါနုဒ္ဒေသ သဝန**။ ။တံ၊ ထိုငါပြလတ္တံ့သော အာဏာ ပါတိမောက်ကို။ သဗ္ဗေဝ၊ အလုံးစုံထေရ, နဝ, မဇ္ဈိမဖြစ်ကုန်သော။ သန္တာ၊ သူတော်ကောင်း ဖြစ်ကုန်သော။ ဝါ–သိမ်အပြင်၌ ထင်ရှား ရှိကုန်သော။ မယံ၊ ငါတို့သည်။ သာဓုကံ၊ ကောင်းစွာ။ သုဏောမ၊ နာကြကုန်အံ့။ မနသိကရောမ၊ နှလုံးသွင်းကုန်အံ့။

**ဝိသုဒ္ဓါရောစန**။ ။ယဿ၊ အကြင် ထေရ, နဝ, မဇ္ဈိမဖြစ်သော ရဟန်းအား။ အာပတ္တိ၊ ခြောက်ပါးသော အကြောင်းကြောင့် သင့်သော ခုနစ်ပါးသော အာပတ်သည်။ သိယာအတ္ထိ၊ မထင်မကြား ရှိချေငြား အံ့။ သော၊ ထိုအာပတ်ရှိသော ရဟန်းသည်။ တံ၊ ထိုရှိသောအာပတ်ကို။ အာဝိကရေယျ၊ ကြားမှုလည်းကြား ထင်ရှားမှုလည်းပြုလော့။ အာပတ္တိယာ၊ အာပတ်သည်။ အသန္တိယာ၊ ဒေသနာကြား ထသောအားဖြင့် ထင်ရှားမရှိလတ်သော်။ တုဏှီ၊ ဆိတ်ဆိတ်။ ဘိက္ခုနာ၊ ရဟန်းသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ကသ္မာ၊ ကြောင့်။ တုဏှီ ဘဝိတဗ္ဗံ၊ ဆိတ်ဆိတ် ဖြစ်ရာသနည်း။ ပန ယသ္မာ၊ အကြင်ကြောင့်။ တုဏှီဘာဝေန ခေါ– တုဏှီ ဘာဝေနဝေ၊ ဆိတ်ဆိတ်နေသဖြင့်သာလျှင်။ အာယသ္မန္တေ၊ အရှင်တို့ကို။ ပရိသုဒ္ဓါတိ၊ အာပတ်မှ စင်ကြယ်ကုန်၏ ဟူ၍။ ဝေဒိဿာမိ၊ သိရ၏–သိရအံ့။ တသ္မာ၊ ကြောင့်။ တုဏှီ၊ ဆိတ်ဆိတ်။ ဘဝိတဗ္ဗံ၊ ရာ၏။ ဧဝံဘဝနံ၊ ဤသို့ဆိတ်ဆိတ်ဖြစ်ခြင်းသည်။ ဝေယျာကရဏံ၊ ပါရိသုဒ္ဓိကို ကြားခြင်းမည်၏။ ပန တံ ပါကဋံ

http://www.dhammadownload.com



ကရောမိ၊ ထိုသို့အာပတ်ရှိလျှင် ထင်စွာပြုခြင်း၊ အာပတ် မရှိသော် ဆိတ်ဆိတ်နေခြင်းဖြင့် ကြားသည်မည်ရာ၌ ဥပမာ ထင်စွာပြုအံ့။ ပစ္စေကပုဋ္ဌဿ၊ အသီးသီးမေးအပ်သောသူ၏။ ဝေယျာကရဏံခေါ– ဝေယျာကရဏံ ဝေ၊ ကြားခြင်းသည်လျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဧဝံ ဘဝနံ၊ ဤသို့ ဆိတ်ဆိတ်ဖြစ်ခြင်းသည်။ ဝေယျာကရဏံ၊ ကြားသည်မည်သည်။ ဟောတိ၊ ၏။ ဧဝရူပါယ၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ပါရိသုဒ္ဓိကို ကြားသောသဘောရှိသော။ ပရိသာယ၊ ရဟန်းပရိသတ်၌။ မယာ၊ ငါသည်။ ယာဝတတိယံ၊ သုံးကြိမ်မြောက်အောင်။ ပါတိ မောက္ခံ၊ ပါတိမောက်သည်။ ဝါ–ကို၊ အနုသာဝိတံ၊ အဖန်တလဲလဲ ကြားအပ်သည်။ ဟောတိ၊ ၏။ ဝါ–ယာဝတတိယံ၊ အောင်။ ပါရိသုဒ္ဓိ အာရောစနံ၊ ပရိသုဒ္ဓိကို ကြားခြင်းသည်။ ဝါ–ကို။ အနုသာဝိတံ၊ အဖန်တလဲလဲ မေးစိစစ်အပ်သည်။ ဟောတိ၊ ၏။

**အနာရောစန**။ ။ပန–ဝိသုဒ္ဓါရောစနဝိဓိမှတစ်ပါး အနာရော–စနဝိဓိကား။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ယာဝ တတိယံ၊ အောင်။ ပါတိမောက္ခေ၊ ကို။ အနုသာဝိယမာနေ၊ အဖန်တလဲလဲ ကြားအပ်သည်ရှိသော်။ ဝါ–ပါရိသုဒ္ဓိအာရောစနေ၊ ကို။ အနုသာဝိယမာနေ၊ အဖန်တလဲလဲ မေးစိစစ်အပ်သည်ရှိသော်။ သရမာနော၊ မိမိ၌ ထင်ရှားရှိသော အာပတ်ကို သိလျက်။ သန္တိံ၊ မထေ မကြား ထင်ရှားရှိသော။ အာပတ္တိံ၊ အာပတ်ကို။ နာဝိကရေယျ၊ ဒေသနာ, ပကာသနအားဖြင့် ထင်စွာ မပြုငြားအံ့။ အဿဘိက္ခုနော၊ ထိုရဟန်းအား။ သမ္ပဇာနမုသာဝါဒေါ၊ သိလျက် ချွတ်ယွင်းသော စကားကို

http://www.dhammadownload.com



ဆိုသည် မည်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သည်။ ဟောတိ၊ ၏။ အာယသ္မန္တော၊ အရှင်တို့။ ခေါ–စင်စစ်။ သမ္ပဇာနမုသာဝါဒေါ၊ သိလျက် ချွတ်ယွင်းသောစကား ဆိုခြင်းမည်သည်ကို။ အန္တရာယိကော၊ ဈာန်မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်သော။ ဓမ္မော၊ အာပတ် ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပန ယသ္မာ၊ အကြင့်ကြောင့်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ တသ္မာ၊ ကြောင့်။ သရမာနေန၊ မိမိ၌ ထင်ရှားရှိသော အာပတ်ကို သိသော။ အာပန္နေန၊ အာပတ်သင့်သော။ ဝါ–အာပတ်မှ။ ဝိသုဒ္ဓါပေက္ခေန၊ စင်ကြယ်ခြင်းကို အလိုရှိသော။ ဘိက္ခုနာ၊ သည်။ သန္တီ၊ ထင်ရှားရှိသော။ အာပတ္တိ၊ အာပတ်ကို။ အာဝိကာတဗ္ဗာ၊ ထင်စွာ ပြုအပ်၏။ ဟိ–ထင်စွာပြုခြင်း၏ အကျိုးကား။ အာဝိကတာ အာဝိကတာယ၊ အာပတ်ကို ထင်စွာပြုသဖြင့်။ ဝါ–ထင်စွာပြုခြင်းကြောင့်။ အဿဘိက္ခုနော၊ အား။ ဖာသု၊ ပထမဈာန် စသည်ကို ရခြင်းငှာ ချမ်းသာသော အကျင့်သည်။ ဟောတိ၊ ၏။

**နိဂုံး**။ ။အာယသ္မန္တော၊ တို့။ နိဒါနံ၊ နိဒါန်းကို။ ဥဒ္ဒိဋ္ဌံခေါ၊ သရုပ်အားဖြင့် ပြအပ်ပြီးသည်သာတည်း။ တတ္ထ၊ ထိုနိဒါန်း၌။ အာယသ္မန္တေ၊ အရှင်တို့ကို။ ပုစ္ဆာမိ၊ ငါမေး၏။ ကစ္စိ၊ အသို့နည်း။ တုမှေ၊ အရှင်တို့သည်။ ပရိသုဒ္ဓါ၊ အာပတ်မှ စင်ကြယ်ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော့။ ဝါ–ကစ္စိ၊ နည်း။ တွေ၊ ဤနိဒါန်း၌။ တုမှေ၊ တို့သည်။ ပရိသုဒ္ဓါ၊ အာပတ်မှ စင်ကြယ်ကြကုန်၏လော့။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ပုစ္ဆာမိ၊ ၏။ ကစ္စိ၊ နည်း။ တုမှေ၊ တို့သည်။ ပရိသုဒ္ဓါ၊ ကုန်သည်။ အတ္ထ၊ လော့။ တတိယမ္ပိ၊ လည်း။ ပုစ္ဆာမိ၊ ၏။ ကစ္စိ၊ နည်း။ တုမှေ၊ တို့သည်။ ပရိသုဒ္ဓါ၊ ကုန်သည်။

http://www.dhammadownload.com



အတ္ထ၊ လော့။ ဧတ္တေ၊ ဤနိဒါန်း၌။ အာယသ္မန္တော၊ တို့သည်။ ယသ္မာ၊ ကြောင့်။ ပရိသုဒ္ဓါ၊ အာပတ်မှ စင်ကြယ်ကုန်၏။ တသ္မာ၊ ကြောင့်။ တုဏှီ၊ မမြွက်သံချေ ဆိတ်ဆိတ်နေ၏။ ဧဝံ–ဣမိနာ တုဏှီဘာဝေန၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့်။ တေံ ပရိသုဒ္ဓဘာဝံ၊ ထိုအာပတ်မှ စင်ကြယ်သည်၏အဖြစ်ကို။ ဓာရယာမိ၊ သိရ၏။

ဣတိ–ဣမိနာ အနုက္ကမေန၊ ဤသို့သော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ ပဌမော၊ သော။ နိဒါနုဒ္ဒေသော၊ နိဒါနုဒ္ဒေသသည်။ သမတ္တော၊ ပြီး၏။

**အမှာ**။ ။ဤ၌ "ယဿ သိယာ" စသော ဝါကျ၏ အနက်ကို ဥပမာ ဥပမေယျ ထင်ရှားအောင် ဆရာတို့ မသမ္ဗန်ကြသောကြောင့် သောတုဇနတို့ အဓိပ္ပာယ်ကို အသိခက်သည်၊ ထို့ကြောင့် သမ္ဗန်ခဲ့သောအနက်ကို နှလုံးသွင်းရာ၏။ သမတ္တောကား–သံရှေး အာရှေးရှိသော ဒါဓာတ်၊ တပစ္စည်း။ ဘုဇာဒိဂိုဏ်း အတ္တမနောတိ ပီတိသုခါဒီဟိ ဂဟိတမနော၌ အတ္တကဲ့သို့တည်း။ ပြီး၏ ဟူသည်မှာ အဓိပ္ပာယတ္ထ။

---

## ပါရာဇိကုဒ္ဒေသ

**နိဒါန်း**။ ။ပါတိမောက္ခံ ဥဒ္ဒိသိဿာမီတိ၊ ဟူ၍။ ယံပါတိမောက္ခံ၊ ကို။ မယာ၊ သည်။ ပဋိညာတံ၊ ဝန်ခံအပ်ပြီ။ တတြ–တသ္မိံပါတိ မောက္ခေ၊ ထိုပါတိမောက်၌။ ဝါ–ပါတိမောက္ခံ ဥဒ္ဒိသေယျာထ၊ ဟူ၍။ ယံ ဝစနံ အကြင် စကားကို။ မယာ၊ သည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တတြ–တသ္မိံ ပါတိမောက္ခေ၊ ထိုပါတိမောက်၌။ စတ္တာရော၊ လေးပါး ကုန်သော။ ပါရာဇိကာ၊ ပါရာဇိက အမည်ရှိကုန်သော။ ဣမေ ဓမ္မာ၊

http://www.dhammadownload.com



ဤအာပတ်တို့သည်။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည်၏ အဖြစ်သို့။ အာဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

**ပဌမပါရာဇိက**။ ။၁၊ ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သိက္ခာသာဇီဝ သမာပန္နော၊ ပါတိမောက္ခ သံဝရသီလတည်းဟူသော အဓိသီလသိက္ခာ, ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်းဟူသော သာဇီဝသို့ရောက်လျက်။ သိက္ခံ၊ ပါတိမောက္ခ သံဝရသီလတည်းဟူသော အဓိသီလသိက္ခာကို။ အပ္ပစ္စက္ခာယ၊ မချမူ၍။ ဒုဗ္ဗလျံ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်းဟူသော သာဇီဝ၌ အားနည်းသည်၏အဖြစ်ကို။ အနာဝိကတွာ၊ ထင်စွာ မပြုမူ၍။ မေထုနံ ဓမ္မံ၊ တပ်ချင်းတူသော သူနှစ်ယောက်တို့၏ ဥစ္စာ ဖြစ်သောအကျင့်ကို။ ပဋိသေဝေယျ၊ မှီဝဲငြားအံ့။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ တိရစ္ဆာနဂတာယပိ၊ တိရစ္ဆာန်မ,၌လည်း။ ပဋိသေဝေယျ၊ မှီဝဲငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပါရာဇိကော၊ သာသနာတော်မှ ရှုံးခြင်းသို့ ရောက်သည်။ အသံဝါသော၊ ရဟန်း ကောင်းတို့နှင့်တကွ ကံကြီး ကံငယ်ဟု ဆိုအပ်သော တူသော ပေါင်းဖော်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ဖွယ်**။ ။ယထာ စေတ္ထ၊ ဧဝံ "ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာ သာဇီဝ သမာပန္နော သိက္ခံအပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ ဂါမာ ဝါ အရညာ ဝါ အဒိန္နံ။ပ။ ယောပန ဘိက္ခု ဘိက္ခူနံ သိက္ခာ သာဇီဝ သမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ သုဂတစီဝရပ္ပမာဏံ စီဝရံကာရာပေယျာ"တိ သဗ္ဗတ္ထယောဇေတဗ္ဗံ။

(ကင်္ခါဋီကာဟောင်း)

http://www.dhammadownload.com



**အင်္ဂါ**။ ။၁-မှီဝဲလိုသောစိတ်ရှိသည်လည်းဖြစ်စေ၊ ၂-မဂ်ဖြင့် မဂ်သို့ သွင်းသည်လည်းဖြစ်စေ၊ အင်္ဂါ ၂-ပါးရှိက အာပတ်သင့်၏။

**ဒုတိယပါရာဇိက**။ ။၂၊ ယောပနဘိက္ခု၊ သည်။ ဘိက္ခူနံ၊ တို့၏။ သိက္ခာသာဇီဝ သမာပန္နော၊ လျက်။ သိက္ခံ၊ ကို။ အပ္ပစ္စက္ခာယ၊ ၍။ ဒုဗ္ဗလျံ၊ ကို။ ၍။ ဂါမာဝါ၊ ရွာမှလည်းကောင်း။ အရညာဝါ၊ တောမှလည်းကောင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို။ ထေယျသင်္ခါတံ-ထေယျ သင်္ခါတေန၊ ခိုးလိုသော သူ၏အဖြစ်တည်းဟူသော စိတ်အစုဖြင့်။ အာဒိယေယျ၊ ခိုးယူငြားအံ့။ ယထာရူပေ၊ အကြင်သို့ ပါဒ, ပါဒါရဟ, အတိရေကပါဒ သဘောရှိသော။ အဒိန္နာဒါနေ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းကြောင့်။ ရာဇာနော၊ မင်းတို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဖမ်း၍။ ဟနေယျုံ ဝါ၊ သတ်ပုတ်ညှဉ်းဆဲမှုလည်း ညှဉ်းဆဲကုန်ရာ၏။ ဗန္ဓေယျုံ ဝါ၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏။ ပဗ္ဗာဇေယျုံ ဝါ၊ တိုင်းပြည်မှမှုလည်း နှင်ထုတ်ကုန်ရာ၏။ တွံ၊ သင်ကား။ စောရော၊ ခိုးတတ်သည်။ အသိ၊ ဖြစ်၏။ ဗာလော၊ မိုက်သည်။ အသိ၊ ဖြစ်၏။ မူဠှော၊ တွေဝေသည်။ အသိ၊ ဖြစ်၏။ ဣတိအာဒိ ဝစနေဟိ၊ ဤသို့ အစရှိသော စကားတို့ဖြင့်။ ပရိဘာသေယျုံ ဝါ၊ ဆဲရေးမှုလည်း ဆဲရေးကုန်ရာ၏။ တထာရူပံ၊ ထိုသို့ ပါဒ, ပါဒါရဟ, အတိရေကပါဒ သဘောရှိသော။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး၏ဥစ္စာကို။ အာဒိယမာနော၊ ခိုးယူသော။ အယမ္ပိ ဘိက္ခု၊ ဤရဟန်းသည်လည်း။ ပါရာဇိကော၊ သည်။ အသံဝါသော၊ သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁–လူ၏ဥစ္စာ၊ ၂–လူ၏ဥစ္စာ ဟု အမှတ်ရှိခြင်း၊ ၃–ခိုးလိုသောစိတ်၊ ၄–ပါရာဇိကလောက်သောဝတ္ထု၊ ၅–ထိုဝတ္ထုကို ခိုးခြင်း၊ အင်္ဂါ ၅–ပါး။

**တတိယပါရာဇိက**။ ။ဉ၊ယောပန ဘိက္ခု၊ သည်။ ဘိက္ခုနံ၊ တို့၏။ သိက္ခာသာဇီဝ သမာပန္နော၊ လျက် ။ပ။ အနာဝိကတွာ၊ ၍။ သဉ္စိစ္စ၊ သတ္တဝါဟူသော အမှတ်နှင့်တကွ သတ်လိုသောစိတ်ဖြင့် လုံ့လပြု၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ဖြစ်သောသူ၏ ကိုယ်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေယျ၊ ချဉ်းအံ့။ အဿ၊ ထို လူဇာတ်ဖြစ်သော သူ၏။ သတ္ထဟာရကံ ဝါ၊ အသက်ကို ဆောင်တတ်သော ဓား လက်နက်ကိုမူလည်း။ ဝါ၊ ဆောင်၍ ထားအပ်သော ဓားလက်နက်ကို မူလည်း။ ပရိယေသေယျ၊ ရှာ၍ အနီး၌ ထားငြားအံ့။ မရဏဝဏ္ဏံ ဝါ၊ သေခြင်း၏ ကျေးဇူးကိုမူလည်း။ သံဝဏ္ဏေယျ၊ ချီးမွမ်းငြားအံ့။ မရဏာယ ဝါ၊ သေခြင်းငှာမူလည်း။ ဝါ–သေခြင်း၏အကြောင်းကို မူလည်း။ သမာဒပေယျ၊ ဆောက်တည်စေငြားအံ့။ အမ္ဘောပုရိသ၊ အို ယောကျာ်း။ တုယှံ၊ သင့်အား။ ပါပကေန၊ ယုတ်မာစွာသော။ ဒုဇ္ဇီဝိတေန၊ ဤမကောင်းသော အသက်ရှည်ခြင်းဖြင့်။ ကိံ၊ ဘယ်အကျိုးရှိအံ့နည်း။ တေ၊ သင့်အား။ ဇီဝိတာ၊ အသက်ရှည်သော ထက်။ မတံ၊ သေခြင်းသည်။ သေယျော၊ မြတ်၏။ ဣတိ၊ သို့။ ဣတိစိတ္တမနော၊ ဤသို့ သေစေလိုသောစိတ်ရှိသည်ဖြစ်၍။ ဣတိ စိတ္တသင်္ကပ္ပေါ၊ ဤသို့ ဆန်းကြယ်သော သေခြင်း၌ အမှတ်, သေခြင်း၌ စေတနာ, သေခြင်း၌ အလိုအကြံ ရှိသည်ဖြစ်၍။ အနေက ပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ မရဏဝဏ္ဏံ ဝါ၊ သေခြင်း၏ အကျိုးကိုမူလည်း။ သံဝဏ္ဏေယျ၊ အံ့။ အယမ္ပိဘိက္ခု၊ သည်လည်း။ ပါရာဇိကော၊ သည်။ အသံဝါသော၊ သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁-လူဖြစ်သော သတ္တဝါ၊ ၂-သတ္တဝါဟူသော အမှတ်။ ၃-သေစေလိုသောစိတ်။ ၄-သတ်ခြင်း လုံ့လပယောဂ။ ၅-ထို ပယောဂဖြင့် သေခြင်း၊ အင်္ဂါ ၅-ပါး။

**စတုတ္ထပါရာဇိက**။ ။၄၊ ယောပန ဘိက္ခု၊ သည်။ ဘိက္ခုနံ၊ တို့၏။ သိက္ခာသာဇီဝ သမာပန္နော၊ လျက် ။ပ။ အနာဝိကတွာ၊ ၍။ အနဘိဇာနံ-အနဘိဇာနန္တော၊ မိမိ၌ ဥတ္တရိမနုဿဓမ္မထင်ရှားရှိသည်ကို မသိဘဲ။ အလမရိယ ဉာဏဒဿနံ၊ ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင်ရှိသော။ ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို။ ဝါ၊ မြတ်ကုန်သော ဈာနလာဘီအရိယာပုဂ္ဂိုလ်တို့၏ တရားကို။ အတ္တုပနာယိကံ၊ မိမိ၌ ဈာန်မဂ်ဖိုလ်တရားကို ဆောင်သည်ကို။ ဝါ၊ မိမိကိုယ်ကို ဈာန်မဂ်ဖိုလ်တရား၌ ဆောင်သည်ကို။ ကတွာ၊ ၍။ ဣတိ ဇာနာမိ၊ ဤအကြောင်းဖြင့် ငါ သိ၏။ ဣတိ ပဿာမိ၊ ဤအကြောင်းဖြင့် ငါ မြင်၏။ ဣတိ၊ သို့။ သမုဒါစရေယျ၊ ပြောဆိုငြားအံ့။ တတော၊ ထိုပြောဆိုပြီးမှ။ အပရေန၊ တစ်ပါးသော။ သမယေန၊ အခါ၌။ သမနုဂ္ဂါဟိယမာနော ဝါ၊ သူတစ်ပါးတို့ မေးစိစစ်အပ်သော်လည်းကောင်း။ အသမနုဂ္ဂါဟိယမာနော ဝါ၊ သူတစ်ပါးတို့ မမေးစိစစ်အပ်သော်လည်းကောင်း။ အာပန္နော၊ အာပတ်သင့်ပြီးသော ရဟန်းသည်။ ဝိသုဒ္ဓါ ပေက္ခော၊ စင်ကြယ်ခြင်းကို အလိုရှိသည်ဖြစ်၍။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ အာဝုသော၊ ငါ့ရှင်တို့။ အဇာနံ-အဇာနန္တော၊ မသိဘဲ။ ဇာနာမိ၊ ငါသိ၏။ အပဿံ-အပဿန္တော- မမြင်ဘဲ။ ပဿာမိ၊ ငါမြင်၏။ ဧဝံ၊

http://www.dhammadownload.com



ဤသို့။ အဝစံ၊ ဆိုမိ၏။ တုစ္ဆံ၊ အချည်းနှီးသော။ မုသာ၊ ချွတ်ယွင်းသောစကားကို။ ဝိလပိံ၊ ဆိုမိ၏။ က္လတိ၊ ဤသို့။ ဝဒေယျ၊ ဆိုရာ၏။ အဓိမာနာ၊ ရှိနိုးခြင်းကို။ အညတြ–ဌပေတွာ၊ ထား၍။ အယမ္ပိ ဘိက္ခု၊ သည်လည်း။ ပါရာဇိ ကော၊ သည်။ အသံဝါသော၊ သည်။ ဟောတိ၊ ၏။

**မှတ်ဖွယ်**။ ။"အဝစံ"၌ ဝစဓာတ်, အံဝိဘတ်,အ ကားအာကုံ၊ထို့ကြောင့် အ–နှင့် ဝစကို ခွဲခြား၍ ရွတ်။

**အင်္ဂါ**။ ။၁–မိမိ၌ ဥတ္တရိ မနုဿဓမ္မ ထင်ရှားမရှိခြင်း၊ ၂–ယုတ်မာ သော အလိုဖြင့် ထိုဥတ္တရိ မနုဿဓမ္မကို ကြားခြင်း၊ ၃–သူတစ်ပါးကို မညွှန်းခြင်း၊၄–အကြင်သူအား ကြား၏၊ ထိုသူ၏ လူဇာတ်ဖြစ်ခြင်း၊ ၅–ထိုကြားသောခဏာ၌ သိခြင်း၊အင်္ဂါ ၅–ပါး။

**နိဂုံး**။ ။အာယသ္မန္တော၊ တို့။ စတ္တာရော၊ ကုန်သော။ ပါရာဇိကာ၊ ကုန်သော။ ဓမ္မာ၊ အာပတ်တို့ကို။ ဥဒ္ဒိဋ္ဌာ ခေါ၊ သရုပ်အားဖြင့် ပြအပ်ကုန်ပြီးသည်သာတည်း။ (ယေသံ–ယော+သေံ) ယောဘိက္ခု၊ အကြင်ရဟန်းသည်။ သေံ၊ ထိုလေးပါးသော ပါရာဇိကတို့တွင်။ အညတရံဝါ အညတရံဝါ၊ တစ်ပါးပါးသော ပါရာဇိကသို့လည်း။ အာပဇ္ဇိတွာ၊ ရောက်၍။ ဝါ–ရောက်သောကြောင့်။ ဝါ၊ ရောက်သည်ရှိသော်။ ပုရေ၊ ရှေးလူသာမဏေဖြစ်သောအခါ၌။ ဘိက္ခုပုဟိ၊ တို့နှင့်။ သိဒ္ဓိံ၊ တကွ။ သံဝါသံ၊ ကံကြီးကံငယ်ဟုဆိုအပ်သော ပေါင်းဖော်ခြင်းကို။ နလဘတိယထာ၊ မရသကဲ့သို့။ တထာ၊ တူ။ ပစ္ဆာ၊ နောက်၌။ နလဘတိ၊ မရ။ ပါရာဇိကော၊ သည်။ အသံဝါသော၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုလေးပါးသော ပါရာဇိကတို့၌။ အာယသ္မန္တေ၊ တို့ကို။ ပုစ္ဆာမိ၊ ၏။ပ။

http://www.dhammadownload.com



**မှတ်ဖွယ်**။ ။"အညတရံ ဝါ အညတရံ ဝါ"၌"ဂါမေ ဂါမေ သတံ ကုမ္ဘာ"၌ ကဲ့သို့ ဒွိစ္ဆာဝိစ္ဆာဖြစ်၍ "ဒွတ္တံ ဝိစ္ဆာယ မေကဿ၊ နေကတ္ထဿ နိပါတနာ"ဟူသော ဘောဒစိန္တာနှင့်အညီ တစ်ခုသော "အညတရံ ဝါ"ပုဒ်ကိုတည်၍ သုတ်ကြီးဖြင့် နှစ်ပုဒ်ပြု၊ ထို့ကြောင့် တစ်ပုဒ်စီ ခွဲ၍ မသမွန်အပ်၊ တစ်ပေါင်းတည်းသာ သမွန်အပ်၏။ ထိုသို့ အရာ၌ ဤနည်းချည်း။

---

## သံဃာဒိသေသဒွေသ

**နိဒါန်း**။ ။အာယသ္မန္တော၊ တို့။ တေရသ၊ တစ်ဆယ့်သုံးပါးကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ တို့သည်။ ဥဒ္ဒေသံ၊ သို့။ အာဂစ္ဆန္တိ၊ ကုန်၏။

**ပဌမ**။ ။၁၊ ယောပနဘိက္ခု၊ သည်။ ဘိက္ခုနံ၊ တို့၏။ သိက္ခာသာဇီဝသမာပန္နော၊ လျက်။ပ။ အနာဝိကတွာ၊ ၍။ သုပိနန္တာ၊ အိပ်မက်၌ သုက်လွှတ်ခြင်းကို။ အညတြ-ဠပေတွာ၊ ၍။ သဉ္စေတနိကာ၊ လွှတ်စေလိုသော စေတနာထင်ရှားရှိသော။ ဝါ၊ လွှတ်စေလိုသော စေတနာရှိသော။ ယာ သုက္ကဝိဿဋ္ဌိ၊ အကြင်သုက်လွှတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ သုက္ကဝိဿဋ္ဌိ၊ ဤသုက်လွှတ်ခြင်းသည်။ သံဃာဒိသေသော၊ သံဃာဒိသိသ် အမည်ရှိသော။ အာပတ္တိနိကာယော၊ အာပတ်အပေါင်းသည်။ ဟောတိ၊ ၏။

**အင်္ဂါ**။ ။၁-လွှတ်စေလိုသော စေတနာ၊ ၂-လုံ့လပြုခြင်း၊ ၃-လွှတ် ခြင်း၊ အင်္ဂါ ၃-ပါး။

**ဒုတိယ**။ ။၂၊ ယောပနဘိက္ခု၊ သည်။ ဘိက္ခုနံ၊ တို့၏။ ။ပ။ အနာဝိကတွာ၊ ၍။ ဩတိဏ္ဏော၊ ရာဂ တည်းဟူသော တွင်းသို့

http://www.dhammadownload.com



သက်ဝင်သည်ဖြစ်၍။ ဝါ၊ ရာဂ တည်းဟူသော ဘီလူးသည် သက်ဝင် အပ်သည်ဖြစ်၍။ ဝိပရိဏတေန၊ ဖောက်ပြန်၍တည်သော။ စိတ္တေန၊ စိတ်ဖြင့်။ ဝါ၊ စိတ်ကြောင့်။ ဝါ၊ ဝိပရိဏတေန စိတ္တေန–ဝိပရိဏ တစိတ္တော ဟုတ္ဟ၊ ဖောက်ပြန်၍ဖြစ်သော စိတ်ရှိသည်ဖြစ်၍။ မာတု ဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ တကွ။ ကာယသံသဂ္ဂံ၊ ကိုယ်လက် နှီးနှောခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ ဟတ္ထဂ္ဂါဟံဝါ၊ လက်ကို ကိုင်ခြင်းသို့လည်းကောင်း။ ဝေဏဂ္ဂါဟံဝါ၊ ဆံထုံးကို ကိုင်ခြင်းသို့လည်းကောင်း။ အညတရဿ ဝါ အညတရဿ ဝါ၊ တစ်ပါးပါးလည်းဖြစ်သော။ အင်္ဂဿ၊ အင်္ဂါကြီးငယ်ကို။ ပရာမသနံ၊ သုံးသပ်ခြင်းသို့။ သမာပဇ္ဇေယျ၊ အံ့။ တဿဘိက္ခုနော၊ အား။ သံဃာဒိသေသော၊ သော။ အာပတ္တိနိကာသော၊ သည်။ ဟောတိ၊ ၏။

**အမှာ**။ ။"ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော" စသည်ကို သိက္ခာပုဒ်တိုင်း လိုက်စေရမည်။

**အင်္ဂါ**။ ။၁–လူမိန်းမ၊ ၂–မိန်းမဟူသောအမှတ်၊ ၃–ကာယသံသဂ္ဂရာဂ၊ ၄– ထိုရာဂဖြင့် လုံ့လပြုခြင်း၊ ၅–ဟတ္ထဂ္ဂါဟ စသည်သို့ ရောက်ခြင်း၊ အင်္ဂါ ၅–ပါး။

**တတိယ**။ ။၃၊ ယောပနဘိက္ခု၊ သည်။ ဩတိဏ္ဏော၊ ၍။ ဝါ၊ ၍။ ဝိပရိဏတေန၊ သော။ စိတ္တေန၊ ဖြင့်။ ဝါ၊ ကြောင့်။ မာတုဂါမံ၊ ကို။ ဒုဋ္ဌုလ္လာဟိ၊ ရုန့်ရင်းကုန်သော။ ဝါစာဟိ၊ ဝစ္စမဂ်, ပဿာဝမဂ်နှင့် စပ်ကုန်သော စကားတို့ဖြင့်။ ဩဘာသေယျ၊ ပြောဆိုငြားအံ့။ ယုဝါ၊ လုလင်ပျိုသည်။ ယုဝတိံ၊ မိန်းမပျိုကို။ မေထုနုပသံဟိတာဟိ၊

http://www.dhammadownload.com



မေထုန်နှင့်စပ်သော စကားတို့ဖြင့်။ သြဘာသေယျ ယထာ၊ သကဲ့သို့။ တံ-တထာ၊ ထို့အတူ။ သြဘာသေယျ၊ အံ့။ တဿ ဘိက္ခုနော၊ အား။ သံဃာဒိသေသော၊ သော။ အာပတ္တ နိကာယော၊ သည်။ ဟောတိ၊ ၏။

**အင်္ဂါ**။ ။၁-လူမိန်းမ၊ ၂-လူမိန်းမဟူသောအမှတ်၊ ၃-ဒုဋ္ဌုလ္လဝါစာဖြင့် သာယာသောရာဂ၊ ၄-ထိုရာဂဖြင့်ဆိုခြင်း၊ ၅-ထိုခဏ၌ သိခြင်း၊ အင်္ဂါ ၅-ပါး။

**စတုတ္ထ**။ ။၄၊ ယော ပန ဘိက္ခု၊ သည်။ သြတိဏ္ဏော၊ ၍။ ဝါ၊ ၍။ ဝိပရိဏတေန၊ သော။ စိတ္တေန၊ ဖြင့်။ မာတုဂါမဿ၊ ၏။ သန္တိကေ၊ အတ္တကာမပါရိစရိယာယ၊ မိမိ၏အကျိုးငှာ မေထုန် အကျင့်တည်းဟူသော ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏။ ဝါ၊ မိမိသည် အလိုရှိအပ်သော မေထုန်အကျင့်တည်းဟူသော ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသေယျ၊ ဆိုငြားအံ့။ "ဘဂိနိ၊ နှမ။ ယာ ဣတ္ထိ၊ အကြင်မိန်းမသည်။ သီလဝန္တံ၊ သီလ ရှိသော။ ကလျာဏဓမ္မံ၊ ကောင်းသော သဘောရှိသော။ ဗြဟ္မစာရိံ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော။ မာဒိသံ၊ ငါကဲ့သို့သောသူကို။ ဧတေန ဓမ္မေန၊ ထိုမေထုန် အကျင့်ဖြင့်။ ပရိစရေယျ၊ လုပ်ကျွေး ရာ၏။ တဿာဣတ္ထိယာ၊ ထိုမိန်းမ၏။ ယာ အယံ ပါရိစရိယာနာမ၊ အကြင်မေထုန်ဖြင့် လုပ်ကျွေးခြင်းမည်သည်။ အတ္ထိ၊ ၏။ ဧတံ-သော ပါရိစရိယာ၊ ထိုမေထုန်အကျင့်ဖြင့် လုပ်ကျွေးခြင်းသည်။ ပါရိစရိယာနံ၊ လုပ်ကျွေးခြင်းတကာတို့ထက်။ အဂ္ဂံ-အဂ္ဂါ၊ မြတ်၏။ ဝါ၊ ပါရိစရိယာနံ၊ တို့တွင်။ ဧတေန ဓမ္မေန၊ ဖြင့်။ ပရိစရေယျ၊ ၏။ တဿာ ဣတ္ထိယာ၊ ၏။ ဧတံ-သော ပါရိစရိယာ၊ သည်။

http://www.dhammadownload.com



အဂ္ဂံ–အဂ္ဂါ၊ ၏”။ ဣတိ၊ သို့။ မေထုနုပသံဟိတေန၊ မေထုန်နှင့် စပ်သော စကားဖြင့်။ ဘာသေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–လူမိန်းမ၊ ၂–လူမိန်းမ ဟူသော အမှတ်၊ ၃–အတ္တကာမ ပါရိစရိယ၌ တပ်ခြင်း ရာဂ၊ ၄–ထိုရာဂဖြင့် ချေးရှူးဆိုခြင်း၊ ၅–ထိုခဏ၌ သိခြင်း၊ အင်္ဂါ ၅–ပါး။

**ပဉ္စမ**။ ။၅၊ ယော ပန ဘိက္ခု၊ သည်။ သဉ္စရိတ္တံ၊ မိန်းမ ယောကျ်ား နှစ်ပါး၏ အကြား၌ သွားလာလေ့ရှိသော အောင်သွယ် တမန် သည်၏ အဖြစ်သို့။ သမာပဇ္ဇေယျ၊ အံ့။ ဣတ္ထိယာ ဝါ၊ မိန်းမအား မူလည်း။ ပုရိသမတိံ၊ ယောကျ်ား၏ အလိုကို။ ဇာယတ္တေန ဝါ၊ မယားဖြစ်စေလိုသော ကြောင့်လည်းကောင်း။ ပုရိသဿ ဝါ၊ ယောကျ်ားအား မူလည်း။ ဣတ္ထိမတိံ၊ မိန်းမ၏ အလိုကို။ ဇာရတ္တနေ ဝါ၊ လင်ဖြစ်စေလိုသော ကြောင့်လည်းကောင်း။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ တင်္ခဏိကာယပိ၊ ထိုခဏမျှ ပေါင်းဖော်အပ် သော မိန်းမအားလည်း။ အာရောစေယျ၊ ကြားငြားအံ့။ တဿ ဘိက္ခုနော။ပ။ ဟောတိ၊ ၏။ ဝါ၊ ဣတ္ထိယာ ဝါ၊ လည်း။ ပုရိသမတိံ၊ ကို။ ဇာယတ္တနေ ဝါ၊ အမြဲမယားဖြစ်စေလို၍လည်းကောင်း။ ဇာယတ္တ နေဝါ၊ အခိုက်အတန့် မယားဖြစ်စေလို၍လည်းကောင်း။ အာရောစေယျ၊ အံ့။ ပုရိသဿ ဝါ၊ လည်း။ ဣတ္ထိမတိံ၊ ကို။ ဇာယတ္တနေ ဝါ၊ အမြဲ လင်ဖြစ်စေလို၍လည်းကောင်း။ ဇာယတ္တနေ ဝါ၊ သယောက်လင်ဖြစ်စေ လို၍လည်းကောင်း။ အာရော စေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–အကြင်သူတို့၏ အကြား၌ သွား၏။ ထိုသူတို့၏ လူဇာတ်ဖြစ်ခြင်း၊ ၂–အောင်သွယ်တမန်သွားခြင်းဌာ ထိုက်ခြင်း၊ ၃–ဝန်ခံခြင်း၊ ၄–စုံစမ်းခြင်း၊ ၅–တစ်ဖန်ပြန်၍ ကြားခြင်း၊ အင်္ဂါ ၅–ပါး။

http://www.dhammadownload.com



**ဆင္ဃ**။ ။၆၊ သညာစိကာယ၊ ကိုယ်တိုင်တောင်းအပ်သော အဆောက်အအုံဖြင့်။ အဿာမိကံ၊ ဆောက်လုပ်သူ ဒါယကာ မရှိသော။ အတ္တုဒ္ဒေသံ၊ မိမိဟုဆိုအပ်သော ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော။ ကုဋိံ၊ ကုဋိကို။ ကာရယ မာနေန၊ ပြုစေလိုသော။ ဘိက္ခုနာ ပန၊ သည်ကား။ ပမာဏိကာ၊ အတိုင်းအရှည်နှင့်ယှဉ်သော ကုဋိကို။ ကာရေတဗ္ဗာ၊ ပြုစေအပ်၏။ တတြ–တဿာ ကုဋိယာ၊ ထိုကုဋိ၏။ ဣဒံ–ဤ ဆိုလတ္တံ့သည်ကား။ ပမာဏံ၊ အတိုင်းအရှည်တည်း။ ဒီဃသော၊ အလျားမှ။ သုဂတ ဝိဒတ္ထိယာ၊ မြတ်စွာဘုရား၏ လက်သန်းအထွာတော်ဖြင့်။ ဒွါဒသ ဝိဒတ္ထိယော၊ တစ်ဆယ့်နှစ်ထွာတို့ကို။ မိနေတဗ္ဗာ၊ အပစွန်းဖြင့် တာအပ်ကုန်၏။ တိရိယံ၊ အနံမှ။ သတ္တ၊ ခုနစ်ထွာတို့ကို။ အန္တရာ–အဗ္ဘန္တရိမေန၊ အတွင်းစွန်းဖြင့်။ မိနေတဗ္ဗာ၊ ကုန်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝတ္ထုဒေသနာယ၊ ကုဋိရာကို ကြားစေခြင်းငှာ။ အဘိနေတဗ္ဗာ၊ ပင့်ဆောင်အပ်ကုန်၏။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ အနာရမ္ဘံ၊ ပိုးရွ,ခြပုန်းစသော တစ်ဆယ့်ခြောက်ပါးသော ဘေးရန်မရှိသော။ သပရိက္ကမနံ၊ နွားနှစ်ခု က,သော လှည်းဖြင့် လှည့်လည်လောက်သော ဥပစာရှိသော။ ဝတ္ထု၊ ကုဋိရာကို။ ဒေသေတဗ္ဗံ၊ ကြားအပ်၏။ ဘိက္ခု၊ သည်။ သာရမ္ဘေ၊ ပိုးရွ,ခြပုန်း စသော တစ်ဆယ့်ခြောက်ပါးသော ဘေးရန်ရှိသော။ အပရိက္ကမနေ၊ နွားနှစ်ခု က,သော လှည်းဖြင့် လှည့်လည်လောက်သော ဥပစာမရှိသော။ ဝတ္ထုသ္မိံ၊ ကုဋိရာ၌။ သညာစိကာယာ၊ ဖြင့်။ ကုဋိံ၊ ကို။ စေ ကာရေယျ၊ အကယ်၍ ပြုစေငြား အံ့။ ဝတ္ထုဒေသနာယ၊ ငှာ။ ဘိက္ခူ ဝါ၊ တို့ကိုမူလည်း။ စေ အနဘိနေယျ၊ အကယ်၍

http://www.dhammadownload.com



မပင့်ဆောင်ကြောင်းအံ့။ ပမာဏံ ဝါ၊ အလျားနှစ်ဆယ့်ခုနစ်တောင် အနံ တစ်ဆယ့်ခုနစ်တောင်တစ်မိုက် ပမာဏကို မူလည်း။ အတိက္ကာမေယျ၊ အကယ်၍ လွန်စေသည်ဖြစ်အံ့။ပ။

**မှတ်ဖွယ်**။ ။မြတ်စွာဘုရား၏ တစ်ထွာသည် မဇ္ဈိမပုရိသတစ်တောင့်ထွာ ရှိ၏။ မဇ္ဈိမ ပုရိသ တစ်တောင်သည် ပကတိပုရိသ တစ်တောင့်ထွာရှိ၏။

**အင်္ဂါ**။ ။၁-ဥလ္လိတ္တ, အဝလိတ္တ,ဥလ္လိတ္တာဝလိတ္တ ကုဋိသုံးပါးတွင် တစ်ပါးပါး အဖြစ်၊ ၂-ညောင်စောင်း လှည့်လည်လောက်သော ဟေဋ္ဌိမ ပမာဏ၏ ဖြစ်သင့်ခြင်း၊ ၃-အဒေသိတ ဝတ္ထုကအဖြစ်၊ ၄- ပမာဏာတိက္ကန္တအဖြစ်၊ ၅-အတ္တုဒ္ဒေသိကအဖြစ်၊ ၆-ဝါသာဂါရအဖြစ်၊ ၆-လေပဃဋနအဖြစ်၊ အင်္ဂါ ၆-ပါး၊ ၇-ပါး။

**သတ္တမ**။ ။၇၊ သဿာမိကံ၊ ဆောက်လုပ်သူ ဒါယကာရှိသော။ အတ္တုဒ္ဒေသံ၊ သော။ မဟလ္လကံ၊ ကြီးစွာသော။ ဝိဟာရံ၊ ကျောင်းကို။ ကာရယမာနေန၊ သော။ ဘိက္ခုနာပန၊ သည်ကား။ ဝတ္ထုဒေသနာယ၊ ကျောင်းရာကို ကြားစေခြင်းငှာ။ ဘိက္ခူ၊ တို့ကို။ အဘိနေတဗ္ဗာ၊ ကုန်၏။ တေဟိ ဘိက္ခူဟိ၊ တို့သည်။ အနာရမ္ဘံ၊ သော။ သပရိက္ကမနံ၊ သော။ ဝတ္ထု၊ ကျောင်းရာကို။ ဒေသေတဗ္ဗံ၊ ၏။ ဘိက္ခု၊ သည်။ သာရမ္ဘေ၊ သော။ အပရိက္ကမနေ၊ သော။ ဝတ္ထုသ္မိံ၊ ၌။ မဟလ္လကံ၊ သော။ ဝိဟာရံ၊ ကို။ စေ ကာရေယျ၊ အံ့။ ဝတ္ထုဒေသနာယ၊ကျောင်းရာကို ကြားစေခြင်းငှာ။ ဘိက္ခူ ဝါ၊ တို့ကိုမူလည်း။ စေ အနဘိနေယျ၊ အံ့။ ။ပ။

**အင်္ဂါ**။ ။ပမာဏ မရှိခြင်းသာ ရှေးသိက္ခာပုဒ် အင်္ဂါမှ ထူး၏။

**အဋ္ဌမ**။ ။၈၊ ယော ပန ဘိက္ခု၊ သည်။ ဒုဋ္ဌော၊ ဒေါသသည် ဖျက်ဆီးအပ်သည်ဖြစ်၍။ ဒေါသော၊ သူတစ်ပါးကို/ဖျက်ဆီးတတ်သည်

http://www.dhammadownload.com



ဖြစ်၍။ အပ္ပတီတော၊ ပီတိသုကတို့သည် မကပ်အပ်သည်ဖြစ်၍။ ဘိက္ခုံ၊ တစ်ပါးသောရဟန်းကို။ အမူလကေန၊ မြင်ခြင်း, ကြားခြင်း, ရွံ့ရှာခြင်း အရင်းမရှိသော။ ပါရာဇိကေန ဓမ္မေန၊ ပါရာဇိကအာပတ်ဖြင့်။ အနုဒ္ဓံသေယျ၊ စွပ်စွဲနှိပ်စက်ဖျက်ဆီးငြားအံ့။ နံ ဘိက္ခုံ၊ ထိုရဟန်းကို။ ဣမမှာ ဗြဟ္မစရိယာ၊ ဤမြတ်သောအကျင့်မှ။ အပ္ပေဝနာမစာဝေယျံ၊ ရွေ့လျောစေနိုင်ငြားအံ့လည်း မသိ။ ဣတိ ဣမိနာ အဓိပ္ပာယေန၊ ဤသို့သော အလိုဖြင့်။ အနုဒ္ဓံသေယျ၊ အံ့။ တတော၊ ထိုစွပ်စွဲနှိပ်စက်ဖျက်ဆီးပြီးသည်မှ၊ အပရေန၊ တစ်ပါးသော။ သမယေန၊ အခါ၌။ သမနုဂ္ဂါဟီယမာနောဝါ၊ သူတစ်ပါးတို့ မေးစိစစ် အပ်သော်လည်းကောင်း။ အသမနုဂ္ဂါ ဟီယမာနော ဝါ၊ သူတစ်ပါးတို့ မမေးစိစစ် အပ်သော်လည်းကောင်း။ တံ အဓိကရဏံ၊ ထိုအာပတ္တာဓိကရဏ်းသည်။ အမူလကဉ္စေဝ၊ မြင်ခြင်း, ကြားခြင်း, ရွံ့ရှာခြင်း အရင်းမရှိသည်လည်း။ ဟောတိ၊ ၏။ ဘိက္ခုစ၊ စွပ်စွဲ နှိပ်စက် ဖျက်ဆီးသောရဟန်းသည်လည်း။ ဒေါသံ၊ မိမိ စွပ်စွဲ နှိပ်စက် ဖျက်ဆီးသောအပြစ်ကို။ ပတိဋ္ဌာတိ၊ ဝန်ခံ၍ တည်၏။ပ။

**အင်္ဂါ**။ ။၁–အကြင်သူအား စောဒနာ၏၊ ထိုသူ၏ ပဥ္စင်းဟူသော ရေတွက်ခြင်းသို့ ရောက်ခြင်း၊ ၂–ထိုသူ၌ စင်၏ဟု အမှတ်ရှိခြင်း၊ ၃–အကြင် ပါရာဇိကဖြင့် စောဒနာ၏၊ ထိုပါရာဇိက၏ အမူလကဖြစ်ခြင်း၊ ၄–သာသနာတော်မှ ရွေ့လျောစေလိုသဖြင့် မျက်မှောက်၌ စောဒနာ ခြင်း၊ ၅–ထိုခဏ၌သိခြင်း၊ အင်္ဂါ ၅–ပါး။

**နဝမ**။ ။၉၊ ယော ပန ဘိက္ခု၊ သည်။ ဒုဋ္ဌော၊ ၍။ ဒေါသော၊ ၍။ အပ္ပတီတော၊ ၍။ ဘိက္ခုံ၊ ကို။ အညဘာဂိယဿ၊ တစ်ပါးသော အဖို့ရှိသော။ အဓိကရဏဿ၊ တည်ရာ၏။ ကိဉ္စိဒေသံ၊ တစ်စုံတစ်ခု

http://www.dhammadownload.com



ကို ရည်၍ ညွှန်းအပ်သော။ လေသမတ္တံ၊ အမြွက်မျှကို။ ဥပါဒါယ၊ စွဲ၍။ ပါရာဇိကေန ဓမ္မေန၊ ဖြင့်။ အနုဒ္ဓံသေယျ၊ အံ့။ နံ ဘိက္ခုံ၊ ကို။ ဣမမှာ ဗြဟ္မစရိယာ၊ မှ။ အပ္ပေဝနာမ စာဝေယျံ၊ မသိ။ ဣတိ ဣမိနာ အဓိပ္ပာယေန၊ ဖြင့်။ အနုဒ္ဓံသေယျ၊ အံ့။ တတော၊ မှ။ အပရေန၊ သော။ သမယေန၊ ၌။ သမနုဂ္ဂါဟီယမာနော ဝါ၊ သော်လည်းကောင်း။ အသမနုဂ္ဂါဟီယမာနော ဝါ၊ သော်လည်းကောင်း။ တံ အဓိကရဏံ၊ ထိုတည်ရာသည်။ အညဘာဂိယဉ္စေဝ၊ တစ်ပါးသော အဖို့ရှိသည်လည်း။ ဟောတိ၊ ၏။ ကောစိဒေသော၊ တစ်စုံတစ်ခုကို ရည်၍ ညွှန်းအပ်သော။ လေသမတ္တော၊ အမြွက်မျှသည်။ ဥပါဒိန္နော၊ ယူအပ်သည်။ ဟောတိ၊ ၏။ ဘိက္ခုစ၊ စွပ်စွဲနှိပ်စက်ဖျက်ဆီးသော ရဟန်းသည်လည်း။ ဒေါသံ၊ ကို။ ပတိဋ္ဌာတိ၊ ၏။ ပ။

**အမှာ**။ ။အင်္ဂါတို့၌ လေသမတ္တ အင်္ဂါသည် ရှေ့သိက္ခာပုဒ်ထက် လွန်၏။

**ဒသမ**။ ။ ၁၀၊ ယော ပန ဘိက္ခု၊ သည်။ သမဂ္ဂဿ၊ ကိုယ်စိတ်နှင့်တကွဖြစ်သော။ ဝါ၊ အညီအညွတ်ဖြစ်သော။ သံဃဿ၊ ၏။ ဘေဒါယ၊ ကွဲပြားခြင်းငှာ။ ပရက္ကမေယျ၊ လုံ့လပြုငြားအံ့။ ဘေဒနသံဝတ္တနိကံ၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော။ အဓိကရဏံ ဝါ၊ အကြောင်းကိုမူလည်း။ သမာဒါယ၊ ကောင်းစွာ ဆောက်တည်၍။ ပဂ္ဂယှ၊ ချီးမြှောက်၍။ တိဋ္ဌေယျ၊ အံ့။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဘိက္ခူဟိ၊ မြင်ကုန်, ကြားကုန်သော ရဟန်းတို့သည်။ ဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။

**ရဟန်းကောင်းတို့က ပြောပုံ**။ ။"အာယသ္မာ၊ အရှင်သည်။ သမဂ္ဂဿ၊ အညီအညွတ်ဖြစ်သော။ သံဃဿ၊ သံဃာ၏။ ဘေဒါယ၊

http://www.dhammadownload.com



ဌာ။ မာ ပရက္ကမိ၊ လုံ့လမပြုလင့်။ ဘေဒနသံဝတ္တနိကံ၊ သော။ အဓိကရဏံ ဝါ၊ ကိုမူလည်း။ သမာဒါယ၊ ၍။ ပဂ္ဂယှ၊ ၍။ မာ အဋ္ဌာသိ၊ မတည်လင့်။ အာယသ္မာ၊ သည်။ သံဃေန၊ သံဃာနှင့်။ သဒ္ဓိံ၊ တကွ။ သမေတု။ အယူသီလ တူမျှသောအဖြစ်သို့ ရောက်စေ လော့။ ဟိ-သစ္စံ၊ မှန်၏။ ဝါ၊ ဟိယသ္မာ၊ အကြင်ကြောင့်။ သမဂ္ဂေါ၊ ကိုယ်,စိတ်နှင့် တကွဖြစ်သော။ ဝါ၊ အညီအညွတ်ဖြစ်သော။ သံဃော၊ သည်။ သမ္မောဒ မာနော၊ သီလစသည် ပြည့်စုံခြင်းဖြင့် ဝမ်းမြောက်သည် ဖြစ်၍။ အဝိဝဒမာနော၊ ဓမ္မ, အဓမ္မ စသည်ဖြင့် ငြင်းခုံခြင်း မရှိ သည်ဖြစ်၍။ ဧကုဒ္ဒေသော၊ တူသောပါတိမောက် ပြခြင်းရှိသည် ဖြစ်၍။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ တသ္မာ၊ ကြောင့်။ သမေတု၊ လော့။

ဣတိ၊ သို့။ ဝစနီယော၊ သည်။ အဿ၊ ၏။ ဧဝဥ္စ၊ ဤသို့လျှင်။ သော ဘိက္ခု၊ သည်။ ဘိက္ခူဟိ၊ မြင်ကုန်,ကြားကုန် သော ရဟန်းတို့သည်။ ဝုစ္စမာနော၊ ဆိုဆုံးမအပ်သည်ရှိသော်။ တထေဝ၊ ထိုရှေးအတူသာလျှင်။ ပဂ္ဂဏှေယျ၊ ချီးမြှောက်ငြားအံ့။ သော ဘိက္ခု၊ ကို။ ဘိက္ခူဟိ၊ တို့သည်။ တဿ၊ ထိုအယူကို။ ပဋိနိဿဂ္ဂါယ၊ စွန့်စေခြင်းဌာ။ ယာဝတတိယံ၊ သုံးကြိမ်မြောက်အောင်။ သမနု ဘာသိတဗ္ဗော၊ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်၏။ ယာဝ တတိယံ၊ အောင်။ သမနုဘာသိယမာနော၊ ဉတ်, ကမ္မဝါစာဖြင့် ဆိုဆုံးမအပ်သည်ရှိသော်။ တံ၊ ထိုအယူကို။ စေ ပဋိနိဿဇ္ဇေယျ၊ အကယ်၍ စွန့်ငြားအံ့။ ဣစ္စေတံ-ဣတိဧတံ၊ ဤသို့အယူကို စွန့်ခြင်း သည်။ ကုသလံ-သုန္ဒရံ၊ ကောင်း၏။ ကုသလံ-အနဝဇ္ဇံ၊ အပြစ်မရှိ။ နော စေ ပဋိသဇ္ဇေယျ၊ အကယ်၍ အယူကို မစွန့်ငြားအံ့။ပ။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁–ကွဲ,စိမ့်သောလုံ့လပြုခြင်း၊ ၂–ဓမ္မကံဖြင့် ဆုံးမခြင်း၊ ၃–ကမ္မဝါစာပြီးဆုံးခြင်း၊ ၄–မစွန့်ခြင်း၊ အင်္ဂါ ၄–ပါး။

**ဧကာဒသမ**။ ။၁၁၊ တသ္မေ၀ ခေါ ပန ဘိက္ခုဿ၊ ထိုသံဃာကွဲပြားအောင် လုံ့လပြုသော ရဟန်း၏သာလျှင်။ အနုဝတ္တကာ၊ အယူကို ယူသဖြင့် အတုလိုက်ကြကုန်သော။ ဝဂ္ဂဝါဒကာ၊ မညီညွတ်သော အဖို့ဖြစ်သော စကားကို ဆိုတတ်ကုန်သော။ ဧကော ဝါ၊ တစ်ယောက်လည်းဖြစ်သော။ ဒွေ ဝါ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ တယော ဝါ၊ သုံးယောက်လည်းဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ဘိက္ခူ၊ ထို အနု ဝတ္တက ရဟန်းတို့သည်။ ဧဝံ၊ သို့။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။

**သောဒါနုဝတ္တကတို့က ပြောပုံ**။ ။"အာယသ္မန္တော၊ အရှင်တို့။ တုမှေ၊ အရှင်တို့သည်။ ဧတံ ဘိက္ခုံ၊ ထိုရဟန်းကို။ ကိဉ္စိ၊ တစ်စုံတစ်ခုကိုမျှ။ မာ–အဝစုတ္ထ၊ မဆိုကြကုန်လင့်။ ဧသော ဘိက္ခု၊ ဤရဟန်းသည်။ ဓမ္မဝါဒီစ၊ တရားကိုလည်း ဆိုလေ့ရှိ၏။ ဧသော ဘိက္ခု၊ သည်။ ဝိနယဝါဒီ စ၊ ဝိနည်းကိုလည်း ဆိုလေ့ရှိ၏။ ဧသော ဘိက္ခု၊ သည်။ အမှာကဉ္စ၊ ငါတို့၏လည်း။ ဆန္ဒဉ္စ၊ အလိုကိုလည်းကောင်း။ ရုစိဉ္စ၊ နှစ်သက်ခြင်းကိုလည်းကောင်း။ အာဒါယ၊ ယူ၍။ ဝေါဟရတိ၊ ဆို၏။ နော၊ ငါတို့၏။ ဆန္ဒဉ္စ၊ ကိုလည်းကောင်း။ ရုစိဉ္စ၊ ကိုလည်းကောင်း။ ဇာနာတိ၊ သိ၏။ နော၊ ငါတို့အား။ ဘာသတိ၊ ဤသို့ပြုအံ့ဟုဆို၏။ ဧတံ၊ ထိုရဟန်း၏ အယူကို။ အမှာကမ္ပိ၊ ငါတို့သည်လည်း။ ခမတိ၊ နှစ်သက်အပ်၏။"

ဣတိ၊ သို့။ ဝဒေယျုံ၊ ကုန်ရာ၏။ တေဘိက္ခူ၊ ထို အနုဝတ္တက

http://www.dhammadownload.com



ရဟန်းတို့ကို။ ဘိက္ခုူဟိ၊ မြင်ကုန်, ကြားကုန်သော ရဟန်းတို့သည်။ ဧဝံ၊ သို့။ ဝစနီယာ၊ ဆိုအပ်ကုန်သည်။ အဿု၊ ဖြစ်ကုန်၏။

**ရဟန်းကောင်းတို့က ပြောပုံ။** ။"အာယသ္မန္တော၊ တို့။ တုမှေ၊ တို့သည်။ ဧဝံ၊ သို့။ မာ–အဝစုတ္ထ၊ လင့်။ သောဘိက္ခု၊ သည်။ နစ ဓမ္မဝါဒီ၊ တရားကိုလည်း ဆိုလေ့မရှိ။ သော ဘိက္ခု၊ သည်။ န စ ဝိနယဝါဒီ၊ ဝိနည်းကိုလည်း ဆိုလေ့မရှိ။ အာယသ္မန္တာ နမ္ပိ၊ အရှင်တို့အားလည်း။ သံဃဘေဒေါ၊ သံဃာ၏ ကွဲပြားခြင်းကို။ မာ ရုစိတ္ထ၊ မနှစ်သက်အပ်။ အာယသ္မန္တာနံ၊ အရှင်တို့၏။ စိတ္တံ၊ စိတ်သည်။ သံဃေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ သမေတု၊ တူမျှသော အဖြစ်သို့ ရောက်စေလော့။ ဟိ–သစ္စံ၊ ၏။ ဝါ၊ ဟိ–ယသ္မာ၊ ကြောင့်။ သမဂ္ဂေါ၊ သော။ သံဃော၊ သည်။ သမ္မောဒမာနော၊ ၍။ ဖာသု၊ စွာ။ ဝိဟရတိ၊ ၏။ တသ္မာ၊ ကြောင့်။ သမေတု၊ လော့။"

ဣတိ၊ ဤသို့။ ဝစနီယာ၊ ကုန်သည်။ အဿု၊ ကုန်၏။ ဧဝဉ္စ၊ လျှင်။ ဘိက္ခုူဟိ၊ တို့သည်။ ဝုစ္စမာနော၊ ဆိုအပ်ကုန်သော။ တေဘိက္ခု၊ တို့သည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျုံ၊ အံ့။ တေဘိက္ခု၊ တို့ကို။ ဘိက္ခုူဟိ၊ တို့သည်။ တဿ၊ ထိုအယူကို။ ပဋိနိဿဂ္ဂါယ၊ ငှာ။ ယာဝ တတိယံ၊ အောင်။ သမနုဘာသိတဗ္ဗာ၊ ကုန်၏။ ယာဝ တတိယံ၊ အောင်။ သမနုဘာသိယမာနာ၊ ကုန်သော။ တေ ဘိက္ခု၊ တို့သည်။ တံ၊ ထိုအယူကို။ စေ ပဋိနိဿဇ္ဇေယျုံ၊ အံ့။ ဣစ္စေတံ–ဣတိဧတံ၊ သည်။ ကုသလံသုန္ဒရံ၊ ကောင်း၏။ ကုသလံ–အနဝဇ္ဇံ၊ အပြစ်မရှိ။ နောစေ ပဋိနိဿဇ္ဇေယျုံ၊ အံ့။ တေသံ ဘိက္ခုနံ၊ ထိုအနုဝတ္တက ရဟန်းတို့အား။ ။ပ။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁–အတုလိုက်ခြင်း၊ ၂–ဆုံးမခြင်း၊ ၃–ကမ္မဝါစာဆုံးခြင်း၊ ၄–မစွန့်ခြင်း၊ အင်္ဂါ ၄–ပါး။

**ဒွါဒသမ**။ ။၁၂၊ ဘိက္ခုပနေဝ၊ ရဟန်းသည်သာလျှင်။ ဒုဗ္ဗစဇာတိကော၊ ဆိုနိုင်ခက်သော သဘောရှိသည်။ ဟောတိ၊ ၏။ ဥဒ္ဒေသပရိယာပန္နေသု၊ ပါတိမောက်၌ အကျုံးဝင်ကုန်သော။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့၌။ ဘိက္ခူဟိ၊ တို့သည်။ သဟဓမ္မိကံ–သဟဓမ္မိကေန၊ သိက္ခာပုဒ်ဖြင့်။ ဝုစ္စမာနော၊ ဆိုဆုံးမအပ်သည်ရှိသော်။ အတ္တာနံ၊ မိမိကိုယ်ကို။ အဝစနီယံ၊ မဆိုအပ်သည်ကို။ ကရောတိ၊ ပြု၏။

**ဒုဗ္ဗစ ရဟန်းက ပြောပုံ**။ ။"အာယသ္မန္တော၊ တို့။ တုမှေ၊ တို့သည်။ မံ၊ ငါ့ကို။ ကလျာဏံ ဝါ၊ ကောင်းသည်ကိုလည်းကောင်း။ ပါပကံဝါ၊ မကောင်းသည်ကိုလည်းကောင်း။ ကိဉ္စိ၊ တစ်စုံတစ်ခုမျှ။ မာ အဝစုတ္ထ၊ မဆိုကြကုန်လင့်။ အဟမ္ပိ ငါသည်လည်း။ အာယသ္မန္တေ၊ အရှင်တို့ကို။ ကလျာဏံ ဝါ၊ ကိုလည်းကောင်း။ ပါပကံ ဝါ၊ ကိုလည်းကောင်း။ ကိဉ္စိ၊ မျှ။ နဝက္ခာမိ၊ မဆိုအံ့။ အာယသ္မန္တော၊ တို့၊ တုမှေ၊ တို့သည်။ မမ၊ ငါ့အား။ ဝစနာယ၊ ဆိုခြင်းမှ။ ဝိရမထ၊ ကြဉ်ကြကုန်လော့။

ဣတိ၊ သို့။ အတ္တာနံ၊ ကို။ အဝစနီယံ၊ ကို။ ကရောတိ၊ ၏။ သောဘိက္ခု၊ ထိုဒုဗ္ဗစရဟန်းကို။ ဘိက္ခူဟိ၊ တို့သည်။ ဧဝံ၊ ဤသို့။ ဝစနီယော၊ သည်။ အဿ၊ ၏။

**ရဟန်းကောင်းတို့က ပြောပုံ**။ ။"အာယသ္မာ၊ သည်။ အတ္တာနံ၊ ကို။ အဝစနီယံ၊ ကို။ မာအကာသိ၊ မပြုလင့်။ အာယသ္မာ၊ သည်။ အတ္တာနံ၊ ကို။ ဝစနီယမေဝ၊ ဆိုအပ်သည်ကိုသာလျှင်။ ကရောတု၊ ပြုလော့။ အာယသ္မာပိ၊ သည်လည်း။ ဘိက္ခူ၊ တို့ကို။ သဟဓမ္မေန၊ သိက္ခာပုဒ်ဖြင့်။ ဝဒတု၊ ဆိုလော့။ ဘိက္ခူပိ၊ တို့သည်လည်း။

http://www.dhammadownload.com



အာယသ္မန္တံ၊ ကို။ သဟာဓမ္မေန၊ ဖြင့်။ ဝက္ကန္တိ၊ ဆိုကုန်လတ္တံ့။ စေ၊ သို့။ ယဒိဒံ–ယေန အညမညဝစနေန၊ အကြင်အချင်းချင်း ဆိုဆုံးမခြင်းဖြင့်။ ဝါ၊ ဆုံးမခြင်းကြောင့်။ ယဒိဒံ ယေန အညမည ဝုဋ္ဌာပနေန၊ အကြင်အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့်။ ဝါ၊ ထစေခြင်းကြောင့်။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ပရိသာ၊ ပရိသတ်သည်။ သံဝဍ္ဎာဟိ–သံဝဍ္ဎာဝေ၊ သီလ စသည်ဖြင့် ပွားသည်သာလျှင်။ ဟောတိ၊ ၏။"

ဣတိ၊ သို့။ ဝစနီယော၊ သည်။ အဿ၊ ၏။ စေဒ္ဓ၊ လျှင်။ ဘိက္ခုဟိ၊ တို့သည်။ ဝုစ္စမာနော၊ သော။ သော ဘိက္ခု၊ ထို ဒုဗ္ဗစရဟန်းသည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျ၊ အံ့။ သောဘိက္ခု၊ ထိုဒုဗ္ဗစရဟန်းကို။ ဘိက္ခူဟိ၊ တို့သည်။ တဿ၊ ထိုအယူကို။ ပဋိနိဿဂ္ဂါယ၊ ငှာ။ ယာဝတတိယံ၊ အောင်။ သမနုဘာသိတဗ္ဗော၊ ၏။ ယာဝတတိယံ၊ အောင်။ သမနု ဘာသိယမာနော၊ သော်။ တံ၊ ထိုအယူကို။ စေ ပဋိနိဿဇ္ဇေယျ၊ အံ့။ ဣစ္စေတံ–ဣတိဧတံ၊ သည်။ ကုသလံ– သုန္ဒရံ၊ ၏။ ကုသလံ–အနဝဇ္ဇံ၊ မရှိ။ နောစေ ပဋိနိဿဇ္ဇေယျ၊ အံ့။ ။ပ။

**အင်္ဂါ**။ ။၁–မဆိုအပ်သည်ကိုပြုခြင်း၊ ၂–ဆုံးမခြင်း၊၃–ကမ္မဝါစာဆုံးခြင်း၊ ၄–မစွန့်ခြင်း၊ အင်္ဂါ ၄–ပါး။

**တေရသမ**။ ။၁၃၊ ဘိက္ခုပနေဝ၊ ရဟန်းသည်သာလျှင်။ အညတရံ၊ တစ်ပါးပါးသော။ ဂါမံ ဝါ၊ ရွာကိုလည်းကောင်း။ နိဂမံ ဝါ၊ နိဂုံးကိုလည်းကောင်း။ ဥပနိဿယ၊ အမှီပြု၍။ ကုလဒူသကော၊ ပန်းပေးခြင်း စသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီး

http://www.dhammadownload.com



သည်ဖြစ်၍။ ပါပသမာစာရော၊ ပန်းပင်ငယ်စိုက်ပျိုးခြင်း စသော ယုတ်မာသော အကျင့်ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ တဿ ခေါ၊ ထိုရဟန်း၏သာလျှင်။ ပါပကာ၊ ယုတ်မာကုန်သော။ သမာစာရာ၊ ပန်းပင်ငယ် စိုက်ပျိုးခြင်း စသော အကျင့်တို့ကို။ ဒိဿန္တိ စေဝ၊ မြင်လည်း မြင်အပ်ကုန်၏။ သုယျန္တိ စ၊ ကြားလည်း ကြားအပ်ကုန်၏။ တေန၊ ထိုရဟန်းသည်။ ဒုဋ္ဌာနိ၊ ဖျက်ဆီးအပ်ကုန်သော။ ကုလာနိ စ၊ အမျိုးတို့ကိုလည်း။ ဒိဿန္တိ စေဝ၊ ကုန်၏။ သုယျန္တိ စ၊ ကုန်၏။ သောဘိက္ခု၊ ထိုကုလဒူသကရဟန်းကို။ ဘိက္ခူဟိ၊ မြင်ကုန် ကြားကုန်သော ရဟန်းတို့သည်။ ဧဝံ၊ ဤသို့။ ဝစနီယော၊ သည်။ အဿ၊ ၏။

**ရဟန်းကောင်းတို့က ပြောပုံ**။ ။"အာယသ္မာ၊ သည်။ ခေါ၊ စင်စစ်။ ကုလဒူသကော၊ ပန်းပေးခြင်း စသည်ဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်၏။ ပါပ သမာစာရော၊ ပန်းပင်ငယ် စိုက်ပျိုးခြင်းစသော ယုတ်မာသော အကျင့်ရှိ၏။ အာယသ္မတော၊ အရှင်၏။ ပါပကာ၊ ကုန်သော။ သမာစာရာ၊ တို့ကို။ ခေါ၊ စင်စစ်။ ဒိဿန္တိ စေဝ၊ ကုန်၏။ သုယျန္တိ စ၊ ကုန်၏။ အာယသ္မတာ၊ သည်။ ဒုဋ္ဌာနိ၊ ကုန်သော။ ကုလာနိ စ၊ တို့ကိုလည်း။ ဣမမှာ အာဝါသာ၊ ဤကျောင်းမှ။ ပက္ကမတု၊ ဖဲလေလော့။ တေ၊ သင့်အား။ ဣဓ၊ ဤကျောင်း၌။ ဝါသေန၊ နေသဖြင့်။ အလံ၊ မသင့်။"

ဣတိ၊ ဤသို့။ ဝစနီယော၊ သည်။ အဿ၊ ၏။ ဧဝဉ္စ၊ လျှင်။ ဘိက္ခူဟိ၊ တို့သည်။ ဝုစ္စမာနော၊ သော။ သောဘိက္ခု၊ ထိုကုလဒူသကရဟန်းသည်။ တေဘိက္ခူ၊ ထိုပဗ္ဗာဇနီယကံ ပြုသော ရဟန်းတို့ကို။ ဧဝံ၊ ဤသို့။ ဝဒေယျ၊ ၏။

http://www.dhammadownload.com



**ကုလဒူသကရဟာန်းက ပြောပုံ**။ ။ဘိက္ခူ၊ တို့သည်။ ဆန္ဒဂါမိ နောစ၊ ချစ်သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။ ဘိက္ခူ၊ တို့သည်။ ဒေါသဂါမိနောစ၊ အမျက်ထွက်သဖြင့် မလား အပ်သည် သို့လည်း လားကုန်၏။ ဘိက္ခူ၊ တို့သည်။ ဘယဂါမိနောစ၊ ကြောက် သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။ တာဒိသိ ကာယ၊ ထိုသို့ သဘောရှိသော။ အာပတ္တိယာ၊ အာပတ်ဖြင့်။ ဝါ၊ ကြောင့်။ ကေစ္စိ၊ အချို့သောသူကို။ ပဗ္ဗာဇေန္တိ၊ နှင်ထုတ်ကုန်၏။ ကေစ္စိ၊ ကို။ န ပဗ္ဗာဇေန္တိ၊ မနှင်ထုတ်ကုန်။

ဣတိ၊ သို့။ ဝဒေယျုံ၊ ၏။ သောဘိက္ခု၊ ထိုဆန္ဒဂါမိနော စသည်ကို ဆိုသော ရဟာန်းကို။ ဘိက္ခူဟိ၊ တို့သည်။ ဧဝံ၊ သို့။ ဝစနီယော၊ သည်။ အဿ၊ ၏။

**ရဟာန်းကောင်းတို့က ပြန်ပြောပုံ**။ ။"အာယသ္မာ၊ သည်။ ဧဝံ၊ သို့။ မာ အဝစ၊ မဆိုလင့်။ ဘိက္ခူ၊ တို့သည်။ နစ ဆန္ဒ ဂါမိနော၊ ဆန္ဒာဂတိသို့လည်း မလိုက်ကုန်။ ဘိက္ခူ၊ တို့သည်။ န စ ဒေါသဂါမိနော၊ ဒေါသာဂတိသို့လည်း မလိုက်ကုန်။ ဘိက္ခူ၊ တို့သည်။ နစမောဟဂါမိနော၊ မောဟာဂတိသို့လည်း မလိုက်ကုန်။ ဘိက္ခူ၊ တို့သည်။ န စ ဘယဂါမိနော၊ ဘယာဂတိသို့လည်း မလိုက်ကုန်။ အာယသ္မာခေါ၊ သည်သာလျှင်။ ကုလဒူသကော၊ ၏။ ပါပသမာစာရော၊ ၏။ အာယသ္မတော၊ ၏။ ပါပကာ၊ ကုန်သော။ သမာစာရာ၊ တို့ကို။ ခေါ၊ စင်စစ်။ ဒိဿန္တိ စေဝ၊ ကုန်၏။ သုယျန္တိ စ၊ ကုန်၏။ အာယသ္မတာ၊ သည်။ ဒူဋ္ဌာနိ၊ ကုန်သော။ ကုလာနိ စ၊ တို့ကိုလည်း။ ဒိဿန္တိ စေဝ၊ ကုန်၏။ သုယျန္တိ စ၊ ကုန်၏။ အာယသ္မာ၊

http://www.dhammadownload.com



သည်။ ဣမမှာ အာဝါသာ၊ မှ။ ပက္ကမတု၊ လော့။ တေ၊ အား။ ဣဓ၊ ၌။ ဝါသေန၊ ဖြင့်။ အလံ၊ မသင့်။

ဣတိ၊ သို့။ ဝစနီယော၊ သည်။ အဿ၊ ၏။ ဝေဠူ၊ လျှင်။ ဘိက္ခူဟိ၊ တို့သည်။ ဝုစ္စမာနော၊ သော။ သော ဘိက္ခု၊ ထိုဆန္ဒဂါမိနော စသည်ကိုဆိုသော ရဟန်းသည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျ၊ အံ့။ သော ဘိက္ခု၊ ထိုဆန္ဒဂါမိနော စသည်ကိုဆိုသော ရဟန်းကို။ ဘိက္ခူဟိ၊တို့သည်။ တဿ၊ထိုဆန္ဒဂါမိစသောအယူကို။ ပဋိနိဿဂ္ဂါယ၊ ငှာ။ ယာဝတတိယံ၊ အောင်။ သမနုဘာသိတဗ္ဗော၊ ၏။ ယာဝတတိယံ၊ အောင်။ သမနုဘာသိယမာနော၊ သော်။ တံ၊ ထို ဆန္ဒဂါမိစသော အယူကို။ စေ ပဋိနိဿဇ္ဇေယျ၊ အံ့။ ဣစ္စေတံ- ဣတိ ဧတံ၊ သည်။ ကုသလံ- သုန္ဒရံ၊ ၏။ ကုသလံ-အနဝဇ္ဇံ၊ မရှိ။ နော စေ ပဋိနိဿဇ္ဇေယျ၊ အံ့။ ။ပ။

**ကုလဒူသန ၈-ပါး**

ပုပ္ဖဒံ ဖလဒံ စုဏ္ဏံ၊
မတ္တိကာ ဒန္တကဋ္ဌဒံ။
ဝေဠု ဝေဇ္ဇ ပေသနုတ္တိ၊
အာဂတာ ပဒဘာဇနေ။

**အနက်**။ ။ပုပ္ဖဒံ၊ ပန်းပေးခြင်း။ ဖလဒံ၊ သစ်သီးပေးခြင်း။ စုဏ္ဏံ၊ ကသယ်မှုန့် ပေးခြင်း။ မတ္တိကာ၊ မြေဖြူ၊ မြေနီ စသည်ပေးခြင်း။ ဒန္တကဋ္ဌဒံ၊ တံပူ ပေးခြင်း။ ဝေဠု၊ ဝါးပေးခြင်း။ ဝေဇ္ဇ၊ ဆေးကုခြင်း။ ပေသနံ၊ အစေ အပါးခံခြင်း။ ဣတိ ဣမေ၊ ဤကုလဒူသန ရှစ်ပါးတို့သည်။ ပဒဘာဇနေ၊ ပဒဘာဇနီ၌။ အာဂတာ၊ လာကုန်၏။

**အင်္ဂါ**။ ။၁-ဆန္ဒာဂတိ စသည်သို့ ရောက်စေခြင်း။ ၂-ဆုံးမခြင်း။ ၃-ကမ္မဝါစာ ပြီးဆုံးခြင်း။ ၄-မစွန့်ခြင်း။ အင်္ဂါ ၄-ပါး။

http://www.dhammadownload.com



**နိဂုံး**။ ။အာယသ္မန္တော၊ တို့။ ပဥ္စမာပတ္တိကာ၊ ရှေးဦးစွာ လွန်ကျူးဆဲခဏ၌ ရောက်ခြင်းရှိကုန်သော။ နဝ၊ ကိုးပါးကုန်သော သံဃာဒိသိသ်တို့လည်းကောင်း။ ယာဝတတိယကာ၊ သုံးကြိမ်မြောက်အောင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမသည်၏အဆုံး၌ ရောက်ခြင်းရှိကုန်သော။ စတ္တာရော၊ လေးပါးကုန်သော သံဃာဒိသိသ်တို့လည်းကောင်း။ ဣတိ၊ သို့။ တေရသ၊ တစ်ဆယ့်သုံးပါးကုန်သော။ သံဃာဒိသေသာ၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ ဥဒ္ဒိဋ္ဌာ ခေါ၊ တည်း။

**သံဃာဒိသိသ် ကုစားနည်း**။ ။ယော ဘိက္ခု၊ သည်။ ဧသံ၊ ထိုတစ်ဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်တို့တွင်။ ဝါ၊ ဘိက္ခု၊ သည်။ ယေသံ၊ အကြင်တစ်ဆယ့်သုံးပါးကုန်သော သံဃာဒိသိသ်တို့တွင်။ အညတရံ ဝါ အညတရံ ဝါ၊ တစ်ပါးတစ်ပါးသော သံဃာဒိသိသ်သို့လည်း။ အာပဇ္ဇိတွာ၊ ၍။ ဝါ၊ ကြောင့်။

၁ ယာဝတီဟံ၊ အကြင်မျှလောက်သော ရက်တို့ပတ်လုံး။ ဇာနံ–ဇာနန္တော၊ အာပတ်သင့်မှန်းသိလျက်။ ပဋိစ္ဆာဒေတိ၊ ဖုံးလွှမ်း၏။ တာဝတီဟံ၊ ထိုမျှလောက် ဖုံးလွှမ်းသော ရက်တို့ပတ်လုံး။ တေနဘိက္ခုနာ၊ ထိုရဟန်းသည်။ အကာမာ၊ အလိုမရှိဘဲ။ ပရိဝတ္ထဗ္ဗံ၊ ပရိဝါသ် နေအပ်၏။

၂ ပရိဝုတ္ထပရိဝါသေန၊ ပရိဝါသ် နေပြီးသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဥတ္တရိ၊ အလွန်။ ဘိက္ခုမာနတ္တာယ၊ ရဟန်းတို့၏ မြတ်နိုးသည်၏ အဖြစ်တည်းဟူသော အကျိုးငှာ။ ဆာရတ္တံ၊ ခြောက်ည၌ပတ်လုံး။ ပဋိပဇ္ဇိတဗ္ဗံ၊ မာနတ် ကျင့်အပ်၏။

၃ ဘိက္ခု–ဘိက္ခုနော၊ ရဟန်း၏။ စိဏ္ဏမာနတ္တော စိဏ္ဏ

http://www.dhammadownload.com



မာနတ္တတ္တာ၊ ခြောက်ရက် မာနတ် ကျင့်ပြီးသည်၏အဖြစ်ကြောင့်။ ယတ္ထ၊ အကြင်သိမ်၌။ ဝီသတိဂဏော၊ နှစ်ကျိပ်အရေအတွက်ရှိသော။ ဘိက္ခုသံဃော၊ သည်။ သိယာအတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုသိမ်၌။ သော ဘိက္ခု၊ ထိုရဟန်းကို။ ဘိက္ခုဟိ၊ တို့သည်။ အဗ္ဘေတဗ္ဗော၊ သွင်းအပ်၏, ခေါ်အပ်၏။

ဧကေနပိ၊ တစ်ပါးဖြင့်လည်း။ ဦနော၊ လျော့သော။ ဝီသတိဂဏော၊ သော။ ဘိက္ခု သံဃော၊ သည်။ တံဘိက္ခုံ၊ ကို။ စေအဗ္ဘေယျ၊ အကယ်၍ သွင်းငြားအံ့, ခေါ်ငြားအံ့။ သော စ ဘိက္ခု၊ ကိုလည်း။ အနဗ္ဘိတော၊ သွင်းအပ်, ခေါ်အပ်သည်မမည်။ တေ စ ဘိက္ခူ၊ ထိုသွင်းသော ခေါ်သော ရဟန်းတို့ကိုလည်း။ ဂါရယှာ၊ ကဲ့ရဲ့အပ်ကုန်၏။ ဝါ–တေစ ဘိက္ခူ၊ တို့သည်လည်း။ ဂါရယှာ၊ ဒုက္ကဋ် အာပတ်သင့်ကုန်၏။

အယံဝိဓိ၊ ဤ "ယေသံ ဘိက္ခူ" စသည်ဖြင့် ဆိုအပ်သော အစီအရင်သည်။ တတ္ထ၊ ထိုသံဃာဒိသိသ် အာပတ်သင့်ရာ၌။ သာမီစိ၊ ကျင့်ရာသောဝတ်တည်း။ ဝါ၊ လောကုတ္တရာ တရားအား လျော်သော အကျင့်တည်း။ ဝါ–အယံ၊ ဤ နှစ်ကျိပ် အရေအတွက် ရှိသော သံဃာသည် အဗ္ဘာန် သွင်းခြင်းသည်။ တတ္ထ၊ ထိုမာနတ် ကျင့်ပြီးသော ရဟန်း၌။ သာမီစိ၊ တည်း။

တတ္ထ၊ ထိုတစ်ဆယ့်သုံးပါးသော သံဃာဒိသိသ်အာပတ်၌။ အာယသ္မန္တေ၊ တို့ကို။ ပုစ္ဆာမိ၊ ၏။ ကိစ္စိ၊ နည်း။ ပရိသုဒ္ဓါ၊ ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ပ။ ဓာရယာမိ၊ ၏။

**မှတ်ဖွယ်**။ ။"စိဏ္ဏမာနတ္တော"၌ ဟေတွတ္ထပဌမာ၊ ဘိက္ခုဥ္ သမ္ဗန္ဓပဌမာ၊

http://www.dhammadownload.com



လေခကဥ္စကား "ယောဘိက္ခု"စိက္ခာမာနတ္တော၊ သောဘိက္ခု အဇ္ဈောတဗ္ဗော၊ ဝါ-ဘိက္ခု၊ သည်။ စိက္ခာမာနတ္တော၊ မာနတ်ကျင့် လတ်ပြီ။ ဤသို့ နှစ်နည်းသမွန်၏။ "စိက္ခာမာနတ္တာယဘိက္ခုနိယာ" ဟူသော ဘိက္ခုနီ ပါတိမောက် အလိုကား လက္ခဏတ္တ ပဌမာလည်း သင့်၏။

သံဃာဒိသေသဒွေသော တတိယော။

---

## အနိယတဒွေသ

**နိဒါန်း**။ ။အာယသ္မန္တော၊ တို့။ ဒွေနှစ်ပါးကုန်သော။ အနိယတာ၊ အနိယတ အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ တို့သည်။ ဥဒ္ဒေသံ၊ သို့။ အာဂစ္ဆန္တိ၊ ကုန်၏။

**ပဌမ အနိယတ**။ ။ဝါ၊ ဧကော၊ တစ်ယောက်တည်းသော။ ယော ပန ဘိက္ခု၊ သည်။ ဧကာယ၊ တစ်ယောက်တည်းသော။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ ကွ။ ဝါ-ယော ပနဘိက္ခု၊ သည်။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကော ဧကာယ၊ တစ်ယောက် ချင်းချင်း။ ရဟော၊ ဆိတ်ကွယ်သော။ ပဋိစ္ဆန္နေ၊ နံရံ စသည်ဖြင့် ဖုံးလွှမ်းသော။ အလံကမ္မနိယေ၊ မေထုန်အမှုကို ပြုခြင်းငှာ ခန့်သော။ အာသနေ၊ နေရာ၌။ နိသဇ္ဇံ၊ ထိုင်ခြင်းကို။ ကပ္ပေယျ၊ ပြုငြားအံ့။ တမေနံ၊ ထိုရဟန်းကို။ သဒ္ဓေယျဝစသာ၊ ယုံကြည်အပ်သော စကား ရှိသော။ ဥပါသိကာ၊ အရိယာဖြစ်သော ဒါယိကာမသည်။ ဒိသွာ၊ မြင်၍။ ပါရာဇိကေန ဝါ၊ ပါရာဇိကအာပတ်ဖြင့်လည်းကောင်း။ သံဃာဒိသေသေန ဝါ၊ သံဃာဒိသိသ်အာပတ်ဖြင့်လည်းကောင်း။ ပါစိတ္တိယေန ဝါ၊ ပါစိတ်အာပတ်ဖြင့်လည်းကောင်း။ တိဏ္ဏံ ဓမ္မာနံ၊

http://www.dhammadownload.com



သုံးပါးကုန်သော အာပတ်တို့တွင်။ အညတရေန၊ တစ်ပါးပါးသော အာပတ်ဖြင့်။ ဝဒေယျ၊ ဆိုရာ၏။ နိသဇ္ဇံ၊ ထိုင်ခြင်းကို။ ပဋိဇာနမာနော၊ ဝန်ခံသော။ ဘိက္ခု၊ ရဟန်းကို။ ပါရာဇိကေန ဝါ၊ ဖြင့်လည်းကောင်း။ သံဃာဒိသေသေန ဝါ၊ ဖြင့် လည်းကောင်း။ ပါစိတ္တိယေန ဝါ၊ ဖြင့် လည်းကောင်း။ တိဏ္ဏံ ဓမ္မာနံ၊ တို့တွင်။ အညတရေန၊ ဖြင့်။ ကာရေတဗ္ဗော၊ ပြုအပ်၏။ ယေန ဝါ ဓမ္မေန၊ အကြင် အာပတ်ဖြင့်လည်း။ သဒ္ဓေယျဝစသာ၊ သော။ သာဥပါသိကာ၊ ထိုအရိယာဖြစ်သော ဒါယိကာမသည်။ ဝဒေယျ၊ ၏။ တေန ဓမ္မေန၊ ထိုအာပတ်ဖြင့်။ သောဘိက္ခု၊ ထိုဝန်ခံသော ရဟန်းကို။ ကာရေတဗ္ဗော၊ ၏။ အယံ၊ ဤဆိုတိုင်း ဝန်ခံတိုင်း ပြုအပ်သော အာပတ်သည်။ အနိယတော၊ ဤ အာပတ်သာဟူ၍ မမှတ်အပ်သော။ ဝါ၊ အမြဲမရှိသော။ ဓမ္မော၊ အာပတ်တည်း။

**ဒုတိယ အနိယတ**။ ။၂၊ အာသနံ၊ နေရာသည်။ ပဋိစ္ဆန္နံ၊ နံရံစသည်ဖြင့် ဖုံးလွှမ်းအပ်သည်။ အလံကမ္မနိယံ၊ မေထုန်အမှုကို ပြုခြင်းငှာ ခန့်သည်။ နဟောဝ ခေါပန ဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ မာတုဂါမံ၊ ကို။ ဒုဋ္ဌုလ္လာဟိ၊ ရုန့်ရင်းကုန်သော။ ဝါစာဟိ၊ ဝစ္စမဂ် ပဿာဝမဂ်နှင့် စပ်သော စကားတို့ဖြင့်။ ဩဘာသိတုံ၊ ပြောဆိုခြင်းငှာ။ အလဉ္စ ခေါ၊ စွမ်းနိုင်သည်သာလျှင်။ ဟောတိ၊ ၏။ ယော ပန ဘိက္ခု၊ သည်။ တထာရူပေ၊ ထိုသို့သဘောရှိသော။ အာသနေ၊ နေရာ၌။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကော ဧကာယ၊ တစ်ယောက်ချင်းချင်း။ ရဟော၊ ဆိတ်ကွယ်ရာ၌။ နိသဇ္ဇံ၊ ကို။ ကပ္ပေယျ၊ အံ့။ တမေနံ၊ ကို။ သဒ္ဓေယျဝစသာ၊

http://www.dhammadownload.com



သော။ ဥပါသိကာ၊ သည်။ ဒိသွာ၊ ၍။ သံဃာဒိသေသေန ဝါ၊ ဖြင့် လည်းကောင်း။ ပါစိတ္တိယေန ဝါ၊ ဖြင့် လည်းကောင်း။ ဒွိန္နံမမ္မာနံ၊ နှစ်ပါးကုန်သော အာပတ်တို့တွင်။ အညတရေန၊ ဖြင့်။ ဝဒေယျ၊ ၏။ နိသဇ္ဇံ၊ ကို။ ပဋိဇာနမာနော၊ သော။ ဘိက္ခု၊ ကို။ သံဃာဒိသေသေန ဝါ၊ ဖြင့် လည်းကောင်း။ ပါစိတ္တိယေန ဝါ၊ ဖြင့် လည်းကောင်း။ ဒွိန္နံ မမ္မာနံ၊ တို့တွင်။ အညတရေန၊ ဖြင့်။ ကာရေတဗ္ဗော၊ ၏။ ယေန ဝါ ဓမ္မေန၊ ဖြင့် လည်း။ သဒ္ဓေယျဝစသာ၊ သော။ သာ ဥပါသိကာ၊ သည်။ ဝဒေယျ၊ ၏။ တေန ဓမ္မေန၊ ဖြင့်။ သောဘိက္ခု၊ ကို။ ကာရေတဗ္ဗော၊ ၏။ အယမ္ပိ၊ ဤဆိုတိုင်း ဝန်ခံတိုင်း ပြုအပ်သော အာပတ်သည်လည်း။ အနိယတော၊ သော။ ဓမ္မော၊ တည်း။

**နိဂုံး**။ ။အာယသ္မန္တော၊ တို့။ ဒွေ၊ နှစ်ပါးကုန်သော။ အနိယတာ၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ ဥဒ္ဒိဋ္ဌာခေါ၊ တည်း။ တတ္ထ၊ ထိုအနိယတ အာပတ်၌။ အာယသ္မန္တေ၊ တို့ကို။ ပုစ္ဆာမိ၊ ၏။ ကစ္စိ၊ နည်း။ ပရိသုဒ္ဓါ၊ ကုန်သည်။ အတ္ထ၊ လော။ပ။ ဓာရယာမိ၊ ၏။

အနိယတုဒ္ဒေသော စတုတ္ထော။

http://www.dhammadownload.com



## ဝိတ္ထာရုဒ္ဒေသ
## နိဿဂ္ဂိယ ပါစိတ်
## ၁–ကထိန ဝဂ် *

**နိဒါန်း**။ ။အာယသ္မန္တော၊ တို့။ တိံသ၊ သုံးဆယ်ကုန်သော။ နိဿဂ္ဂိယာ၊ စွန့်အပ်သော သက်န်း စသော ဝတ္ထုရှိကုန်သော။ ဝါ၊ စွန့်ခြင်း ဝိနည်းကံရှိကုန်သော။ ပါစိတ္တိယာ၊ ပါစိတ်အမည်ရှိကုန်သော။ က္ခမေ ခေါ ပန ဓမ္မာ၊ တို့သည်။ ဥဒ္ဒေသံ၊ သို့။ အာဂစ္ဆန္တိ၊ ကုန်၏။

**ပဌမ**။ ။၁၊ ဘိက္ခုနာ၊ ရဟန်းသည်။ နိဋ္ဌိတ စီဝရသ္မိံ၊ သက်န်း၌ ပြုအပ်သော ပလိဗောဓ ပြီးသည်ရှိသော်။ ကထိနေ၊ ခင်းအပ်သော ကထိန်ကို။ ဥဗ္ဘတသ္မိံ၊ မာတိကာ ရှစ်ပါးအကြား၌ နုတ်ခြင်းဖြင့် နုတ်အပ်ပြီးသည်ရှိသော်။ ဒသာဟ ပရမံ၊ ဆယ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး။ အတိရေက စီဝရံ၊ အဓိဋ္ဌာန် ဝိကပ္ပနာ ပြုသော သက်န်းမှ လွန်သော သက်န်းကို။ ဓာရေတဗ္ဗံ၊ ဆောင်အပ်၏။ တံ၊ ထိုဆယ်ရက်အပိုင်းအခြားရှိသောကာလကို။ အတိက္ကာမယတော။ လွန်စေသော ရဟန်းအား။ နိဿဂ္ဂိယံ၊ သက်န်းဟူသော စွန့်အပ်သော ဝတ္ထုရှိသော။ ဝါ၊ စွန့်ခြင်း ဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ဝါ–နိဿဂ္ဂိယံ၊ သက်န်းကိုလည်း စွန့်အပ်၏။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်လည်း သင့်၏။

**အမှာ**။ ။အထက်သိက္ခာပုဒ်တို့၌လည်း"နိဿဂ္ဂိယံ" အရကို ထိုထို သိက္ခာပုဒ်၌ လာသော ဝတ္ထုကို ဖော်၍ ဆိုလေ။

---

" * စီဝရဝဂ်" ဟုလည်း ခေါ်ကြသည်။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁–ဓာတ်ပမာဏနှင့် ပြည့်စုံသော သင်္ကန်း၏ မိမိဥစ္စာ၏အဖြစ်၊ ၂–နေ့အရေအတွက်လောက်သောအဖြစ်၊ ၃–ပလိဗောဓပြေတ်ခြင်း၊ ၄–အဓိဋ္ဌာန်, ဝိကပ္ပနာမပြုခြင်း၊ ၅–ဆယ်ရက်လွန်ခြင်း၊ အင်္ဂါ ၅–ပါး။

**ဒုတိယ**။ ။၂၊ ဘိက္ခု–ဘိက္ခုနော၊ ရဟန်း၏။ နိဋ္ဌိတစီဝရသ္မိံ၊ သင်္ကန်း၌ပြုအပ်သော ပလိဗောဓပြေးပြီးသော်။ ကထိနေ၊ ကို။ ဥဗ္ဘတသ္မိံ၊ သော်။ ဘိက္ခုသမ္မုတိယာ၊ ရဟန်းတို့၏ ဉတ္တိဒုတိယကံဖြင့် သမုတ်ခြင်းကို။ ဝါ၊ သမ္မုတိရသော ရဟန်းကို။ အညတြဋ္ဌပေတွာ၊ ၍။ ဘိက္ခု၊ သည်။ ဧကရတ္တမ္ပိ၊ တစ်ညဉ့်မျှလည်း။ တိစီဝရေန၊ တိစီဝရိတ် အဓိဋ္ဌာန်တင်သောသင်္ကန်းနှင့်။ စေ ဝိပ္ပဝသေယျ၊ ကင်း၍ နေငြားအံ့။ပ။

**အင်္ဂါ**။ ။၁–တိစီဝရိတ် အဓိဋ္ဌာန်ဖြင့် အဓိဋ္ဌာန်တင်သော သင်္ကန်း၏အဖြစ်၊ ၂–ကထိန်မခင်းခြင်း၊ ၃–သမ္မုတိမရခြင်း၊ ၄–သင်္ကန်းနှင့်ကင်း၍ အရုဏ်တက်ခြင်း၊ အင်္ဂါ ၅–ပါး။

**တတိယ**။ ။၃၊ ဘိက္ခုနာ–ဘိက္ခုနော၊ ၏။ နိဋ္ဌိတစီဝရသ္မိံ၊ သော်။ ကထိနေ၊ ကို။ ဥဗ္ဘတသ္မိံ၊ သော်။ ဘိက္ခုနော ပနေဝ၊ ရဟန်းအားသာလျှင်။ အကာလစီဝရံ၊ သင်္ကန်းကာလမှ အပ၌လှူအပ်သော သင်္ကန်းသည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ငြားအံ့။ အာကင်္ခမာနေန၊ အလိုရှိသော။ ဘိက္ခုနာ၊ သည်။ ပဋိဂ္ဂဟေတဗ္ဗံ၊ ခံအပ်၏။ ပဋိဂ္ဂဟေတွာ၊ ခံပြီး၍။ ခိပ္ပမေဝ၊ လျင်စွာ ဆယ်ရက်အတွင်း၌သာလျှင်။ ကာရေတဗ္ဗံ၊ ပြုအပ်၏။ ပါရိပူရိ၊ ပြည့်စုံလုံလောက်သည်။ နောစဿ–နော စေ အဿ၊ အကယ်၍ မဖြစ်ငြားအံ့။ တေန ဘိက္ခုနာ၊ သည်။ တံ စီဝရံ၊ ကို။ မာသပရမံ၊ တစ်လအတိုင်းအရှည်ရှိသော ကာလပတ်လုံး။ ဦနဿ၊ ယုတ်သော သင်္ကန်းကို။ ပါရိပူရိယာ၊ ပြည့်စုံစေခြင်းငှာ။

http://www.dhammadownload.com



ပစ္စာသာယ၊ သက်န်းလျှာပုဆိုး ရနိုးခြင်းသည်။ သတိယာ၊ ရှိလတ်သော်။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ ပစ္စာသာယ၊ သည်။ သတိယာပိ၊ ရှိသော်လည်း။ တတော၊ ထိုတစ်လထက်။ ဥတ္တရိ၊ အလွန်။ စေ နိက္ခိပေယျ၊ အကယ်၍ ထားငြားအံ့။ပ။

**အင်္ဂါ**။ ။အင်္ဂါကား ပထမ ကထိနသိက္ခာပုဒ်၌ ဆက်ရက်လွန်ခြင်း၊ ဤသိက္ခာပုဒ်၌ တစ်လလွန်ခြင်း၊ ဤမျှသာ ထူး၏။

**စတုတ္ထ**။ ။၄၊ ယောပနဘိက္ခု၊ သည်။ အညာတိကာယ၊ အမျိုးမတော်သော။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမအား။ ပုရာဏစီဝရံ၊ သက်န်းဟောင်းကို။ ဓောဝါပေယျ ဝါ၊ ဖွပ်မှုလည်း ဖွပ်စေငြားအံ့။ ရဇာပေယျ ဝါ၊ ဆိုးမှုလည်း ဆိုးစေငြားအံ့။ အာကောဋာပေယျဝါ၊ နယ်မှုလည်း နယ်စေငြားအံ့။ပ။

**အင်္ဂါ**။ ။၁–သက်န်းဟောင်း၏အဖြစ်၊ ၂– ဥပစာ၌တည်၍ ဘိက္ခုနီမအား စေခိုင်းခြင်း၊ ၃–ဘိက္ခုနီမ၏ ဖွပ်ခြင်း စသည်တို့ကို ပြုခြင်း၊ အင်္ဂါ ၃–ပါး။

**ပဉ္စမ**။ ။၅၊ ယော ပန ဘိက္ခု၊ သည်။ ပါရိဝတ္တကာ၊ ဖလှယ်သည်ကို။ အညတြ–ဌပေတွာ၊ ၍။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ ၏။ ဟတ္ထတော၊ လက်မှ။ စီဝရံ၊ ကို။ ပဋိဂ္ဂဏှေယျ။ပ။

**အင်္ဂါ**။ ။၁–ဝိကပ္ပနာ လောက်သောသက်န်းအဖြစ်၊၂– ဖလှယ်ခြင်း မရှိခြင်း၊ ၃–အမျိုးမတော်သော ဘိက္ခုနီမလက်မှ ခံခြင်း၊ အင်္ဂါ ၃–ပါး။

**ဆဋ္ဌ**။ ။၆၊ ယော ပန ဘိက္ခု၊ သည်။ အညာတကံ၊ အမျိုးမတော်သော။ ဂဟပတိံ ဝါ၊ ဒါယကာသို့လည်းကောင်း။ ဂဟပတာနိံ ဝါ၊ ဒါယိကာမသို့လည်းကောင်း။ ဥပသင်္ကမိတွာ၊ ကပ်၍။ သမယာ၊ အခါကို။ အညတြ–ဌပေတွာ၊ ၍။ စီဝရံ၊ ကို။

http://www.dhammadownload.com



ဝိညာပေယျ၊ တောင်းငြားအံ့။ပ။ တတ္ထ၊ ထိုသက်န်းကို တောင်းရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သမယော၊ အခါတည်း။ ဘိက္ခု၊ သည်။ အစ္ဆိန္နစီဝရော ဝါ၊ ခိုးသူ လုယက်သော သင်္ကန်းရှိသည် လည်းကောင်း။ နဋ္ဌစီဝရော ဝါ၊ ပျောက်သောသင်္ကန်းရှိသည် လည်းကောင်း။ ဟောတိ၊ ၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ တတ္ထ၊ ထိုသင်္ကန်းကို တောင်းရာ၌။ သမယော၊ တည်း။

**အင်္ဂါ**။ ။၁-ဝိကပ္ပနာလောက် သင်္ကန်းအဖြစ်၊ ၂-အခါမရှိခြင်း၊ ၃-အမျိုးမတော်သောသူကို တောင်းခြင်း၊ ပလိဗောဓပြေတ်ခြင်း၊ ၄-တောင်းသဖြင့်ရခြင်း၊ အင်္ဂါ ၄-ပါး။

**သတ္တမ**။ ။၇၊ တံ၊ ထိုသူခိုးလုယက်သော သင်္ကန်းရှိသော ရဟန်းကို။ အညာတကော၊ ဆွေမျိုးမတော်သော။ ပဟာပတိ ဝါ၊ ဒါယကာသည်လည်းကောင်း။ ဂဟပတာနိ ဝါ၊ ဒါယိကာမသည် လည်းကောင်း။ ဗဟူဟိ၊ များစွာကုန်သော။ စီဝရေဟိ၊ သင်္ကန်းတို့ဖြင့်။ အဘိဟဋ္ဌုံ-ဂဏှိတုံ၊ ခံယူစိမ့်သောငှာ။ ဝါ-အဘိဟဋ္ဌုံ အဘိဟရိတွာ၊ ရှေးရှုဆောင်၍။ ပဝါရေယျ၊ ဖိတ်ငြားအံ့။ တေန ဘိက္ခုနာ၊ သည်။ တတော၊ ထိုရှေးရှုဆောင်အပ်သော သင်္ကန်းမှ။ သန္တရုတ္တရပရမံ၊ သင်းပိုင်နှင့်တကွ ကိုယ်ဝတ်အပိုင်းအခြားရှိသော။ စီဝရံ၊ ကို။ သာဒိတဗ္ဗံ၊ သာယာအပ်၏။ တတော၊ ထိုသင်းပိုင်ကိုယ်ဝတ်ထက်။ ဥတ္တရိ၊ အလွန်၊ စေ သာဒိယေယျ၊ အကယ်၍ သာယာငြားအံ့။ပ။

**မှတ်ဖွယ်**။ ။ဤ၌ "အဘိဟဋ္ဌုံ" ပုဒ်ကို ဂဏှိ, ဝိသောဓနီ လောခဆရာ တို့ အထူးထူး ဆုံးဖြတ်ကြသော်လည်း ရူပသိဒ္ဓိ၌ "အဘိဟဋ္ဌုံ"ဟု စီရင်၍ ရှိလေပြီ။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁–သင်းပိုင်, ကိုယ်ဝတ်ထက်လွန်ခြင်း၊ ၂–အစ္ဆိန္န စသောအကြောင်းကြောင့် လျှော့ခြင်း၊ ၃–အမျိုးမတော်ရာ၌ တောင်းခြင်း၊ ၄–တောင်းသဖြင့် ရခြင်း။ အင်္ဂါ ၄–ပါး။

**အဋ္ဌမ**။ ။၈၊ ဘိက္ခုံပနေဝ၊ ရဟန်းကိုသာလျှင်။ ဥဒ္ဒိဿ၊ ရည်၍။ အညာတကဿ၊ သော။ ဂဟပတိဿ ဝါ၊ ဒါယကာသည် လည်းကောင်း။ ဂဟပတာနိယာ ဂါ၊ ဒါယိကာမသည်လည်းကောင်း။ စီဝရစေတာပန္နံ၊ သင်္ကန်းဖိုးကို။ ဝါ၊ သည်။ ဥပက္ခဋံ–သဇ္ဇိတံ၊ စီရင်အပ်သည်။ ဟောတိ၊ ၏။ ဣမိနာ စီဝရစေတာပန္နေန၊ ဤသင်္ကန်းဖိုးဖြင့်။ စီဝရံ၊ ကို။ စေတာပေတွာ၊ ဝယ်၍။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ ဘိက္ခုံ၊ ကို။ စီဝရေန၊ ဖြင့်။ အစ္ဆာဒေဿာမိ၊ ဖုံးလွှမ်းအံ့။ ဣတိ မနသိကတွာ၊ ဤသို့နှလုံးပြု၍။ ဥပက္ခဋံ၊ သည်။ ဟောတိ၊ ၏။ တတြ၊ ထိုသင်္ကန်းဖိုးကို စီရင်သော ဒါယကာအိမ်သို့။ ဥပသင်္ကမိတွာ၊ ၍။ သောဘိက္ခု၊ သည်။ ပုဗ္ဗေ–ရှေး၌။ အပ္ပဝါရိတော၊ မဖိတ်ဘဲ။ စီဝရေ၊ ၌။ ဝိကပ္ပံ–အဓိကဝိဓာနံ၊ အလွန်စီရင်ခြင်းသို့။ စေ အာပဇ္ဇေယျ၊ အကယ်၍ ရောက်ငြားအံ့။ "အာယသ္မာ၊ ဒါယကာ။ သာဓု–အာယာစာမိ၊ ငါ တောင်းပန်၏။ ဝတ၊ ကြံအောက်မေ့လော့။ တွံ၊ သည်၊ မံ၊ ကို။ ဣမိနာ စီဝရစေတာပန္နေန၊ ဤသင်္ကန်းဖိုးဖြင့်။ ဧဝရူပံဝါ ဧဝရူပံဝါ၊ ဤသို့ အလျားရှည်ခြင်းသဘော, ဤသို့ အနံပြန့်ခြင်း စသော သဘောရှိသည်လည်းဖြစ်သော။ စီဝရံ၊ ကို။ စေတာပေတွာ၊ ဝယ်၍။ အစ္ဆာဒေဟိ၊ လျှုလော့" ဣတိ၊ သို့။ ကလျာဏကမျတံ၊ ကောင်းသည်၌ အလိုရှိသည်၏အဖြစ်ကို။ ဥပါဒါယ ဂဟေတွာ၊ စိတ်ဖြင့် ယူ၍။ ဝိကပ္ပံ–အဓိကဝိဓာနံ၊ သို့။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁-သက်န်းများကို အလိုရှိသည်၏အဖြစ်၊ ၂- အမျိုးမစပ်သောသူကို တောင်းခြင်း၊ ၃-တောင်း၍ရခြင်း၊ အင်္ဂါ ၃-ပါး။

**နဝမ**။ ။ဂ၊ ဘိက္ခုံပနေဝ၊ ကိုသာလျှင်။ ဥဒ္ဒိဿ၊ ၍။ ဥဘိန္နံ၊ နှစ်ဦးကုန်သော။ အညာတကာနံ၊ ကုန်သော။ ဂဟပတီနံ ဝါ၊ တို့သည်လည်းကောင်း။ ဂဟပနာနီနံ ဝါ၊ တို့သည်လည်းကောင်း။ ပစ္စေက စီဝရစေတာပန္နာနိ၊ သက်န်းဖိုးတို့ကို။ ဥပက္ခဋာနိ၊ စီရင်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ မယံ၊ တို့သည်။ ဣမေဟိ ပစ္စေက စီဝရ စေတာပန္နေဟိ၊ ဤအသီးသီးသော သက်န်းဖိုးတို့ဖြင့်။ ပစ္စေက စီဝရာနိ၊ အသီးသီးသောသက်န်းတို့ကို။ စေတာပေတွာ၊ ၍။ ဣတ္ထန္နာမံ၊ သော။ ဘိက္ခုံ၊ ကို။ စီဝရေဟိ၊ တို့ဖြင့်။ အစ္ဆာဒေဿာမ၊ ကုန်အံ့။ ဣတိ မနသိကတွာ၊ ၍။ ဥပက္ခဋာနိ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တတြ၊ ထိုသက်န်းဖိုးကို စီရင်သော ဒါယကာအိမ်သို့။ ဥပသင်္ကမိတွာ၊ ၍။ သော ဘိက္ခု၊ သည်။ ပုဗ္ဗေ၊ ၌။ အပ္ပဝါရိတော၊ ဘဲ။ စီဝရေ၊ ၌။ ဝိကပ္ပံ၊ သို့။ စေ အာပဇ္ဇေယျ၊ အံ့။ "အာယသ္မန္တော၊ ဒါယကာတို့။ သာဓု-အာယာစာမိ၊ ၏။ ဝတ၊ ကြံအောက်မေ့ကုန်လော့။ တုမှေ၊ တို့သည်။ မံ၊ ကို။ ဣမေဟိ ပစ္စေက စီဝရ စေတာပန္နေဟိ၊ ဤအသီးသီးသော သက်န်းဖိုးတို့ဖြင့်။ ဧဝရူပံဝါ ဧဝရူပံဝါ၊ သော။ စီဝရံ၊ ကို။ စေတာပေတွာ၊ ၍။ သန္တာ၊ သူတော်ကောင်းဖြစ်ကုန်သော။ ဝါ၊ သက်န်းဖိုးထင်ရှားရှိကုန်သော။ ဥဘောဝ၊ နှစ်ယောက်တို့သည်သာလျှင်။ ဧကေန၊ တစ်ပေါင်းတည်း။ ဟုတွာ၊ ကုန်၍။ အစ္ဆာဒေထ၊ လှူကုန်လော့" ဣတိ၊ သို့။ ကလျာဏကမျတံ၊ ကို။ ဥပါဒါယ၊ ၍။ ဝိကပ္ပံ၊ သို့။ စေ အာပဇ္ဇေယျ၊ အံ့။ပ။

http://www.dhammadownload.com



**ဒသမ**။ ။ဝ၁ဝ၊ဘိက္ခုံပနေဝ၊ ရဟန်းကိုသာလျှင်။ ဥဒ္ဒိဿ၊ ၍။ ရာဇာဝါ၊ မင်းသည်လည်းကောင်း။ ရာဇဘောဂ္ဂေါ ဝါ၊ မင်းမှ ရအပ်သော စည်းစိမ်ရှိသော အမတ်သည်လည်းကောင်း။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ ဂဟပတိကော ဝါ၊ သူကြွယ်သည်လည်းကောင်း။ ဒူတေန၊ တမန်ဖြင့်။ စီဝရစေတာပန္နံ၊ ကို။ ပဟိဏေယျ၊ စေရာ၏။ ဣမိနာစီဝရစေတာပန္နေန၊ ဖြင့်။ စီဝရံ၊ ကို။ စေတာပေတွာ၊ ၍။ ဣတ္ထန္နာမံ၊ သော။ ဘိက္ခုံ၊ ကို။ စီဝရေန၊ ဖြင့်။ အစ္ဆာဒေဟိ၊ ဖုံးလွှမ်းချေလော့။ ဣတိ၊ သို့။ ပဟိဏေယျ၊ ၏။ သော ဒူတော၊ ထိုတမန်သည်။ တံ ဘိက္ခုံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ဧဝံ၊ သို့။ ဧ ဝဒေယျ၊ အံ့။ "ဘန္တေ၊ ဘုရား။ အာယသ္မန္တံ၊ အရှင်ဘုရားကို။ ဥဒ္ဒိဿ၊ ၍။ ဣဒံ ခေါ စီဝရ စေတာပန္နံ၊ ဤသင်္ကန်းဖိုးကို။ အာဘတံ၊ ဆောင်အပ်၏။ အာယသ္မာ၊ သည်။ စီဝရစေတာပန္နံ၊ ကို။ ပဋိဂ္ဂဏှာတု၊ ခံတော်မူလော့။" ဣတိ၊ သို့။ ဝဒေယျ၊ ၏။

တေန ဘိက္ခုနာ၊ သည်။ သော ဒူတော၊ ကို။ ဧဝံ၊ သို့။ ဝစနီယော၊ သည်။ အဿ၊ ၏။ "အာဝုသော၊ ဒါယကာ၊ မယံ၊ တို့သည်။ စီဝရစေတာပန္နံ၊ ကို။ န ခေါ ပဋိဂ္ဂဏှာမ၊ မခံကုန်။ မယံ၊ တို့သည်။ ကာလေန၊ လျောက်ပတ်သောအခါ၌။ ကပ္ပိယံ၊ အပ်သော။ စီဝရဉ္စခေါ၊ ကိုသာလျှင်။ ပဋိဂ္ဂဏှာမ၊ ခံကုန်၏။" ဣတိ၊ သို့။ ဝစနီယော၊ သည်။ အဿ၊ ၏။ သော ဒူတော၊ သည်။ တံဘိက္ခုံ၊ ကို။ "အာယသ္မတော၊ အရှင်ဘုရားအား။ ကောစိ၊ တစ်စုံတစ်ယောက်သော။ ဝေယျာဝစ္စကရော၊ အမှုကြီးငယ်ကို ပြုသောသူသည်။ အတ္ထိ ပန၊ ရှိပါ၏လော။" ဣတိ၊ သို့။ ဧ ဝဒေယျ၊ အံ့။

http://www.dhammadownload.com



ဘိက္ခဝေ၊ တို့။ စီဝရတ္ထိကေန၊ သင်္ကန်းကို အလိုရှိသော။ ဘိက္ခုနာ_သည်။ အာရာမိကော ဝါ၊ အရံစောင့်ကိုလည်းကောင်း။ ဥပါသကော ဝါ၊ သီတင်းသည်ကိုလည်းကောင်း။ အာဝုသော၊ ဒါယကာ။ သော့ခေါ်၊ ဤသူသည်လျှင်။ ဘိက္ခူနံ၊ တို့၏။ ဝေယျာဝစ္စကရော၊ အမှုကြီးငယ်ကိုပြုသောသူတည်း။ ဣတိ၊ သို့။ ဝေယျာဝစ္စကာရော၊ ကို။ နိဒ္ဒိသိတဗ္ဗော၊ ညွှန်းအပ်၏။ သော ဒူတော၊ သည်။ တံဝေယျာဝစ္စကရံ၊ ထိုအမှုကြီးငယ်ကိုပြုသော သူကို။ သညာပေတွာ၊ သိစေ၍။ တံဘိက္ခုံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ဇဝံ၊ သို့။ ဇေ ဝဒေယျ၊ အံ့။

"ဘန္တေ၊ ဘုရား။ အာယသ္မာ၊ အရှင်ဘုရားသည်။ ယံခေါ် ဝေယျာဝစ္စကရံ၊ အကြင်အမှုကြီးငယ်ကို ပြုသောသူကို။ နိဒ္ဒိသိ၊ ညွှန်းတော်မူ၏၊ သောဝေယျာဝစ္စကရော၊ ကို။ မယာ၊ အကျွန်ုပ်သည်။ သညတ္တော၊ သိစေအပ်ပြီး။ အာယသ္မာ၊ သည်။ ကာလေန၊ လျောက်ပတ်သောအခါ၌။ ဥပသင်္ကမတု၊ ကပ်တော်မူလော့။ တံ၊ အရှင်ဘုရားကို။ စီဝရေန၊ ဖြင့်။ အစ္ဆာဒေဿတိ၊ ဖုံးလွှမ်းလတ္တံ့။" ဣတိ၊ သို့။ ဇေ ဝဒေယျ၊ အံ့။ ဘိက္ခဝေ၊ တို့။ စီဝရတ္ထိကေန၊ သော။ ဘိက္ခုနာ၊ သည်။ ဝေယျာဝစ္စကရော၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ "အာဝုသော၊ ဒါယကာ။ မေ၊ ငါ့အား။ စီဝရေန၊ ဖြင့်။ အတ္တော၊ အလိုရှိ၏။" ဣတိ၊ သို့။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ စောဒေတဗ္ဗော၊ တောင်းအပ်၏။ သာရေတဗ္ဗော၊ အောက်မေ့စေအပ်၏။ ဒွတ္တိက္ခတ္တုံ၊ ကြိမ်။ စောဒယမာနော၊ တောင်းအပ်သည်ရှိသော်။ သာရယမာနော၊ အောက်မေ့စေအပ်သည်ရှိသော်။ တံစီဝရံ၊ ကို။ ဇေ

http://www.dhammadownload.com



အဘိနိပ္ဖာဒေယျ၊ အကယ်၍ ပြီးစေငြားအံ့။ ဣစ္ဆေတံ–ဣတိတော်၊ ဤသို့ ပြီးစေခြင်းသည်။ ကုသလံ သုန္ဒရံ၊ ၏။ ကုသလံ–အနဝဇ္ဇံ၊ မရှိ။

နောစေ အဘိနိပ္ဖာဒေယျ၊ အံ့။ စတုက္ခတ္တုံ၊ လေးကြိမ်။ ပဉ္စက္ခတ္တုံ၊ ငါးကြိမ်။ ဆက္ခတ္တုံပရမံ၊ ခြောက်ကြိမ်အတိုင်းအရှည်။ တုဏှီဘူတေန၊ ဆိတ်ဆိတ်နေသဖြင့်။ ဥဒ္ဒိဿ၊ ရည်၍။ ဌာတဗ္ဗံ၊ ရပ်ရာ၏။ စတုက္ခတ္တုံ၊ ကြိမ်။ ပဉ္စက္ခတ္တုံ၊ ကြိမ်။ ဆက္ခတ္တုပရမံ၊ ရှည်။ တုဏှီဘူတော၊ ဆိတ်ဆိတ်ဖြစ်၍။ ဥဒ္ဒိဿ၊ ၍။ တိဋ္ဌမာနော၊ ရပ်သည်ရှိသော်။ တံစီဝရံ၊ ကို။ စေ အဘိနိပ္ဖာဒေယျ၊ အံ့။ ဣစ္ဆေတံ–ဣတိတော်၊ သည်။ ကုသလံ၊ ၏။ တတော၊ ထိုသုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်းထက်။ ဥတ္တရိ၊ အလွန်။ ဝါယာမမာနော၊ လုံ့လပြုသည်ဖြစ်၍။ တံစီဝရံ၊ ကို။ စေ အဘိနိပ္ဖာဒေယျ၊ အံ့။ တဿ၊ ဘိက္ခုနော။ပ။ ပါစိတ္တိယံ၊ ၏။

နောစေ အဘိနိပ္ဖာဒေယျ၊ အံ့။ ယတော၊ အကြင် မင်း, မင်း၏အမတ် စသည်မှ။ အဿ၊ ထိုရဟန်းအား။ စီဝရ စေတာပန္နံ၊ ကို။ အာဘတံ၊ ဆောင်အပ်၏။ တတ္ထ၊ ထိုမင်းစသောသူ၏ အထံသို့။ သာမံဝါ၊ ကိုယ်တိုင်မူလည်း။ ဂန္တဗ္ဗံ၊ သွားအပ်၏, သွားသင့်၏, သွားထိုက်၏, သွားကောင်း၏, သွားရမည်, သွားလေ။ ဒူတောဝါ၊ ကိုမူလည်း။ ပါဟေတဗ္ဗော၊ စေအပ်၏, စေသင့်၏, စေထိုက်၏, စေကောင်း၏, စေရမည်, စေလေ။ "အာယသ္မန္တော၊ ဒါယကာတို့။ တုမှေ၊ တို့သည်။ ယံဘိက္ခုံ၊ အကြင်ရဟန်းကို။ ဥဒ္ဒိဿ၊ ၍။ စီဝရ စေတာပန္နံ၊ ကို။ ပဟိဏိတ္ထ၊ စေကုန်၏။

http://www.dhammadownload.com



တံ စီဝရစေတာပန္နံ၊ ထို သင်္ကန်းဖိုးသည်။ တဿ ဘိက္ခုနော၊ အား။ ကိဉ္စိအတ္ထံ၊ တစ်စုံတစ်ခုသောအကျိုးကို။ န အနုဘောတိ–န သာဓေတိ၊ မပြီးသေး။ အာယသ္မန္တော၊ ဒါယကာတို့သည်။ သကံ၊ မိမိဥစ္စာကို။ ယုဉ္ဇန္တု၊ တောင်းကြကုန်လော့။ ဝေါ၊ သင်တို့သည်။ သကံ၊ မိမိဥစ္စာကို။ မာ ဝိနဿ၊ မပျက်စေကုန်လင့်။" ဣတိ၊ သို့။ သာမံဝါ၊ လည်း။ ဂန္တဗ္ဗံ၊ သွားလေ။ ဒူတောဝါ၊ ကိုမူလည်း။ ပါဟေတဗ္ဗော၊ စေလေ။ အယံ၊ ဤသို့ ကိုယ်တိုင်သွားခြင်း, တမန်စေခြင်းသည်။ တတ္ထ၊ ထို သင်္ကန်းကို မပြီးစေရာ၌။ သာမီစိ၊ ကျင့်ရာသော ဝတ်တည်း။ ဝါ၊ လောကုတ္တရာတရား ကိုးပါး အားလျော်သော အကျင့်တည်း။

**ဆောင်ပုဒ်**

ရဟန်းညွှန်ပြ၊ လေးယောက်မျှ၊ ဒူတ ညွှန်းလေးဖြာ။
အနိဒ္ဒိဋ္ဌ၊ ဒုဝိဓ၊ ပေါင်းက တစ်ကျိပ်သာ။
တစ်ဦးမျက်မှောက်၊ ကွယ်သုံးယောက်၊ ညွှန်းမြောက်ရဟန်းမှာ။
ရှေ့အပ်ပြန်ကြား၊ စေ၍ကြား၊ မှာထားသွားသည်သာ။
တမန်ညွှန်းလည်း၊ လေးပါးတည်း၊ ဤနည်းယူလေပါ။
ရှေ့အပ်မကြား၊ ကွယ်အပ်သွား၊ နှစ်ပါးမညွှန်းရာ။
ရာဇမေဏ္ဍာ၊ အညာတ၊ ကျင့်ရစဉ်တိုင်းသာ။

**အဓိပ္ပာယ်**။ ။ကပ္ပိယကာရကသည် နိဒ္ဒိဋ္ဌ, အနိဋ္ဌ ဟူ၍ နှစ်ပါး၊ နိဒ္ဒိဋ္ဌကား ရဟန်းညွှန်း, တမန်ညွှန်းနှစ်ပါး၊ ရဟန်းညွှန်းရာ၌ ရှေ့တွင် ညွှန်းတစ်ယောက်, မျက်ကွယ်ညွှန်းသုံးယောက် ဟူ၍ လေးယောက်တွင် ရှေ့၌ သင်္ကန်းအဖိုးကို အပ်ပြီးလျှင် ရဟန်းအား ကြား၍သွားသောသူ တစ်ယောက်, ရွာတွင်း၌ ညွှန်းသည်ကို အပ်နှံခဲ့၍ မိမိပြန်၍ ကြားခြင်း, သူတစ်ပါးကို စေ၍ ကြားစေခြင်း, သွားရင်းကပင် ထိုသူလက်၌ အပ်နှံခဲ့ဟု မှာထား၍ သွားခြင်းအားဖြင့်

http://www.dhammadownload.com



သုံးယောက်, ပေါင်းလေးယောက်, တမန်ညွှန်းရာ၌လည်း ဤနည်းယူ။ တစ်စုံတစ်ယောက်သောသူ ကပ္ပိယကာရကပြသည်ကို ရှေ့တွင် အပ်၍ မပန်ကြားဘဲ သွားခြင်း, ကွယ်ရာ၌ အပ်ပြီးလျှင် မပန်ကြားဘဲသွားခြင်းဟူ၍ အနိဒ္ဒိဋ္ဌနှစ်ယောက်၊ ပေါင်းတစ်ကျိပ်တွင် ရဟန်းညွှန်းလေးယောက်၌ မေဏ္ဍကသိက္ခာပုဒ်အတိုင်း၊ အနိဒ္ဒိဋ္ဌ နှစ်ယောက်၏ အညာတက, အပ္ပဝါရိတကဲ့သို့ ကျင့်အပ်၏။

**အင်္ဂါ**။ ။၁–ကပ္ပိယကာရကကို ရဟန်းညွှန်းခြင်း၊ ၂–တမန်သည်အပ်နှံခြင်း၊ ၃–သုံးကြိမ်တောင်းခြင်း၊ ခြောက်ကြိမ်ရပ်ခြင်းထက် အလွန်လုံ့လပြုခြင်း၊ ၄–ထိုလုံ့လဖြင့် ရခြင်း၊ အင်္ဂါ ၄–ပါး။

## ၂–ကောသိယဝဂ် *

**ပဌမ**။ ။၁၁၊ ယောပနဘိက္ခု၊ သည်။ ကောသိယမိဿကံ၊ ပိုးချည်နှင့်ရောသော။ သန္ထတံ၊ အခင်းကို။ ကာရာပေယျ၊ ပြုစေငြားအံ့။ တဿ ဘိက္ခုနော၊ အား။ နိဿဂ္ဂိယံ၊ စွန့်အပ်သော အခင်းရှိသော။ ပါစိတ္တိယံ၊ ၏။

**အင်္ဂါ**။ ။၁–ပိုးချည်၏အဖြစ်၊ ၂–မိမိအကျိုးငှာ ပြုခြင်း,ပြုစေခြင်း၊ ၃–ရခြင်း၊ အင်္ဂါ ၃–ပါး။

**ဒုတိယ**။ ။၁၂၊ယော ပန ဘိက္ခု၊ သည်။ သုဒ္ဓကာဠကာနံ၊ အမည်းသက်သက်ဖြစ်ကုန်သော။ ဧဠကလောမာနံ၊ သိုးမွေးတို့၏။ သန္ထတံ၊ ကို။ ကာရာပေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–သုဒ္ဓကာဠကအဖြစ်၊၂–ပြုခြင်း၊ ပြုစေခြင်း၊၃–ရခြင်း၊အင်္ဂါ ၃–ပါး။

**တတိယ**။ ။၁၃၊ နဝံ၊ အသစ်ဖြစ်သော။ သန္ထတံ၊ ကို။ ကာရယမာနေန၊ သော။ ဘိက္ခုနာ ပန၊ သည်ကား။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဒွေဘာဂါ၊ နှစ်ဖို့တို့ကို။

* "ဧဠကလောမဝဂ်" ဟုလည်း ခေါ်ကြသည်။

5
A

http://www.dhammadownload.com



အာဒါတဗ္ဗာ၊ ယူအပ်ကုန်၏။ ဩဒါတာနံ၊ ဖြူကုန်သော သိုးမွေးတို့၏။ တတိယံ၊ သုံးခုမြောက်သောအဖို့ကို။ ဂေါစရိယာနံ၊ ကြောင်ကုန်သော သိုးမွေးတို့၏။ စတုတ္ထံ၊ လေးခုမြောက်သော အဖို့ကို။ အာဒါတဗ္ဗံ၊ ၏။ ဘိက္ခု၊ သည်။ သုဒ္ဓကာဠကာနံ၊ ကုန်သော။ ဧဠကလောမာနံ၊ တို့၏။ ဒွေဘာဂေ၊ နှစ်ဖို့တို့ကို။ ဩဒါတာနံ၊ တို့၏။ တတိယံ၊ ကို။ ဂေါစရိယာနံ၊ တို့၏။ စတုတ္ထံ၊ ကို။ အနာဒါ၊ မယူမူ၍။ နဝံ၊ သော။ သန္ထတံ၊ ကို။ စေ ကာရာပေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁-နဝသန္ထတ၏အဖြစ်၊၂-ပြုခြင်း,ပြုစေခြင်း၊၃-ရခြင်း၊အင်္ဂါ ၃-ပါး။

**စတုတ္ထ**။ ။၁၄၊ဘိက္ခုနာ၊ သည်။ နဝံ၊ သော။ သန္ထတံ၊ ကို။ ကာရာပေတွာ ပန၊ ပြုစေပြီး၍ကား။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ ပတ်လုံး။ ဓာရေတဗ္ဗံ၊ ဆောင်အပ်၏။ ဆန္နံ ဝဿာနံ၊ ခြောက်နှစ်တို့၏။ ဩရေန၊ အတွင်း၌။ တံ သန္ထတံ၊ ထိုပြုအပ်ပြီးသော အခင်းကို။ ဝိဿဇ္ဇေတွာ ဝါ၊ စွန့်၍လည်းကောင်း။ အဝိဿဇ္ဇေတွာ ဝါ၊ မစွန့်မူ၍လည်းကောင်း။ အညံ၊ တစ်ပါးသော။ နဝံ၊ သော။ သန္ထတံ၊ ကို။ စေ ကာရာပေယျ၊ အံ့။ ဘိက္ခုသမ္မုတိယာ၊ သမ္မုတိ ရသော ရဟန်းကို။ အညတြ-ဌပေတွာ၊ ၍။ပ။

**အင်္ဂါ**။ ။အင်္ဂါ ၃-ပါး ရှေ့နည်း။

**ပဥ္စမ**။ ။၁၅၊ နိသီဒနသန္ထတံ၊ နိသီဒိုင်အခင်းကို။ ကာရယမာနေန၊ သော။ ဘိက္ခုနာပန၊ သည်ကား။ ပုရာဏသန္ထတဿ၊ အခင်းဟောင်း၏။ သာမန္တာ-ဧကပဿတော၊ နံပါးတစ်ဖက်မှ။ သုဂတဝိဒတ္ထိ၊ မြတ်စွာဘုရား လက်သန်းထွာပမာဏမျှလောက်သော အရပ်ကို။ ဆိန္နဝ္ဂား ဖြတ်၍။ ဒုဗ္ဗဏ္ဏကရဏာယ၊ အဆင်းပျက်ခြင်းကို

http://www.dhammadownload.com



ပြုခြင်းငှာ။ အာဒါတဗ္ဗာ၊ ယူအပ်၏။ ဘိက္ခု၊ သည်။ ပုရာဏသန္ထတဿ၊ ၏။ သာမန္တာ–ကေပဿတော၊ မှ။ သုဂတဝိဒတ္ထိံ၊ ကို။ ဆိန္ဒိတွာ၊ ၍။ အနာဒါ၊ မယူမူ၍။ နဝံ၊ သော။ နိသီဒနသန္ထတံ၊ ကို။ စေ ကာရာပေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။အင်္ဂါ ၃–ပါး ရှေ့နည်း။

**ဆဋ္ဌမ**။ ။၁၆၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နဿ၊ အခွင့်ရှည်သောခရီးသို့ သွားသော။ ဘိက္ခုနော ပနေဝ၊ ရဟန်းအားသာလျှင်။ ဧဠကလောမာနိ၊ သိုးမွေးတို့သည်။ စေ–ဥပ္ပဇ္ဇေယျုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ အာကင်္ခမာနေန၊ အလိုရှိသော၊ ဘိက္ခုနာ၊ သည်။ ပဋိဂ္ဂဟေတဗ္ဗာနိ၊ ခံအပ်ကုန်၏။ ပဋိဂ္ဂဟေတွာ၊ ၍။ ဟာရကေ၊ ဆောင်သောသူသည်။ အသန္တေ၊ မရှိလတ်သော်။ တိယောဇနပရမံ၊ သုံးယူဇနာ အပိုင်းအခြားရှိသော အရပ်တိုင်အောင်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဟရိတဗ္ဗာနိ၊ ဆောင်အပ်ကုန်၏။ ဟာရကေ၊ သည်။ အသန္တေပိ၊ သော်လည်း။ တတော၊ ထိုသုံးယူဇနာထက်။ ဥတ္တရိ၊ အလွန်။ စေ ဟရေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–သိုးမွေးတို့ဖြင့် ပြုအပ်သောဘဏ္ဍာ၏ အဖြစ်၊ ၂–ရှေးဦးစွာ ရခြင်း၊ ၃–မိမိယူ၍ လည်းကောင်း, သူတစ်ပါးမသိစဉ် ယာဉ်၌ ထည့်၍ လည်းကောင်း၊ သုံးယူဇနာကို လွန်စေခြင်း၊ ၄–အသွားအပြန် ဆောင်ခြင်း၏ မရှိခြင်း၊ ၅–ရောက်ရာကျောင်း၌ မနေလိုခြင်း။ အင်္ဂါ ၅–ပါး။

**သတ္တမ**။ ။၁၇၊ ယော ပန ဘိက္ခု၊ သည်။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ အား။ ဧဠကလောမာနိ၊ တို့ကို။ ဓောဝါပေယျ၊ ဖွပ်မူလည်း ဖွပ်စေငြားအံ့။ ရဇာပေယျ ဝါ၊ ဆိုးမူလည်း ဆိုးစေငြားအံ့။ ဝိဇဋာပေယျဝါ၊ ရှုပ်ထွေးသည်ကို ဖြေမူလည်း ဖြေစေငြားအံ့။ပ။

**အင်္ဂါ**။ ။၁–စီဝရ ဓောဝါပန သိက္ခာပုဒ်ကဲ့သို့ အင်္ဂါ ၃–ပါး။

http://www.dhammadownload.com



**အဋ္ဌမ**။ ။၁၈၊ ယောပန ဘိက္ခု၊ သည်။ ဇာတရူပရဇတံ၊ ရွှေငွေကို။ ဥဂ္ဂဏှေယျ ဝါ၊ မိမိမူလည်း ခံငြားအံ့။ ဥဂ္ဂဏှာပေယျ ဝါ၊ သူတစ်ပါးကိုမူလည်း ခံစေငြားအံ့။ ဥပနိက္ခိတ္တံ ဝါ၊ အနီးသို့ ဆောင်၍ လှူအပ်သည်ကိုမူလည်း။ သာဒိယေယျ၊ သာယာငြားအံ့။ပ။

**အင်္ဂါ**။ ။၁-ရွှေငွေ၏အဖြစ်၊ ၂-မိမိကိုညွှန်းအပ်သည်၏အဖြစ်၊ ၃-ခံခြင်း, ခံစေခြင်း, သာယာခြင်းတို့တွင် တစ်ပါးပါး၏အဖြစ်၊ အင်္ဂါ ၃-ပါး။

**နဝမ**။ ။၁၉၊ ယော ပန ဘိက္ခု၊ သည်။ နာနပ္ပကာရကံ၊ ခတ်လုပ်ပြီး, မခတ်လုပ်သေးသည်၏အစွမ်းဖြင့် အထူးထူးအပြားပြား များစွာသော။ ရူပိယသံဝေါဟာရံ၊ ရွှေငွေကို ဖလှယ်ခြင်းသို့။ သမာပဇ္ဇေယျ၊ ရောက်ငြားအံ့။ပ။

**အင်္ဂါ**။ ။၁-အကြင်ဝတ္ထုကို မိမိဥစ္စာဖြင့် ဖလှယ်၏၊ ထိုဝတ္ထု၏လည်းကောင်း, မိမိဥစ္စာ၏လည်းကောင်း ရွှေငွေ၏အဖြစ်၊ ၂-ဖလှယ်ခြင်း၊ အင်္ဂါ ၂-ပါး။

**ဒသမ**။ ။၂၀၊ ယော ပန ဘိက္ခု၊ သည်။ နာနပ္ပကာရကံ၊ သင်္ကန်း စသော ကပ္ပိယဘဏ္ဍာအားဖြင့် များစွာသော။ ကယဝိက္ကယံ၊ ဝယ်ခြင်း, ရောင်းခြင်းသို့။ သမာပဇ္ဇေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁-အကြင်ဝတ္ထုကို မိမိ၏ဥစ္စာဖြင့် ဖလှယ်၏, ထိုဝတ္ထု၏ ကပ္ပိယဝတ္ထု၏အဖြစ်၊ ၂-သီတင်းသုံးဖော် မဟုတ်သည်၏အဖြစ်၊ ၃-ကယဝိက္ကယသို့ ရောက်ခြင်း၊ အင်္ဂါ ၃-ပါး။

http://www.dhammadownload.com



## ၃။ ပတ္တဝဂ်

**ပဌမ**။ ။၂၁၊ ဒသာဟပရမံ၊ ဆယ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး။ အတိရေက ပတ္တော၊ အဓိဋ္ဌာန်, ဝိကပ္ပနာပြုသော သပိတ်မှ လွန်သော သပိတ်ကို။ ဓာရေတဗ္ဗော၊ ၏။ တံ၊ ထိုဆယ် ရက်ကို။ အတိက္ကာမယတော၊ အား။ နိဿဂ္ဂိယံ၊ စွန့်အပ်သော သပိတ်ဟူသော ဝတ္ထုရှိသော။ပ။

**မှတ်ဖွယ်**။ ။"အဟံခေါပန ဥဒါယိအပ္ပေကဒါ ဣမိနာပတ္တေန သမတတ္တိကမ္ပိ ဘုဉ္ဇာမိ"ဟု မဇ္ဈိမပဏ္ဏာသ၌ ဟောတော်မူသောကြောင့် မြတ်စွာ ဘုရား သပိတ်တော်ကား ဘုဉ်းပေးတော်မူမြဲ ဆွမ်းတော်ဆံ့ရုံသာ တည်း၊ သမတိတ္တိကမ္ပိဘုဉ္ဇာမိ-ကို, ပကတိကာလကို, ဘိယျောပိ ဘုဉ္ဇာမိကို, ဒေသစာရီ ကြွတော်မူခါနီးကို ရည်၍ မိန့်တော်မူသည်၊ ရဟန်းတို့လည်း မျှလောက်ရုံသာ၊ ဆွမ်းဆံ့ရုံသပိတ်ကို ဆောင်ကုန် ရာသည်။ ဤအကြောင်းကို ပိဏ္ဍောလဘာရဒွါဇဝတ္ထုဖြင့် သိအပ်၏၊ ထို့ကြောင့် ခွက်ကွမ်းစား ပြည်ကွမ်းစားကို ယူကြသည်တွင် ခွက်ကွမ်း စားသာ သင့်လျော်သကဲ့သို့ ရှိ၏။

**အင်္ဂါ**။ ။ဓာတ်ပမာဏနှင့် ပြည့်စုံသော သပိတ်၏ မိမိဥစ္စာ၏အဖြစ်၊ ၂- အရေအတွက်လောက်သောအဖြစ်၊ ၃-ဖုတ်ခြင်း၊ ၄-ပလိဗောဓပြတ် ခြင်း,အဓိဋ္ဌာန်,ဝိကပ္ပနာမပြုခြင်း၊ ၅-ဆယ်ရက်လွန်ခြင်း၊အင်္ဂါ၅-ပါး။

**ဒုတိယ**။ ။၂၂၊ ဦနပဉ္စဗန္ဓနေန၊ ယုတ်သော ငါးဖွဲ့ရှိသော။ ဝါ၊ ငါးဖွဲ့ မပြည့်သော။ ပတ္တေန၊ သပိတ်ဖြင့်။ လက္ခိတော၊ မှတ်အပ်သော။ ယော ပန ဘိက္ခု၊ သည်။ ဝါ-ဦနပဉ္စ ဗန္ဓနေန ပတ္တေန-ဦနပဉ္စဗန္ဓနပတ္တော ဟုတွာ၊ ယုတ်သော ငါးဖွဲ့ရှိသော သပိတ်ရှိသည်ဖြစ်၍။ အညံ၊ တစ်ပါးသော။ နဝံ၊ သော။ ပတ္တံ၊ ကို။ စေတာပေယျ၊ တောင်းငြားအံ့။ပ။ တေန ဘိက္ခုနာ၊ သည်။

http://www.dhammadownload.com



သောပတ္တော၊ တိုတောင်းသော သပိတ်ကို။ ဘိက္ခုပရိသာယ၊ ရဟန်း ပရိသတ်၌။ နိဿဇ္ဇိတဗ္ဗော၊ စွန့်အပ်၏။ တဿ ဘိက္ခုပရိသာယ၊ ထိုရဟန်း ပရိသတ်၌။ ယောစ ပတ္တော၊ အကြင်သပိတ်သည်လျှင်။ ပတ္တပရိယန္တော၊ အယုတ်ဆုံး သပိတ်တည်း။ သော ပတ္တပရိယန္တော၊ ထိုအယုတ်ဆုံးသပိတ်ကို။ တဿ ဘိက္ခုနော၊ ထိုသပိတ်ကို တောင်းသော ရဟန်းအား။ ပဒါတဗ္ဗော၊ ပေးအပ်၏။ ဘိက္ခု၊ ရဟန်း။ တေ တယာ၊ သင်သည်။ အယံပတ္တော၊ ဤသပိတ်ကို။ ယာဝ ဘေဒနာယ၊ ကွဲသည်တိုင်အောင်။ ဓာရေတဗ္ဗော၊ ဆောင်ရမည့်၊ဆောင်လေ။ ဣတိဝတွာ၊ ဤသို့ဆို၍။ ပဒါတဗ္ဗော၊ ၏။ အယံ၊ ဤသို့ဆို၍ အယုတ်ဆုံးသပိတ်ကို ပေးခြင်းသည်။ တတ္ထ၊ ထိုသပိတ်ကိုတောင်းသော ရဟန်း သပိတ်ကို စွန့်ရာ၌။ သာမီစိ၊ တည်း။

**အင်္ဂါ**။ ။၁–အစိဋ္ဌာန်လောက်သော သပိတ်၏ ငါးဖွဲ့ မပြည့်ခြင်း၊ ၂–မိမိကို ညွှန်းခြင်း၊ ၃–အမျိုးမစပ်၊ မဖိတ်ရာ၌ တောင်းခြင်း၊ ၄–တောင်းသဖြင့် ရခြင်း၊ အင်္ဂါ ၄–ပါး။

**တတိယ**။ ။၂၃၊ ယာနိ ခေါ ပန တာနိ ဘေသဇ္ဇာနိ၊ အကြင် ဆေးတို့ကို။ ဂိလာနာနံ၊ နာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့သည်။ ပဋိသာယနီယာနိ၊ လျက်အပ်ကုန်၏။ ဧဒံ–ဣမာနိ ဘေသဇ္ဇာနိ၊ ဤဆေးတို့သည်။ သေယျထာ–ကတမာနိ၊ အဘယ်သည်တို့နည်း။ အဘယ်မျှတို့နည်း။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဦး။ တေလံ၊ ဆီ။ မဓု၊ ပျား။ ဖာဏိတံ၊ တင်လဲ။ ဣမာနိ၊ ဤသည်တို့တည်း။ ဤမျှတို့တည်း။ တာနိ၊ ထိုဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ သတ္တာဟပရမံ၊ ခုနစ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး။ သန္နိဓိကာရကံ၊ သိုမှီးခြင်းကိုပြု၍။ ပရိဘုဉ္ဇိတဗ္ဗာနိ၊ ပရိဘုတ်အပ်

http://www.dhammadownload.com



ကုန်၏။ တံ၊ ထိုခုနစ်ရက်ကို။ အတိက္ကာမယတော၊ အား။ နိဿဂ္ဂိယံ၊ စွန့်အပ်သော ဆေးဝတ္ထုရှိသော။ပ။

## ဆောင်ပုဒ်

သေယျထိဒံ၊ နှစ်ပုဒ်ပြွမ်းက၊ တတ်စွမ်းသောလျော်ကဲ၊ နောက်စကားကို၊ မှတ်သားကိုင်ကာ ငင်ယူပါ။

သေယျထာနောက်၊ လိင်ဝုစ်ထောက်၍၊ ထပ်လျောက်လေပါ ကတမာ တစ်ပုဒ်တည်းလည်း ရုံတစ်ခါ။

**အင်္ဂါ**။ ။၁–ဆေး၏ မိမိဥစ္စာအဖြစ်၊ ၂–နေ့ အရေအတွက် လောက်သောအဖြစ်၊ ၃–ဆေးဖြင့်ပြုအပ်သော ပလိဗောဓပြတ်ခြင်း၊ ၄–ဦးခေါင်း သုတ်စရာဆီ စသည်အကျိုးငှာ မဆောက်တည်ခြင်း၊ ၅–ခုနစ်ရက်လွန်ခြင်း၊ အင်္ဂါ ၅–ပါး။

**စတုတ္ထ**။ ။၂၄၊ ဂိမှာနံ၊ နွေဥတုတို့၏။ မာသော၊ အဆုံးတစ်လသည်။ သေသော၊ ကြွင်းသေး၏။ က္လတိ မနသိကတွာ၊ ၍။ ဘိက္ခုနာ၊ သည်။ ဝဿိကသာဋိက စီဝရံ၊ မိုးရေခံသင်္ကန်းကို။ ပရိယေသိတဗ္ဗံ၊ ရှာအပ်၏။ ဂိမှာနံ၊ တို့၏။ အမုမာသော၊ အဆုံးလခွဲသည်။ သေသော၊ ၏။ က္လတိ မနသိကတွာ၊ ၍။ ကတွာ၊ ချုပ်ဆိုး၍။ နိဝါသေတဗ္ဗံ၊ဝတ်အပ်၏။ ဂိမှာနံ၊တို့၏။ မာသော၊ သည်။ သေသော၊ ၏။ က္လတိ မနသိကတွာ၊ ၍။ ဩရေန၊ တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့မှစ၍ နယုန်လပြည့်နေ့တိုင်အောင် ခုနစ်လအတွင်း၌။ ဝဿိကသာဋိကစီဝရံ၊ မိုးရေခံသင်္ကန်းကို။ စေ ပရိယေသေယျ၊ အံ့။ ဂိမှာနံ၊တို့၏။ အမုမာသော၊ သည်။ သေသော၊ ၏။ က္လတိမနသိကတွာ၊ ၍။ ဩရေန၊ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့မှစ၍

http://www.dhammadownload.com



နယုန်လကွယ်နေ့တိုင်အောင် ခုနစ်လ အတွင်း၌။ ကတွာ၊ ချုပ်ဆိုး၍။ စေ နိဝါသေယျ၊ အကယ်၍ ဝတ်အံ့။ပ။

**မှတ်ချက်**။ ။ဤ၌ ဩရေန စေ၏နောက်၌ "ဘိက္ခု" ရှိသည်။ မလိုဟူ၏။

**အင်္ဂါ**။ ။၁–မိုးရေခံသင်္ကန်း၏ မိမိကိုသွန်းအပ်သည်၏အဖြစ်၊ ၂–အခါမဟုတ်သည်၌ ရှာခြင်း၊ ၃–ရှာသဖြင့်ရခြင်း၊ (ဤကား ပရိယေသန အာပတ်၌ အင်္ဂါ ၃–ပါး)

၁–မိမိသင်္ကန်း၏အဖြစ်၊ ၂–ဘေးရန်မရှိခြင်း၊ ၃–မိုးရေခံသင်္ကန်း၏ မိမိဥစ္စာ၏အဖြစ်၊ ၄–အခါမဟုတ်သည်၌ ဝတ်ခြင်း၊ (ဤကား နိဝါသနအာပတ်၌ အင်္ဂါ ၄–ပါး)

**ပဉ္စမ**။ ။၂၅၊ ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုဿ၊ အား။ သာမံ၊ ကိုယ်တိုင်။ စီဝရံ၊ ကို။ ဒတွာ၊ ပေး၍။ ကုပိတော၊ အမျက်ထွက်သည်ဖြစ်၍။ အနတ္တမနော၊ နှလုံးမသာသည်ဖြစ်၍။ အစ္ဆိန္ဒေယျ ဝါ၊ မိမိမူလည်း လုယက်ငြားအံ့။ အစ္ဆိန္ဒာပေယျ ဝါ၊ သူတစ်ပါးကိုမူလည်း လုယက်စေငြားအံ့။ပ။

**အင်္ဂါ**။ ။၁–ဝိကပ္ပနာလောက်သော သင်္ကန်း၏အဖြစ်၊ ၂–ကိုယ်တိုင်ပေးခြင်း၊ ၃–မိမိဥစ္စာဟု အမှတ်ရှိခြင်း၊ ၄–ပဉ္စင်းအဖြစ်၊ ၅–အမျက်၏အစွမ်းဖြင့် လုခြင်း, လုစေခြင်း၊ အင်္ဂါ ၅–ပါး။

**ဆဋ္ဌ**။ ။၂၆၊ ယော ပန ဘိက္ခု၊ သည်။ သာမံ၊ တိုင်။ သုတ္တံ၊ ချည်ကို။ ဝိညာပေတွာ၊ တောင်း၍။ တန္တဝါယေဟိ၊ ရက်ကန်းသည်တို့ကို။ စီဝရံ၊ ကို။ ဝါယာပေယျ၊ ရက်စေငြားအံ့။ပ။

**အင်္ဂါ**။ ။၁–သင်္ကန်းအကျိုးငှာ တောင်းအပ်သောချည်၊ ၂–မိမိကို ညွှန်းသည့်အဖြစ်၊ ၃–မအပ်သော ရက်ကန်းသည်ကို မအပ်သော တောင်းခြင်းဖြင့် ရက်စေခြင်း၊ အင်္ဂါ ၃–ပါး။

http://www.dhammadownload.com



**သတ္တမ**။ ။၂၇၊ ဘိက္ခုံပနေဝ၊ ကိုသာလျှင်။ ဥဒ္ဒိဿ၊ ၍။ အညာတကော၊ သော။ ဂဟပတိ ဝါ၊ ဒါယကာသည်လည်းကောင်း။ ဂဟပတာနီ ဝါ၊ ဒါယိကာမသည်လည်းကောင်း။ တန္တဝါယေဟိ၊ တို့ကို။ စီဝရံ၊ ကို။ ဝါယာပေယျ၊ ရက်စေငြားအံ့။ တတြ၊ ထို ရက်ကန်းသည်တို့၏ရွာ၌။ သော ဘိက္ခု၊ သည်။ ပုဗ္ဗေ၊ ၌။ အပ္ပဝါရိတော၊ မဖိတ်ဘဲ။ တန္တဝါယေ၊ ရက်ကန်းသည်တို့သို့။ ဥပသင်္ကမိတွာ၊ ၍။ စီဝရေ၊ ၌။ ဝိကပ္ပံ၊ အလွန်စီရင်ခြင်းသို့။ စေ အာပဇ္ဇေ ယျ၊ အံ့။ အာဝုသော၊ ဒါယကာတို့။ ခေါ၊ စင်စစ်။ ဣဒံစီဝရံ၊ ကို။ မံ၊ ကို။ ဥဒ္ဒိဿ၊ ၍။ ဝိယျတိ၊ ရက်အပ်၏။ အာယတဉ္စ၊ အလျားရှည်သည်ကိုလည်း။ ကရောထ၊ ပြုအပ်ကုန်လော့။ ဝိတ္ထတဉ္စ၊ အနံပြန့်သည်ကိုလည်း။ ကရောထ၊ လော့။ အပ္ပိတဉ္စ၊ တစ်ခဲနက်ထူသည်ကိုလည်း။ ကရောထ၊ လော့။ သုဝီတဉ္စ၊ ကောင်းစွာရက်အပ်သည်ကိုလည်း။ ကရောထ၊ လော့။ သုပ္ပဝါယိတဉ္စ၊ ကောင်းစွာ ခင်းအပ်သည် ကိုလည်း။ ကရောထ၊ လော့။ သုဝိလေခိတဉ္စ၊ ကောင်းစွာ နယ်ဖြင့် ကန်သည့်ကိုလည်း။ ကရောထ၊ လော့။ သုဝိတစ္ဆိတဉ္စ၊ ကောင်းစွာ ဘီးဖြင့် ဖြီးသည်ကိုလည်း။ ကရောထ၊ လော့။ မယမ္ပိ၊ ငါတို့ သည်လည်း။ အာယသ္မန္တာနံ၊ ဒါယကာတို့အား။ ကိဉ္စိမတ္တံ၊ စိုးစဉ်း မျှသော ပေးကမ်းဖွယ်ကို။ အပ္ပေဝနာမ အနုပဒဇ္ဇေယျာမ၊ ပေးကမ်း ရကုန်ငြားအံ့လည်း မသိ။ ဣတိ၊ သို့။ ဝိကပ္ပံ၊ သို့။ စေ အာပဇ္ဇေယျ၊ အံ့။ ဝေဉ္စ၊ ဤသို့လျှင်။ သော ဘိက္ခု၊ သည်။ ဝတွာ၊ ဆို၍။ အန္တမသော၊ ယုတ်သော အပိုင်းအခြား အားဖြင့်။ ပိဏ္ဍပါတမတ္တမ္ပိ၊ ဆွမ်းမျှလည်းဖြစ်သော။ ကိဉ္စိမတ္တံ၊ စိုးစဉ်းမျှသော ပေးကမ်းဖွယ်ကို။ အနုပဒဇ္ဇေယျ၊ ပေးငြားအံ့။ ပ။

http://www.dhammadownload.com



အင်္ဂါ။ ။၁-အမျိုးမစပ် မဖိတ်သောသူတို့၏ ရက်ကန်းသည်တို့သို့ ကပ်၍ အလွန်စီရင်ခြင်း၊ ၂-သင်္ကန်း၏ မိမိကို ညွှန်းသည်၏အဖြစ်၊ ၃-ထိုရဟန်း၏စကားကြောင့် ချည်ကို ပွားစေခြင်း၊ ၄-သင်္ကန်းကိုရခြင်း၊ အင်္ဂါ ၄-ပါး။

**အဋ္ဌမ**။ ။၂၈၊ ဒသာဟာနာဂတံ၊ ဆယ်ရက်ဖြင့် မရောက်သေးသော။ ကတ္တိကတေမာသိကပုဏ္ဏမံ၊ သီတင်းကျွတ်လပြည့်တိုင်အောင်သောနေ့၌။ ဝါ၊ ကတ္တိကတေမာသိကပုဏ္ဏမံ။ သီတင်းကျွတ်လပြည့်နေ့သို့။ ဒသာဟာနာဂတံ၊ ဆယ်ရက်ဖြင့် မရောက်သေးသော သတင်းကျွတ်လဆန်းငါးရက်မှ စ၍ ဖြစ်သော နေ့၌။ ဘိက္ခုနော ပနေဝ၊ ရဟန်းအားသာလျှင်။ အစ္စေကစီဝရံ၊ အဆောတလျင် ရှောင်တခင်လှူအပ်သော သင်္ကန်းသည်။ ဥပ္ပဇ္ဇေယျ၊ အံ့။ အစ္စေကံ၊ အဆောင်တလျင်ရှောင်တခင် လှူအပ်သော သင်္ကန်းဟူ၍။ မညမာနေန၊ သိသော။ ဘိက္ခုနာ၊ သည်။ ပဋိဂ္ဂဟေတွာ၊ ၍။ ယာဝ စီဝရကာလ သမယံ၊ သင်္ကန်းကာလ ကုန်ဆုံးသည့်တိုင်အောင်သော အခါပတ်လုံး။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ တတော၊ ထို သင်္ကန်းကာလထက်။ ဥတ္တရိ၊ အလွန်။ စေ နိက္ခိပေယျ၊ အကယ်၍ ထားငြားအံ့။ပ။

**အင်္ဂါ**။ ။ပထမ ကထိန သိက္ခာပုဒ် အင်္ဂါ ၅-ပါးတွင် ကာလလွန်ခြင်း အင်္ဂါမျှ ထူး၏။

**နဝမ**။ ။၂၉၊ ဥပဝဿံ ခေါ ပန၊ ပုရိမ ဝါကပ်၍နေပြီး၍သာလျှင်။ သာသင်္ကသမ္မတာနိ၊ ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော။ သပ္ပဋိဘယာနိ၊ ဘေးဘျမ်းနှင့်တကွ ဖြစ်ကုန်သော။ အာရညကာနိ၊ တောဌ် ဖြစ်ကုန်သော။ ယာနိခေါ ပန တာနိ သေနာသနာနိ၊ အကြင်ကျောင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တထာရူပေသု၊ ထိုသို့

http://www.dhammadownload.com



သဘောရှိကုန်သော။ သေနာသနေသု၊ ကျောင်းတို့၌။ ကတ္တိကပုဏ္ဏမံ၊ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သော ကာလပတ်လုံး။ ဝိဟာရန္တေ၊ နေလိုသော။ ဘိက္ခု၊ သည်။ အာကင်္ခမာနော၊ အလိုရှိသည်ရှိသော်။ တိဏ္ဏံ စီဝရာနံ၊ သုံးထည်သော သင်္ကန်းတို့တွင်။ အညတရံ စီဝရံ၊ တစ်ထည်ထည်သောသင်္ကန်းကို။ အန္တရဃရေ၊ ရွာအတွင်း၌။ နိက္ခိပေယျ၊ ထားရာ၏။ တဿ ဘိက္ခုနော၊ အား။ တေန စီဝရေန၊ ထိုရွာတွင်း၌ထားသော သင်္ကန်းနှင့်။ ဝိပ္ပဝါသာယ၊ အရပ်တစ်ပါးသို့ သွားသဖြင့် ကင်း၍နေခြင်းငှာ။ ကောစိဒေဝ ပစ္စယော၊ တစ်စုံတစ်ခု သောလျှင် ဖြစ်သောအကြောင်းသည်။ သိယာစအတ္ထိ၊ ရှိငြားအံ့။ ဆာရတ္တပရမံ၊ ခြောက်ည၌အပိုင်းအခြားရှိသော ကာလပတ်လုံး။ တေန ဘိက္ခုနာ၊ ထိုအရပ်တစ်ပါးသို့သွားသော ရဟန်းသည်။ တေန စီဝရေန၊ ထိုရွာအတွင်း၌ ထားသောသင်္ကန်းနှင့်။ ဝိပ္ပဝသိတဗ္ဗံ၊ ကင်း၍နေအပ်၏။ ဘိက္ခုသမ္မုတိယာ၊ ကို။ အညတြ–ဌပေတွာ၊ ၍။ တတော၊ ထိုခြောက်ည၌ထက်။ ဥတ္တရိ၊ အလွန်။ စေ ဝိပ္ပဝသေယျ၊ အကယ်၍ အရပ်တစ်ပါး၌ ကင်း၍နေငြားအံ့။ပ။

**အင်္ဂါ**။ ။၁–တိစီဝရိတ် အဓိဋ္ဌာန်ဖြင့် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်း၏အဖြစ်၊ ၂–သမ္မုတိမရခြင်း၊ ၃–ကင်း၍နေခြင်း၊ အင်္ဂါ ၃–ပါး။

**ဒသမ**။ ။၃၀၊ ယော ပန ဘိက္ခု၊ သည်။ ပရိဏတံ၊ သံဃာသို့ ကိုယ်နှုတ်ဖြင့် ညွှတ်လေပြီးသော။ သံဃိကံ၊ သံဃာ၏ဥစ္စာဖြစ်သော။ လာဘံ၊ ရပ်အပ်ပြီးသော သင်္ကန်း စသော ဝတ္ထုကို။ ဇာနံ–ဇာနန္တော၊ သိလျက်။ အတ္တနော၊ မိမိသို့။ ပရိဏာမေယျ၊ ညွှတ်စေငြားအံ့။ပ။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁–သံဃာ၌ ညွတ်ပြီးသည်၏အဖြစ်၊၂–ထိုလာဘ်ကို သိလျက် မိမိသို့ ညွတ်စေခြင်း၊ ၃–ရခြင်း၊ အင်္ဂါ ၃–ပါး။

နိဿဂ္ဂိယ ပါစိတ္တိယာ နိဋ္ဌိတာ။

## သုဒ္ဓပါစိတ်

**နိဒါန်း**။ ။အာသမ္မန္တော၊ တို့။ ဒွေနဝုတိ၊ ကိုးဆယ့်နှစ်ပါးကုန်သော။ ပါစိတ္တိယာ၊ သုဒ္ဓပါစိတ် အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ တို့သည်။ ဥဒ္ဒေသံ၊ သို့။ အာဂစ္ဆန္တိ၊ ကုန်၏။

### ၁။ မုသာဝါဒဝဂ်

**ပဌမ**။ ။၁၊ ယော ပန ဘိက္ခု၊ သည်။ ဘိက္ခူနံ၊ တို့၏။ သိက္ခာသာဇီဝသမာပန္နော၊ လျက်။ သိက္ခံ၊ ကို။ အပ္ပစ္စက္ခာယ၊ ၍။ ဒုဗ္ဗလျံ၊ ကို။ အနာဝိကတွာ၊ ၍။ သမ္ပဇာန မုသာဝါဒေ၊ သိလျက် ချွတ်ယွင်းသော စကားကိုဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏။

**အင်္ဂါ**။ ။၁–ချွတ်ယွင်းခြင်းသို့ ရှေးရှုသည်၏အဖြစ်၊ ၂–ချွတ်ယွင်းသောစိတ်ဖြင့် အကြင်အနက်ကို ဆိုလို၏, ထိုအနက်ကို ထိုပုဂ္ဂိုလ်အား သိစေခြင်းငှာ ကိုယ်,နှုတ်ဖြင့် လုံ့လပြုခြင်း၊ အင်္ဂါ ၂–ပါး။

**ဒုတိယ**။ ။၂၊ဩမသဝါဒေ၊နှုတ်လှံထိုးခြင်းကြောင့်။ ဝါ၊ နား,နှလုံးကို ထိုးကျင့်သော စကားကို ဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

**ဆဲရေးခြင်း ၁၀–ပါး**

ဇာတိ နာမ ဂေါတ္တ ကမ္မံ၊
သိပ္ပံ အာဗာဓ လိင်္ဂကံ။
ကိလေသာပတ္တိ အက္ကောသော၊
ဒသိမောမာသဝါဒကာ။

http://www.dhammadownload.com



**အနက်**။ ။ဇာတိ၊ ယုတ်,မြတ်သော အမျိုး။ နာမ၊ ယုတ်,မြတ်သောအမည်။ ဂေါတ္တ၊ ယုတ်,မြတ်သောအနွယ်။ ကမ္မ၊ ယုတ်,မြတ်သောအမှု။ သိပ္ပ၊ ယုတ်,မြတ်သောအတတ်။ အာဗာဓ၊ ယုတ်,မြတ်သော အနာ။ လိင်္ဂကံ၊ ယုတ်,မြတ်သော သဏ္ဍာန်အသွင်။ ကိလေသာ၊ ယုတ်,မြတ်သော ကိလေသာ။ အာပတ္တိ၊ ယုတ်,မြတ်သော အာပတ်။ အက္ကောသော၊ ယုတ်,မြတ်သော ဆဲရေးခြင်း။ ဣမေဒသ၊ ဤဆယ်ပါးတို့သည်။ ဩမသဝါဒကာ၊ ဩမသဝါဒ မည်ကုန်၏။

**အင်္ဂါ**။ ။၁–အကြင်သူကို ဆဲရေး၏, ထိုသူ၏ ပဥ္စင်းအဖြစ်၊ ၂–သူတစ်ပါးကို မရည်ညွှန်းဘဲ ဇာတ် စသည်ဖြင့် ဆဲရေးခြင်း၊ ၃–ဆဲရေး၏ဟု သိခြင်း၊ ၄–အနက်ကို ရှေးရှုခြင်,၊ ပါဠိကို ရှေးရှုခြင်း, ဆုံးမခြင်းကို ရှေးရှုခြင်း၏ မရှိခြင်း၊ အင်္ဂါ ၄–ပါး။

**တတိယ**။ ။၃၊ ဘိက္ခုပေသုညေ၊ ရဟန်းတို့ကို ချောပစ်ကုန်းတိုက်ခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

**အင်္ဂါ**။ ။၁–ဇာတ်နာမ် စသော ဝတ္ထုဆယ်ပါးဖြင့် သူတစ်ပါး မညွှန်းဘဲ ဆဲရေးသော ရဟန်း၏စကားကိုကြား၍ ရဟန်းအထံသို့ ဆောင်ခြင်းတို့တွင် တစ်ပါးပါး၏အဖြစ်၊ ၂–ထိုစကားကို ထိုရဟန်း၏ သိခြင်း၊ အင်္ဂါ ၂–ပါး။

**စတုတ္ထ**။ ။၄၊ ယော ပန ဘိက္ခု၊ သည်။ အနုပသမ္ပန္နံ၊ လူသာမဏေကို။ ပဒသော၊ ပုဒ်ပြိုင်။ ဝါ၊ ပဒ, အနုပဒ, အနွက္ခရ, အနုဗျဉ္စနတို့တွင် တစ်ခုခုသော အဖို့အစုအားဖြင့်။ ဓမ္မံ၊ ပိဋကတ်သုံးပုံ ပါဠိ, အဋ္ဌကထာ တရားကို။ ဝါစေယျ၊ တစ်ပြိုင်နက် ပို့ချပြောအံ့။ တဿ ဘိက္ခုနော၊ အား။ ပဒါဒိဂဏနာယ၊ ပုဒ် စသော အရေအတွက်ဖြင့်။ ပါစိတ္တိယံ၊ ၏။

http://www.dhammadownload.com



## ဆောင်ပုဒ်

အချီအချ၊ တူပြိုင်မှ၊ ပဒ မည်သည်သာ။
အသီးချီချ၊ တူပြိုင်ချ၊ ပဒ အနုမှာ။
ရှုပ် အနိစ္စ၊ သင်ရွတ်အံ၊ ဆုံးတံရှုမှာ၊ နွက္ခရာ။
ရှုပ် အနိစ္စ၊ သင်အံသောအခါ၊ ပညာလျင်ထွေ၊
ဝေဒနာ အနိစ္စာ၊ တူစွာရွတ်မူ၊ အမှတ်ပြု၊ အနုဗျဉ္ဇနာ။
လေးပါးလုံးတွင်၊ ရွတ်တိုင်းပင်၊ ပြိုင်လျှင် သင့်သည်သာ။

**အင်္ဂါ**။ ။၁–လူသာမဏေ၏အဖြစ်၊ ၂–ပါဠိ, အဋ္ဌကထာတရားကို ပုဒ်ပြိုင်ချခြင်း၊ ၃–တစ်ပြိုင်နက်ဆုံးခြင်း၊ အင်္ဂါ ၃–ပါး။

**ပဉ္စမ**။ ။၅၊ ယော ပန ဘိက္ခု၊ သည်။ အနုပသမ္ပန္နေန၊ လူသာမဏေနှင့်။ ဥတ္တရိဒိရတ္တတိရတ္တံ၊ နှစ်ညဉ့်,သုံးညဉ့်ထက် အလွန်။ သဟသေယျံ၊ တစ်မိုးတစ်ယံတည်းသော ကျောင်း၌တကွ အိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုအံ့။ပ။

**အင်္ဂါ**။ ။၁–အလုံးစုံအမိုး အလုံးစုံ အရံရှိခြင်း၊ များသောအမိုးများသော အရံရှိခြင်းကြောင့် ပါစိတ်ဝတ္ထု ဖြစ်လောက်သောကျောင်း၊ ၂–ထိုကျောင်း၌ သာမဏေနှင့်တကွ အိပ်ခြင်း၊ ၃–လေးရက်မြောက်၌ နေဝင်ခြင်း၊ အင်္ဂါ ၃–ပါး။

**ဆဋ္ဌမ**။ ။၆၊ ယော ပန ဘိက္ခု၊ သည်။ မာတုဂါမေန၊ နှင့်။ သဟသေယျံ၊ ကို။ ကပ္ပေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–ပါစိတ်ဝတ္ထုလောက်သောကျောင်း၊ ၂–ထိုကျောင်း၌ မာတုဂါမနှင့်တကွ အိပ်ခြင်း၊ ၃–နေဝင်ခြင်း၊ အင်္ဂါ ၃–ပါး။

**သတ္တမ**။ ။၇၊ ယော ပန ဘိက္ခု၊ သည်။ ဝိညုနာ၊ သိကြား လိမ္မာသော။ ပုရိသဝိဂ္ဂဟေန၊ လူဖြစ်သော ယောကျ်ားကို။ အညတြ– ဝိနာ၊ ကြဉ်၍။ မာတုဂါမဿ၊ အား။ ဥတ္တရိဆပ္ပဉ္စ ဝါစာဟိ၊

http://www.dhammadownload.com



ငါးပုဒ်,ခြောက်ပုဒ်တက် လွန်သော စကားတို့ဖြင့်။ ဓမ္မံ၊ ပိဋကတ် သုံးပုံ ပါဠိ, အဋ္ဌကထာတရားကို။ ဒေသေယျ၊ မာဂဓဘာသာဖြင့် ဟောငြားအံ့။ပ။

**အင်္ဂါ**။ ။၁-ပါဠိ, အဋ္ဌကထာတရားကို ခြောက်ပုဒ်ထက် အလွန်ဟောခြင်း၊ ၂-သိကြား လိမ္မာသော မာတုဂါမ၊ ၃-ဣရိယာပုတ် မပြောင်းခြင်း၊ ၄-သိကြား လိမ္မာသော ယောကျ်ား၊ ၅-ပြဿနာကို ဖြေရှင်းခြင်း၏ မရှိခြင်း၊ အင်္ဂါ ၅-ပါး။

**အဋ္ဌမ**။ ။၈၊ ယော ပန ဘိက္ခု၊ သည်။ အနုပသမ္ပန္နဿ၊ လူသာမဏေအား။ ဥတ္တရိမနုဿဓမ္မံ၊ ကို။ ဝါ၊ ကို။ အာရောစေယျ၊ အံ့။ ဘူတသ္မိံ၊ ဟုတ်မှန်သည်ရှိသော်။ပ။

**အင်္ဂါ**။ ။၁-ဥတ္တရိမနုဿဓမ္မ၏ ထင်ရှားရှိခြင်း၊ ၂-လူသာမဏေအား ကြားခြင်း၊ ၃-ထိုခဏ၌ သိခြင်း၊ ၄-သူတစ်ပါးကို မရည်ညွှန်းအပ်ခြင်း၊ အင်္ဂါ ၄-ပါး။

**နဝမ**။ ။၉၊ ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုသမ္မုတိယာ၊ အပလောကနကံဖြင့် သမုတ်ခြင်းကို။ အညတြ-ဌပေတွာ၊ ၍။ ဘိက္ခုဿ၊ ၏။ ဒုဋ္ဌုလ္လံ၊ ရုန့်ရင်းသော။ အာပတ္တိံ၊ သံဃာဒိသိသ် အာပတ်ကို။ အနုပသမ္ပန္နဿ၊ အား။ အာရောစေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁-ရဟန်း၏ဝတ္ထုနှင့် တကွသော သံဃာဒိသိသ်၊ ၂-လူသာမဏေအား ကြားခြင်း၊ ၃-သမ္မုတိမရခြင်း၊ အင်္ဂါ ၃-ပါး။

**ဒသမ**။ ။၁၀၊ ယော ပန ဘိက္ခု၊ သည်။ ပထဝိံ၊ မြေစစ်ဖြစ်သော ဇာတပထဝီကို။ ခဏေယျ ဝါ၊ မိမိမူလည်း တူးငြားအံ့။ ခဏာပေယျ ဝါ၊ သူတစ်ပါးကိုမူလည်း တူးစေငြားအံ့။ပ။

**အင်္ဂါ**။ ။၁-မြေစစ်၊ ၂-မြေစစ်ဟူသော အမှတ်ရှိခြင်း၊ ၃-တူးခြင်း, တူးစေခြင်းတို့တွင် တစ်ပါးပါး၊ အင်္ဂါ ၃-ပါး။

http://www.dhammadownload.com



## ၂။ ဘူတဂါမဝဂ်

**ပထမ**။ ။၁၁၊ ဘူတဂါမပါတဗျတာယ၊ ကြီးပွားဆဲ ကြီးပွားပြီးသော မြက်သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းကြောင့်။ပါစိတ္တိယံ၊ ၏။

**မှတ်ဖွယ်**။ ။ပါတိမောက္ခဂဏ္ဌိ ဆရာကား တဗျပစ္စည်းကို ဘောအနက်၌ စီရင်၏။ သဒ္ဒနီတိ ဆရာမြတ်ကား ဘော,ကံ,ကတ္တားအနက်၌ စီရင်၏။

**အင်္ဂါ**။ ။၁–ဘူတဂါမ်၊ ၂–ဘူတဂါမ်ဟု အမှတ်ရှိခြင်း၊ ၃–ဖျက်ခြင်း, ဖျက်စေခြင်း၊ အင်္ဂါ ၃–ပါး။

**ဒုတိယ**။ ။၁၂၊ အညဝါတကေ၊ မေးအပ်သည်မှတစ်ပါးသော စကားကိုဆိုခြင်းကြောင့်။ ဝါ၊ အဖျင်းဖျင်းဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။ ဝိဟေသကေ၊ ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှဉ်းဆဲခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

**အင်္ဂါ**။ ။၁–ဓမ္မကံဖြင့် အညဝါဒက, ဝိဟေသကကံသို့ တင်ခြင်း၊ ၂–အာပတ်ဖြင့်လည်းကောင်း,ဝတ္ထုဖြင့်လည်းကောင်း စိစစ်ခြင်း၊ ၃–ဖုံးလွှမ်းလိုသဖြင့် အဖျင်းဖျင်းပြုခြင်း, ဆိတ်ဆိတ်နေခြင်း၊ အင်္ဂါ ၃–ပါး။

**တတိယ**။ ။၁၃၊ ဥဇ္ဈာပနကေ၊ ကဲ့ရဲ့ခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။ ခိယျနကေ၊ ရှုတ်ချခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

**အင်္ဂါ**။ ။၁–ဓမ္မကံဖြင့် သမုတ်အပ်သည်၏အဖြစ်၊၂–ပဉ္စင်း၏အဖြစ်၊ ၃–အဂတိသို့ လိုက်ခြင်းမရှိခြင်း၊ ၄–ထိုသူ၏ကျေးဇူးမဲ့ကို အလိုရှိခြင်း၊ ၅–အကြင်သူ၏အထံ၌ ဆို၏, ထိုသူ၏ပဉ္စင်းအဖြစ်၊ ၆–ကဲ့ရဲ့ခြင်း, ရှုတ်ချခြင်း၊ အင်္ဂါ ၆–ပါး။

**စတုတ္ထ**။ ။၁၄၊ ယော ပန ဘိက္ခုသည်။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ မဉ္စံ ဝါ၊ ညောင်စောင်းကိုလည်းကောင်း။ ပီဌံဝါ၊ အင်းပျဉ်ကိုလည်းကောင်း။ ဘိသိံ ဝါ၊ ဘုံလျှိုကိုလည်းကောင်း။

http://www.dhammadownload.com



ကောစ္ဆံ ဝါ၊ ခတ်အခင်းကိုလည်းကောင်း။ အဇ္ဈောကာသေ၊ ဟင်းလင်းအပြင် လွင်တီးခေါင်အရပ်၌။ သန္ထရိတွာ ဝါ၊ မိမိခင်း၍လည်းကောင်း။ သန္ထရာပေတွာဝါ၊ သူတစ်ပါးကိုခင်းစေ၍လည်းကောင်း။ တံ၊ ထိုညောင်စောင်းစသည်ကို။ ပက္ကမန္တော၊ အရပ်တစ်ပါးသို့ ဖဲသည်ရှိသော်။ နေဝဥဒ္ဓရေယျ ဝါ၊ မိမိမှုလည်း မသိမ်းငြားအံ့။ န ဥဒ္ဓရာပေယျ ဝါ၊ သူတစ်ပါးကိုမှုလည်း မသိမ်းစေငြားအံ့။ အနာပုစ္ဆံ ဝါ၊ မပန်ကြားမူ၍လည်း။ ဂစ္ဆေယျ၊ သွားငြားအံ့။

**အင်္ဂါ**။ ။၁-ညောင်စောင်း စသည်၏ သံဃိက၏အဖြစ်၊ ၂-အဇ္ဈောကာသ၌ ခင်းခြင်း, ခင်းစေခြင်း၊ ၃-နှိပ်စက်ခြင်း မရှိခြင်း၊ ၄-ဘေးရန်မရှိခြင်း၊ ၅-ငဲ့ကွက်ခြင်းမရှိဖဲခြင်း၊ ၆-ခဲတစ်ကျကိုလွန်ခြင်း၊ အင်္ဂါ ၆-ပါး။

**ပဥ္စမ**။ ။၁၅၊ ယော ပန ဘိက္ခု၊ သည်။ သံဃိကေ၊ သံဃာ၏ ဥစ္စာဖြစ်သော။ ဝိဟာရေ၊ ၌။ သေယျံ၊ အိပ်ရာနေရာကို။ သန္ထရိတွာ ဝါ၊ ၍လည်းကောင်း။ သန္ထရာပေတွာ ဝါ၊ ၍လည်းကောင်း။ တံ၊ ထိုအိပ်ရာနေရာကို။ ပက္ကမန္တော၊ သော်။ နေဝဥဒ္ဓရေယျ၊ အံ့။ န ဥဒ္ဓရာပေယျ၊ အံ့။ အနာပုစ္ဆံ ဝါ၊ ၍လည်းကောင်း။ ဂစ္ဆေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁-ဘုံလျှို စသော အိပ်ရာဆယ်ပါး၊ ၂-ထိုအိပ်ရာ၏ သံဃာဥစ္စာ၊ ၃-သံဃိကကျောင်း၌ ခင်းခြင်း, ခင်းစေခြင်း၊ ၄-နှိပ်စက်ခြင်း, မရှိခြင်း၊ ၅-ဘေးရန်မရှိခြင်း၊ ၆-ငဲ့ကွက်ခြင်းမရှိ ဖဲခြင်း၊ ၇-ဥပစာရသိမ်ကို လွန်ခြင်း၊ အင်္ဂါ ၇-ပါး။

**ဆဋ္ဌ**။ ။၁၆၊ ယော ပန ဘိက္ခု၊ သည်။ သံဃိကေ၊ သော။ ဝိဟာရေ၊ ၌။ ဇာနံ-ဇာနန္တော၊ သိတင်းကြီး, သူနာ, သံဃာပေးသော သူဟု သိလျက်။ ပုဗ္ဗုပဂတံ၊ ရှေးဦးစွာ ကပ်လင့်သော။ ဘိက္ခုံ၊ ကို။

http://www.dhammadownload.com



အနုပခဇ္ဇ၊ တိုးဝှေ့၍။ သေယျံ၊ အိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုငြားအံ့။ ယဿ၊ အကြင်ရဟန်းအား။ သမ္ဗာဓော၊ ကျဉ်းမြောင်းခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထိုရဟန်းသည်။ ပက္ကမိဿတိ၊ ဖဲလတ္တံ့။ ဣတိ မနသိကတွာ၊ ၍။ ဧတဒေဝ၊ ထိုကျဉ်းမြောင်း၍ ဖဲစလိုခြင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ၊ အကြောင်းပြု၍။ အနညံ၊ အကြောင်းတစ်ပါးမရှိဘဲ။ သေယျံ၊ ကို။ ကပ္ပေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁-သံဃိကကျောင်း၊ ၂-မထစေအပ်သောသူဟု သိခြင်း၊ ၃-ကျဉ်းမြောင်းစေလိုခြင်း၊ ၄-အနီး၌ထိုင်ခြင်း, အိပ်ခြင်း၊ အင်္ဂါ ၄-ပါး။

**သတ္တမ**။ ။၁၇၊ ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုံ၊ ကို။ ကုပိတော၊ ၍။ အနတ္တမနော၊ ၍။ သံဃိကာ၊ သော။ ဝိဟာရာ၊ မှ။ နိက္ကဍ္ဎေယျ ဝါ၊ မိမိမူလည်း နှင်ထုတ်ငြားအံ့။ နိက္ကဍ္ဎာပေယျ ဝါ၊ သူတစ်ပါးကိုမူလည်း နှင်ထုတ်စေငြားအံ့။ပ။

**အင်္ဂါ**။ ။၁-သံဃိကကျောင်း၊ ၂-ပဉ္စင်း၏ ဘဏ္ဍာနာကာရက စသော အဖြစ်မှ ကင်းခြင်း၊ ၃-အမျက်ဖြင့် ထုတ်ခြင်း, ထုတ်စေခြင်း၊ အင်္ဂါ ၃-ပါး။

**အဋ္ဌမ**။ ။၁၈၊ ယော ပန ဘိက္ခု၊ သည်။ သံဃိကေ၊ သော။ ဝိဟာရေ၊ ၌။ ဥပရိဝေဟာသကုဋိယာ၊ အထက်ဆင့်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၌။ ဝါ၊ ဝေဟာသကုဋိယာ၊ ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော ကုဋိ၏။ ဥပရိ၊ အထက်ဘုံ ယက်မဆင့်သား၏ အထက်၌။ ဣပိတံ၊ ထားအပ်သော။ အာဟစ္စပါဒကံ၊ အပေါက်၌ အခြေတပ်သော။ မဉ္စံ ဝါ၊ ကိုလည်းကောင်း၊ ပီဌံ ဝါ၊ ကိုလည်းကောင်း။ အဘိနိသီဒေယျ ဝါ၊ ဖိ၍မူလည်း ထိုင်ငြားအံ့။ အဘိနိပဇ္ဇေယျ ဝါ၊ ဖိ၍မူလည်း အိပ်ငြားအံ့။

ပ
B

http://www.dhammadownload.com



**မှတ်ဖွယ်**။ ။ဤ၌ "သဟသာ" ရှိသည်၊ မလို ဟူ၏။

**ဝေဟာသကုဋိ**။ ။"ဝေဟာသကုဋိ" ဟူသည်ကား ဘုံနှစ်ဆင့်ရှိသောကျောင်း၌ ဒုတိယဘုံတွင် ယက်မလျှို၍ ဆင့်သားခံပြီးလျှင် ကြမ်းပျဉ် မခင်းမစီဘဲ ညှောင်းစောင်း အင်းပျဉ်တင်၍သာ သုံးဆောင်သော ကုဋိတည်း၊ ဘုံသုံးဆင့်ရှိရာ၌လည်း နည်းတူပင်၊ ထိုဘုံဆင့်လည်း အမြင့်အားဖြင့် မစ္ဈိမပုရိသ၏ ဦးခေါင်း မထိအောင် မြင့်သည်ကို လိုအပ်၏။ ထို့ကြောင့် ကင်္ခါ၌ "ဥပရိဝေဟာသ ကုဋိယာတိ ဥပရိ အစ္ဆန္နတလာယ ဒွိဘူမိက ကုဋိယာ ဝါ၊ တိ ဘူမိကကုဋိယာ ဝါ၊ ပဒဘာဇနေ ပန ဣဓ အဓိပ္ပေတံ ကုဋိဒဿေတုံ မစ္ဈိမဿ ပုရိသဿ အသီသ ဃဋ္ဋာတိ ဝုတ္တာ"ဟု မိန့်အပ်၏။

**အင်္ဂါ**။ ။၁-သံဃိကကျောင်း၊ ၂-ဦးခေါင်းမထိသော ဝေဟာသကုဋိ၊ ၃-အောက်၌ သုံးဆောင်ကောင်းခြင်း၊ ၄-စရှေး၌ ကလန့်မနက်သော အပေါင်၌ အခြေစွပ်သော ညှောင်းစောင်းအင်းပျဉ်း၌ ထိုင်ခြင်း၊ အင်္ဂါ ၃-ပါး။

**နဝမ**။ ။၁၉၊ မဟလ္လကံ၊ သော။ ဝိဟာရံ၊ ကို။ ကာရယမာနေန၊ သော။ ဘိက္ခုနာပန၊ သည်ကား။ ယာဝဒွါရကောသာ၊ တံခါးဘောင်၏ နှစ်တောင့်ထွာအရပ်တိုင်အောင်။ အဂ္ဂဠဋ္ဌပနာယ၊ တံခါးဘောင်နှင့်တကွ တံခါးအိမ်ကို မြဲမြံစွာ ထားခြင်းငှာ။ အာလောကသန္ဓိ ပရိကမ္မာယ၊ အထက်လေသာပြတင်းကို အပြေအပြစ် ပြုခြင်းငှာ။ ပုနပ္ပုနံ၊ အထပ်ထပ်။ လေပေတဗ္ဗော၊ လိမ်းကျံအပ်၏။ ဆဒနဿ၊ အမိုး၏။ ဒွတ္တိပရိယာယံ၊ နှစ်စဉ် သုံးစဉ် မိုးခြင်းကို။ အပ္ပဟရိတေ၊ စိမ်းသော ကောက်ပဲ မရှိရာ၌။ ဌိတေန၊ ရပ်သဖြင့်။ အဓိဋ္ဌာ တဗ္ဗံ၊ စီရင်အပ်၏။ တတော၊ ထိုနှစ်စဉ် သုံးစဉ် အမိုးထက်။

http://www.dhammadownload.com



ဥတ္တရိ၊ အလွန်။ အပ္ပဟာရိတော၊ စိမ်းသောကောက်ပဲ မရှိရာ၌။ ဌိတော– ရပ်လျက်။ စေ အဓိဋ္ဌဟေယျ၊ အကယ်၍ စီရင်ငြားအံ့။ပ။

**အင်္ဂါ**။ ။၁–ကြီးသော ကျောင်း၊ ၂–မိမိနေရာ၏အဖြစ်၊ ၃–အလွန်စီရင်ခြင်း၊ အင်္ဂါ ၃–ပါး။

**ဒသမ**။ ။၂၀၊ ယော ပန ဘိက္ခု၊ သည်။ ဇာနံ–ဇာနန္တော၊ သိလျက်။ သပ္ပါဏကံ–သပ္ပါဏကေန၊ ပိုးရှိသော။ ဥဒကံ–ဥဒကေန၊ ရေဖြင့်။ တိဏံ ဝါ၊ မြက်ကို လည်းကောင်း။ မတ္တိကံ ဝါ၊ မြေကိုလည်းကောင်း။ သိဉ္စေယျ ဝါ၊ မိမိမူလည်း သွန်ငြားအံ့။ သိဉ္စာပေယျ ဝါ၊ သူ့ကိုမူလည်း သွန်စေငြားအံ့။ တဿ။ပ။ ပါစိတ္တိယံ၊ ၏။ ဝါ–သပ္ပါဏကံ၊ သော။ ဥဒကံ၊ ကို။ တိဏံ ဝါ၊ မြက်၌လည်းကောင်း။ မတ္တိကံ ဝါ၊ မြေ၌လည်းကောင်း။ပ။ ဝါ–ဥဒကံ၊ ကို။ ဂဟေတွာ၊ ၍။ ဗဟိ၌။ သိဉ္စေယျ၊အံ့။ တမှိ စ ဥဒကေ၊ ထိုရေ၌လည်း။ တိဏံ ဝါ၊ ကိုလည်းကောင်း။ မတ္တိကံဝါ၊ ကိုလည်းကောင်း။ အာဟရိတွာ၊ ၍။ ပက္ခိပေယျ၊ အံ့။ပ။

**မှတ်သားဖွယ်**

သပ္ပါဏကံ သပ္ပါဏကေန၊ တိဏံ သိဉ္စာယျဝါ ပန။
သပ္ပါဏကံ ဂဟေတွာန၊ တိဏာမှိ သိဉ္စာပေယျ ဝါ။
သပ္ပါဏကံ ဂဟေတွာန၊ ဗဟိ ဆဍ္ဍေယျ တမှိ စ။
တိဏာဒိံဝါ ဟရိတွာန၊ ပက္ခိပေယျတိ ယောဇနာ။

**အင်္ဂါ**။ ။၁–ရေ၏ ပိုးရှိသောအဖြစ်၊ ၂–သွန်သဖြင့် ပိုးသေလတ္တံ့ဟု သိခြင်း၊ ၃–ထိုပိုးရှိသော ရေ၊ ၃–ထိုသို့ သဘောရှိသောရေကို ဝဓက စေတနာနှင့် ကင်း၍ တစ်စုံတစ်ခုပြုဖွယ်ဖြင့် မြက်စသည်ကိုသွန်ခြင်း၊ အင်္ဂါ ၄–ပါး။

http://www.dhammadownload.com



## ၃။ ဘိက္ခုနောဝါဒဝဂ်

**ပဌမ**။ ။၂၁၊ ယော ပန ဘိက္ခု၊ သည်။ အသမ္မတော၊ သမ္မုတိ မရဘဲ။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့ကို။ ဩဝဒေယျ၊ ဂရုဓမ် ရှစ်ပါးဖြင့် ဆုံးမငြားအံ့။ပ။

သီလံ သုတဥ္စ သွာဂတံ၊ ဝါစော ပိယော ပဋိဗလော။

နဠာပန္နော ဝီသာဓိကော၊ ဘိက္ခုနောဝါဒ ကင်္ဂမေ။

**အနက်**။ ။သီလံ၊ သီလရှိခြင်း၊ သုတဥ္စ၊ အကြားအမြင်များခြင်း။ သွာဂတံ၊ ဝိဘင်းနှင့်တကွ နှစ်ပါးသော မာတိကာ နှုတ်၌ လာခြင်း။ ဝါစော၊ ကောင်းသော စကားရှိခြင်း။ ပိယော၊ များသောအားဖြင့် ဘိက္ခုနီမတို့ ချစ်ခြင်း။ ပဋိဗလော၊ ဘိက္ခုနီမတို့အား ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ နဠာပန္နော၊ လူဖြစ်သောအခါ ဘိက္ခုနီမတို့၌ ကာယ သံသဂ္ဂသို့, သိက္ခ မာန် သာမဏေမတို့၌ မေထုနသံဝါသသို့ မရောက်ဖူးခြင်း။ ဝီသာဓိကော၊ ဝါနှစ်ဆယ်, ဝါနှစ်ဆယ်ထက် အလွန်ရှိခြင်း။ ဣမေ၊ ဤရှစ်ပါးတို့သည်။ ဘိက္ခုနောဝါဒကင်္ဂံ၊ ဘိက္ခုနောဝါဒက သမ္မုတိရခြင်း၏ အကြောင်းတည်း။

**ဂရုဓမ် ၈–ပါး**

ဝဿသတမဘိက္ခုကံ၊ ပစ္စာသီသာ ပဝါရဏာ။

မာနတ္တံ ပသမ္ပဒေသာ၊ နက္ကောသော ဩဝဒော ဂရု။

**အနက်**။ ။ဝဿသတံ၊ ဝါတစ်ရာရသော ဘိက္ခုနီမသည် ထိုနေ့ ပဥ္စင်းခံသော ရဟန်းကို ရှိခိုးရခြင်း။ အဘိက္ခုကံ၊ ဘိက္ခုနီမသည် ရဟန်းမရှိသောကျောင်း၌ ဝါမဆိုရခြင်း။ ပစ္စာသီသာ၊ လခွဲတိုင်း ရဟန်းသံဃာမှ ဥပုသ်မေးခြင်း, ဆုံးမခံယူခြင်းငှာ ကပ်ခြင်း, တရားနှစ်ပါးတို့ တောင့်တရခြင်း။ ပဝါရဏာ၊ ဝါကျွတ်ပြီးခါ သံဃာနှစ်ပါး၌ သုံးပါးသော အကြောင်းဖြင့် ဖိတ်ရခြင်း။ မာနတ္တံ၊ သံဃာဒိသိသ်သို့ ရောက်သောအခါ သံဃာနှစ်ပါး၌ ပက္ခမာနတ်

http://www.dhammadownload.com



ကျင့်ရခြင်း။ ဥပသမ္ပဒေသာ၊ ၂–နှစ်ပတ်လုံး ခြောက်ပါးသော တရားတို့၌ ကျင့်အပ်ပြီးသော သိက္ခာရှိသော သိက္ခာမာန်အား နှစ်ပါးသော သံဃာ၌ ပဉ္စင်းခံခြင်းကို ရှာရခြင်း။ နက္ကော သော၊ တစ်စုံတစ်ခုသော အကြောင်းနှင့် ရဟန်းကို မဆဲရေးရခြင်း။ ဩဝဋော၊ ဘိက္ခုနီမတို့အား ဘိက္ခုတို့၌ ဆိုခြင်း၏အကြောင်းကို မြစ်ခြင်း၊ ဘိက္ခုတို့အား ဘိက္ခုနီမတို့၌ ဆိုခြင်း၏အကြောင်းကို မမြစ်ခြင်း။ ဣမေ၊ ဤရှစ်ပါးတို့သည်။ ဂရု၊ ဂရုဓမ်မည်ကုန်၏။

**အင်္ဂါ**။ ။၁–သမ္မုတိမရခြင်း၊ ၂–ဘိက္ခုနီမ၏ ပြည့်စုံသော ပဉ္စင်း၏အဖြစ်၊ ၃–ဆုံးမခြင်း၏အစွမ်းဖြင့် အဋ္ဌဂရုဓမ်ကို ဟောခြင်း၊ အင်္ဂါ ၃–ပါး။

**ဒုတိယ**။ ။၂၂၊သမ္မတော၊ သမ္မုတိရသော။ ဘိက္ခုပိ၊ သည်လည်း။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ ဘိက္ခုနိယော၊ တို့ကို။ စေ ဩဝဒေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–နေဝင်ခြင်း၊ ၂–ပြည့်စုံသော ပဉ္စင်းဖြစ်ခြင်း၊၃–ဆုံးမခြင်း၊ အင်္ဂါ ၃–ပါး။

**တတိယ**။ ။၂၃၊ ယော ပန ဘိက္ခု၊ သည်။ သမယာ၊ အခါကို။ အညတြ–ဌပေတွာ၊ ၍။ ဘိက္ခုနုပဿယံ၊ ဘိက္ခုနီမ ကျောင်းသို့။ ဥပသင်္ကမိတွာ၊ ၍။ ဘိက္ခုနိယော၊ တို့ကို။ ဩဝဒေယျ၊ အံ့။ တဿ၊ ။ပ။ ပါစိတ္တိယံ၊ ၏။ တတ္ထ၊ ထိုဘိက္ခုနီမကျောင်းသို့ သွား၍ ဆုံးမရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သမယော၊ တည်း။ ဘိက္ခုနီ၊ သည်။ ဂိလာနာ၊ နာသည်။ ဟောတိ၊ ၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ တတ္ထ၊ ထိုဘိက္ခုနီမတို့ ကျောင်းသို့ သွား၍ ဆုံးမရာ၌။ သမယော၊ တည်း။

**အင်္ဂါ**။ ။၁–ဘိက္ခုနီမကျောင်းသို့ ကပ်ခြင်း၊ ၂–ပြည့်စုံသော ပဉ္စင်းအဖြစ်၊ ၃–အခါမရှိခြင်း၊ ၄–ဂရုဓမ်ဖြင့် ဆုံးမခြင်း၊အင်္ဂါ ၄–ပါး။

http://www.dhammadownload.com



**စတုတ္ထ**။ ။၂၄၊ ယော ပန ဘိက္ခု၊ သည်။ အာမိသဟေတု၊ သက်နိုး စသော အာမိသ ဟူသော အကြောင်းကြောင့်။ ထေရာ၊ ထေရ်ဖြစ်ကုန်သော။ ဘိက္ခု၊ တို့သည်။ ဘိက္ခုနိယော၊ တို့ကို။ ဩဝဒန္တိ၊ ဆုံးမကုန်၏။ ဣတိ၊ သို့။ ဝဒေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–ပဥ္စင်း၏အဖြစ်၊ ၂–တရားသဖြင့် သမ္မုတိကို ရခြင်း၊ ၃–အာမိသကို ငဲ့သော စိတ်မရှိခြင်း၊ ၄–ကျေးဇူးမဲ့ကို လို၍ ဤသို့ ဆိုခြင်း၊ အင်္ဂါ ၄–ပါး။

**ပဉ္စမ**။ ။၂၅၊ ယော ပန ဘိက္ခု၊ သည်။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ ရဟန်းမအား။ ပါရိဝတ္တကာ၊ ဖလှယ်ကြသည်ကို။ အညတြ–ဌပေတွာ၊ ၍။ စီဝရံ၊ ကို။ ဒဒေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–အင်္ဂါကို စီဝရ ပဋိဂ္ဂဟဏသိက္ခာပုဒ်ကဲ့သို့ သိအပ်၏။

**ဆဋ္ဌ**။ ။၂၆၊ ယော ပန ဘိက္ခု၊ သည်။ အညာတိကာယ၊ သော။ ဘိက္ခုနိယာ၊ ၏။ စီဝရံ၊ ကို။ သိဗ္ဗေယျ ဝါ၊ မိမိမူလည်း ချုပ်အံ့။ သိဗ္ဗာပေယျ ဝါ၊ သူ့ကိုမူလည်း ချုပ်စေငြားအံ့။ပ။

**အင်္ဂါ**။ ။၁–အမျိုးမစပ်သော ဘိက္ခုနီမ၏ ဥစ္စာ၏အဖြစ်၊ ၂–ဝတ်ရုံလောက်သည်၏အဖြစ်၊ ၃–ချုပ်ခြင်း၊ အင်္ဂါ ၃–ပါး။

**သတ္တမ**။ ။၂၇၊ ယော ပန ဘိက္ခု၊ သည်။ သမယာ၊ ကို။ အညတြ–ဌပေတွာ၊ ၍။ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ သံဝိဓာယ၊ တိုင်ပင်ညီညွတ်၍။ ဧကဒ္ဓါနမဂ္ဂံ၊ တစ်ကြောင်းတည်းသော အစွန့်ရှည်သော ခရီးသို့။ ဝါ၊ တစ်ပေါင်းတည်း အစွန့်ရှည်သော ခရီးသို့။ ပဋိပဇ္ဇေယျ၊ သွားငြားအံ့။ အန္တမသော၊ ဖြင့်။ ဂါမန္တရံပိ၊ ရွာတစ်ပါးသို့လည်း။ ပဋိပဇ္ဇေယျ၊ အံ့။ပ။ တတ္ထ၊ ထိုဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးသွားရာ၌။ အယံ၊ ကား။ သမယော၊ တည်း။ မဂ္ဂေါ၊ ခရီးသည်။

http://www.dhammadownload.com



သတ္တဂနိယော၊ ကုန်သည်နှင့်တကွသွားအပ်သည်။ သာသက် သမ္ဗတော၊ ရွှံ့ရှာဖွယ်ရှိ၏ဟု သမုတ်အပ်သည်။ သပ္ပဋိဘယော၊ ဘေးဘျမ်းနှင့်တကွ ဖြစ်သည်။ ဟောတိ၊ ၏။ အယံ၊ ကား။ တတ္ထ၊ ၌။ သမယော၊ တည်း။

**အင်္ဂါ**။ ။၁–နှစ်ဦးတိုင်ပင်၍ ခရီးသွားခြင်း၊ ၂–ကာလမချွတ်ယွင်းခြင်း၊ ၃–အခါမရှိခြင်း, ဘေးရန်မရှိခြင်း၊ ၄–ရွာတစ်ပါးသို့ သက်ခြင်း၊ ၅–ယူဇနာခွဲကို လွန်ခြင်း၊ အင်္ဂါ ၅–ပါး။

**အဋ္ဌမ**။ ။၂၈၊ ယော ပန ဘိက္ခု၊ သည်။ တိရိယံ တရဏာယ၊ ဖီလာကူးခြင်းကို။ အညတြ–ဌပေတွာ၊ ၍။ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ သံဝိဓာယ၊ ၍။ ဥဒ္ဓံဂါမိနိံ ဝါ၊ အထက်အညာသို့ ဆန်သွားသည်လည်းဖြစ်သော။ အဓောဂါမိနိံ ဝါ၊ အောက်အကြေသို့ စုန်သွားသည်လည်းဖြစ်သော။ ဧကံနာဝံ၊ တစ်စင်းတည်းသောလှေကို။ အဘိရုဟေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။ရှေးသိက္ခာပုဒ်ကဲ့သို့ အင်္ဂါ ၅–ပါး။

**နဝမ**။ ။၂၉၊ ယော ပန ဘိက္ခု၊ သည်။ ပုရေ၊ ဘိက္ခုနီမစီရင်သည်မှ ရှေး၌။ ဂိဟိသမာရမ္ဘာ၊ လူတို့ စီရင်ခြင်းကို။ အညတြ–ဌပေတွာ၊ ၍။ ဘိက္ခုနိပရိပါစိတံ၊ ဘိက္ခုနီမသည် စီရင်အပ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို၊ ဇာနံ ဇာနန္တော၊ လျက်။ ဘုဉ္ဇေယျ၊ စားငြားအံ့။ပ။

**အင်္ဂါ**။ ။၁–ဘိက္ခုနီမ စီရင်ခြင်း၊ ၂–စီရင်သည်ကို သိခြင်း၊ ၃–လူတို့ မစီရင်ခြင်း၊ ၄–ဩဒန စသည်တို့တွင် တစ်ပါးပါး၊ ၅–ဖြိုကိုမျိုခြင်း၊ အင်္ဂါ ၅–ပါး။

**ဒသမ**။ ။၃၀၊ ယော၊ သော။ ယော ပန ဘိက္ခု၊ သည်။

http://www.dhammadownload.com



ကောယ၊ သော။ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ရဟော၊ ဆိတ်ကွယ်ရာ၌။ နိသဇ္ဇံ၊ ကို။ ကပ္ပေယျ၊ အံ့။ပ။

**အမှာ**။ ။ဤသိက္ခာပုဒ်ကား ဒုတိယ အနိယတနှင့်လည်းကောင်း၊ အထက် ဥပနန်၏ စတုတ္ထသိက္ခာပုဒ်နှင့်လည်းကောင်း တူသော အပိုင်းအခြားရှိ၏။

## ၄။ ဘောဇနဝဂ်

**ပဌမ**။ ။၃၁၊ အဂိလာနေန၊ မနာမဖျားသော။ ဘိက္ခုနာ၊ သည်။ ဧကော၊ တစ်ကြိမ်။ အာဝသထပိဏ္ဍော၊ ဧည့်သည်တို့ တည်းခိုရာဇရပ်၌ထားသော ဆွမ်းကို။ ဘုဉ္ဇိတဗ္ဗော၊ စားအပ်၏။ တတော၊ ထိုတစ်ကြိမ်ထက်။ ဥတ္တရိ၊ အလွန်။ စေ ဘုဉ္ဇေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–အာဝသထပိဏ္ဍ၏ အဖြစ်၊ ၂–အဂိလာန အဖြစ်၊ ၃–နေ့တိုင်း နေ၍ စားခြင်း၊ အင်္ဂါ ၃–ပါး။

**ဒုတိယ**။ ။၃၂၊ သမယာ၊ ခုနစ်ပါးသော အခါကို၊ အညတြ–ဥပေတွာ၊ ၍။ ဂဏဘောဇနေ၊ ဂဏဘောဇဉ်ကို စားခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။ တတ္ထ၊ ထို ဂဏဘောဇဉ်ကို စားရာ၌။ အယံ၊ ကား။ သမယော၊ တည်း။ [၁]ဂိလာနသမယော၊ နာသောအခါ။ [၂]စီဝရဒါနသမယော၊ သင်္ကန်းလှူသောအခါ။ [၃]စီဝရကာရ သမယော၊ သင်္ကန်းချုပ်သောအခါ။ [၄]အဒ္ဓါနဂမနသမယော၊ အဓွန့်ရှည်သော ခရီးသို့သွားသောအခါ။ [၅]နာဝါဘိရုဟနသမယော၊ လှေစီးသောအခါ။ [၆]မဟာသမယော၊ များစွာသော ရဟန်းအပေါင်းစည်းဝေးအခါ။ [၇]သမဏဘတ္တသမယော၊ ရဟန်းတို့ ဆွမ်းလှူသောအခါ။ အယံ၊ ကား။ တတ္ထ၊ ထို ဂဏဘောဇဉ်ကို စားရာ၌။ သမယော၊ တည်း။

**အင်္ဂါ**။ ။၁–လေးပါးထက် အလွန်ဖြစ်သော ရဟန်းတို့အား ထမင်းဖြင့် ဖိတ်သောဂဏဘောဇဉ်၏အဖြစ်၊၂–အခါမရှိခြင်း၊၃–မျိုခြင်းအင်္ဂါ ၃–ပါး။

http://www.dhammadownload.com



**တတိယ**။ ။၃၃၊ သမယာ၊ ကို။ အညတြ–ဌပေတွာ၊ ၍။ ပရမ္ပရဘောဇနေ၊ ရှေးဖိတ်သောသူ၏ဆွမ်းကို မစား, တစ်ပါးပါးသော သူ၏ ဆွမ်းကိုစားခြင်းကြောင့်။ ပါစိတ္တိယံ၊ပ။ တတ္ထ၊ ထိုပရမ္ပရ ဘောဇဉ်ကို စားရာ၌။ အယံ၊ ကား။ သမယော၊ တည်း။ ဂိလာန သမယော၊ ခါ။ စီဝရဒါနသမယော၊ ခါ။ စီဝရကာရသမယော၊ ခါ။ အယံ၊ ကား။ တတ္ထ၊ ၌။ သမယော၊ တည်း။

**မှတ်ဖွယ်**။ ။"စီဝရကာလ"ဟု ရှိရာ၌ "ရ"ကို "လ"ပြုသည်။

**အင်္ဂါ**။ ။၁–ပရမ္ပရဘောဇဉ်၏အဖြစ်၊၂–အခါမရှိခြင်း၊၃–မျိုခြင်း၊အင်္ဂါ၃–ပါး။

**စတုတ္ထ**။ ။၃၄၊ ကုလံ၊ ဒါယကာအိမ်သို့။ ဥပဂတံ၊ ကပ်သော။ ဘိက္ခုံပနေဝ၊ ရဟန်းကိုသာလျှင်။ ပူဝေဟိဝါ၊ လက်ဆောင်အကျိုးငှာ စီရင်အပ်သော မုန့်တို့ဖြင့်လည်းကောင်း။ မန္ထေဟိဝါ၊ ရိက္ခာအကျိုးငှာ စီရင်အပ်သော မုန့်ကြွက်ကျစ်တို့ဖြင့်လည်းကောင်း။ အဘိဟဋ္ဌုံ–ဂဏှိတုံ၊ ငှာ။ ဝါ၊ အဘိဟဋ္ဌုံ–အဘိဟရိတွာ၊ ၍။ ပဝါရေယျ၊ အံ့။ အာကင်္ခမာနေန၊ သော။ ဘိက္ခုနာ၊ သည်။ ဒွတ္တိပတ္တပူရာ၊ နှစ်သပိတ်, သုံးသပိတ်ပြည့်သော မုန့်တို့ကို။ ပဋိဂ္ဂဟေတဗ္ဗာ၊ ခံအပ်ကုန်၏။ တတော၊ ထိုနှစ်သပိတ်,သုံးသပိတ်ထက်။ ဥတ္တရိ၊ လွန်။ စေ ပဋိဂ္ဂဏှေယျ၊ အံ၊ တဿ။ပ။ ပါစိတ္တိယံ၊၏။ ဒွတ္တိပတ္တပူရေ၊ နှစ်သပိတ်, သုံးသပိတ်, ပြည့်သော မုန့်တို့ကို။ ပဋိဂ္ဂဟေတွာ၊ ၍။ တတော၊ ထိုခံရာအရပ်မှ။ နီဟရိတွာ၊ ဆောင်၍။ ဘိက္ခူဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ သံဝိဘဇိတဗ္ဗံ၊ ဝေဖန်အပ်၏။ အယံ၊ ဤသို့ ဝေဖန်ခြင်းသည်။ တတ္ထ၊ ထို နှစ်သပိတ်, သုံးသပိတ်ပြည့်သော မုန့်ကိုခံရာ၌။ သာမိစိ၊ တည်း။

**အင်္ဂါ**။ ။၁–လက်ဆောင်ရိက္ခာအလို့ငှာ စီရင်အပ်သော ပူဝမန္ထ၏အဖြစ်၊ ၂–လက်ဆောင်ရိက္ခာမှ အကြွင်းမဟုတ်၊ ၃–သွားခြင်း၏ မငြိမ်းခြင်း၊ ၄–အမျိုးမစပ်ခြင်း၊ ၅–အလွန်ခံခြင်း၊ အင်္ဂါ ၅–ပါး။

http://www.dhammadownload.com



**ပဉ္စမ**။ ။၃၅၊ ဘုတ္တာဝီ၊ ဆွမ်းစားစဉ်။ ပဝါရိတော၊ တန်ပြီဟု မြစ်မိသော။ ယောပနဘိက္ခု၊ သည်။ အနတိရိတ္တံ၊ အတိရိတ်ဝိနည်းကံ မပြုသော။ ခါဒနီယံ ဝါ၊ ခဲဖွယ်ကိုလည်းကောင်း၊ ဘောဇနီယံ ဝါ၊ ဘောဇဉ်ကိုလည်းကောင်း။ ခါဒေယျ ဝါ၊ ခဲမူလည်း ခဲငြားအံ့။ ဘုဉ္ဇေယျ ဝါ၊ စားမူလည်း စားငြားအံ့။ပ။

**ပဝါရိတ် အင်္ဂါ ၅-ပါး**

အသနံ ဘောဇနံ တတ္ထ-
ပါသေ ဠိတောဘိဟရတိ။
ပညာယတိ ပဋိက္ခေပေါ၊
ပဉ္စင်္ဂံ ပဝါရဏာ။

**အနက်**။ ။အသနံ၊ ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးကို စားခြင်းသည်။ ပညာယတိ၊ ထင်၏။ ဘောဇနံ၊ ပဝါရဏာလောက်သော ဘောဇဉ်သည်။ ပညာယတိ၊ ၏။ ဟတ္ထပါသေ၊ နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်း၌။ ဌိတော၊ ဘောဇဉ်ကို ယူ၍ အကပ်ခံအံ့ဟု ရပ်ခြင်းသည်။ ပညာယတိ၊ ၏။ အဘိဟရဟိ၊ ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်းသည်။ ပညာယတိ၊ ၏။ ပဋိက္ခေပေါ၊ ကိုယ် နှုတ်ဖြင့် ပယ်ခြင်း မြစ်ခြင်းသည်။ ပညာယတိ၊ ၏။ ဇဝံ၊ သို့။ ပဝါရဏာ၊ ပဝါရိတ် သင့်ခြင်းသည်။ ပဉ္စင်္ဂါ၊ အင်္ဂါငါးပါးရှိ၏။

**ဆောင်ပုဒ်**

ကံနှင့်ကတ္တား၊ နှစ်ပါးလုံးပင်၊ အာချာတ်တွင်၊ ထင်၏မှတ်လေမင်း။ ကံဓိမှာစိ၊ ဝိဇ္ဇတိ၊ သတိကတ္တားသွင်းဟူသော ပရိဘာသာနှင့်အညီ "အဘိဟရတိ" ဟူသော အာချာတ်သည် ကတ္တားပဓာန ဖြစ်၏။

**ဆောင်**။ ။[၁]စားခြင်း၊ [၂]ဘောဇဉ်၊ [၃]နီးတွင်ရပ်ခြင်း၊ [၄]ဆောင်းလျှင်း--[၅]မြစ်ပယ်၊ ဤငါးသွယ် သင့်ဖွယ်ပဝါရိတ်။

http://www.dhammadownload.com



ဤအင်္ဂါငါးပါးညီ၍ ပဝါရိတ်သင့်သော် ဣရိယာပုတ် ပျက်ပြီးသော နောက်၌ စားလိုသည်ရှိသော် ဝိနည်းမိုရ်အထံ၌ အတိရိတ် ဝိနည်းကံပြု၍ စားအပ်၏။ ထိုအတိရိတ်အင်္ဂါကား ခုနစ်ပါးတည်း။

**အတိရိတ် အင်္ဂါ ၇-ပါး**

ကပ္ပိယံ ပဋိဂ္ဂဟိတံ၊
ဥစ္စာရိတံ ဟတ္ထပါသေ။
ဘုတ္တာဝိနာနုဋ္ဌိတေန၊
အလမေတန္တိ သတ္တဓာ။

**အနက်**။ ။ကပ္ပိယံ၊ ကပ္ပိပြီးသော သစ်သီးစသည်ကို အတိရိတ်ပြုခြင်း, အပ်သောအသား အပ်သောဘောဇဉ်ကို အတိရိတ်ပြုခြင်းလည်း ကောင်း။ ပဋိဂ္ဂဟိတံ၊ အကပ်ခံပြီးသော ဝတ္ထုကိုအတိတ်ရိတ်ပြုခြင်းလည်း ကောင်း။ ဥစ္စာရိတံ၊ အတိရိတ်ပြုခြင်းငှာ လာသောရဟန်းသည် သပိတ်ခွက်ကို ဝိနည်းမိုရ်သို့ ချီရွေ့သည်ကို အတိရိတ်ပြုခြင်းလည်း ကောင်း။ ဘုတ္တာဝိနာ၊ ပဝါရိတ်လောက်သော ဘောဇဉ်ကို ဝိနည်းမိုရ် စား၍ပြုခြင်းလည်းကောင်း။ အနုဋ္ဌိတေန၊ ပဝါရိတ်သင့်သော ရဟန်းသည် နေရာမှမထဘဲ တစ်ပါးရဟန်း၏ ဘောဇဉ်ကို အတိရိတ် ပြုခြင်းလည်းကောင်း။ တေသမ္ပံ၊ ဤအလုံးစုံကို။ အလံ၊ ငါတန်ပြီ။ ဣတိ၊ ဤသို့ဆိုခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ အတိရိတ္တံ၊ အတိရိတ် ဝိနည်းကံပြုခြင်းသည်။ သတ္တဓာ၊ ခုနစ်ပါး အပြားရှိ၏။

**မှတ်ဖွယ်**။ ။ပဝါရိတ်သင့်သော ရဟန်းသည် ကပ္ပိအပ်သော သစ်သီး စသည်ကို ကပ္ပိခြင်း ,စသည်ကိုပြု၍ ဝိနည်းမိုရ်သို့ ကပ်၍ "အတိရိတ္တံကရောထဘန္တေ"ဟု ဆိုအပ်၏။ သူနာ၏ဥစ္စာ, သူနာ၏အကြွင်း ဖြစ်မှုကား အတိရိတ် မပြုဘဲပင် အပ်၏။

**အင်္ဂါ**။ ။၁-ပဝါရိတ်သင့်ခြင်း၊ ၂-အာမိသ၏ အတိရိတ်မပြုခြင်း၊ ၃-ကာလ ၌ မျိုခြင်း၊ အင်္ဂါ ၃-ပါး။

**ဆင္ဃ**။ ။၃၆၊ ယော ပန ဘိက္ခု၊ သည်။ ဘုတ္တာဝိ၊ စဉ်။ ပဝါရိတံ၊

http://www.dhammadownload.com



တန်ပြီဟုမြစ်သော။ ဘိက္ခု၊ ကို။ ဇာနံ–ဇာနန္တော၊ လျက်။ အာသာဒနာပေက္ခော၊ အရှိန်အဝော် မရှိခြင်းကို ငဲ့သည်ဖြစ်၍။ ဘိက္ခု၊ ရဟန်း။ ဟန္ဒ၊ တိုက်တွန်း၏။ ဝါ၊ ကောင်းစွာ။ ခါဒဝါ၊ ခဲမှုလည်း ခဲလော့။ ဘုဉ္ဇ ဝါ၊ စားမှုလည်းစားလော့။ ဣတိ၊ သို့။ အနတိရိတ္တေန၊ အတိရိတ် ဝိနည်းကံမပြုသော။ ခါဒနီယေန ဝါ၊ ဖြင့် လည်းကောင်း။ ဘောဇနီယေန ဝါ၊ ဖြင့် လည်းကောင်း။ အဘိဟဋ္ဌုံ–ဂဏှိတုံ၊ ငှာ။ ဝါ၊ အဘိဟဋ္ဌုံ–အဘိဟရိတွာ၊ ၍။ ပဝါရေယျ၊ ဖိတ်ကြားအံ့။ ဘုတ္တသ္မိံ၊ ဖိတ်အပ်သော ရဟန်း စားသည်ရှိသော်။ပ။

**အင်္ဂါ**။ ။၁–ပဝါရိတ်သင့်ခြင်း၊ ၂–သင့်၏ဟု အမှတ်ရှိခြင်း၊ ၃–အာသာဒနကို ငဲ့ခြင်း၊ ၄၊အနတိရိတ္တ ဘောဇဉ်ကို ဆောင်၍ ဖိတ်ခြင်း၊ ၅–စား၍ ပြီးဆုံးခြင်း၊ အင်္ဂါ ၅–ပါး။

**သတ္တမ**။ ။ ၃၇၊ ယော ပန ဘိက္ခု၊ သည်။ ။ဝိကာလေ၊ နေလွှဲသောအခါ၌။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း၊ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ခါဒေယျ ဝါ၊ အံ့။ ဘုဉ္ဇေယျ ဝါ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–ဝိကာလ၊ ၂–ယာဝကာလိက၊ ၃–မျိုခြင်း၊ အင်္ဂါ ၃–ပါး။

**အဋ္ဌမ**။ ။၃၈၊ ယော ပန၊ ဘိက္ခု၊ သည်။ သန္နိဓိကာရကံ၊ သိုမှီးခြင်းကိုပြု၍။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ခါဒေယျ ဝါ၊ အံ့။ ဘုဉ္ဇေယျ ဝါ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–ဝိကာလ၊ ၂–ယာဝကာလိက၊ ၃–မျိုခြင်း၊ အင်္ဂါ ၃–ပါး။

**နဝမ**။ ။၃၉၊ ယာနိ ခေါ ပန် တာနိ ပဏီတဘောဇနာနိ၊ အကြင် မွန်မြတ်ကုန်သော ထောပတ် စသည်နှင့် ရောနှောအပ်သော ဘောဇဉ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣဒံ–ဣမာနိ ပဏီတဘောဇနာနိ၊ ဤဘောဇဉ်နှင့် ရောနှောအပ်သော မွန်မြတ်သော ဝတ္ထုတို့သည်။

http://www.dhammadownload.com



သေယျထာ–ကတမာနိ၊ ကား။ သပ္ပိ၊ ထောပတ်။ နဝနီတံ၊ ဆီဦး။ တေလံ၊ ဆီ။ မဓု၊ ပျား။ ဖာဏိတံ၊ တင်လဲ။ မစ္ဆော၊ ငါး။ မံသံ၊ အမဲ။ ခီရံ၊ နို့ရည်။ ဒဓိ၊ နို့ဓမ်း။ ဣမာနိ၊ ဤကိုးပါးတို့တည်း။ ယော ပန ဘိက္ခု၊ သည်။ ဧဝရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ ပဏီတ ဘောဇနာနိ၊ တို့ကို။ အဂိလာနော၊ မနာဘဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှာ။ ဝိညာပေတွာ၊ တောင်း၍။ ဘုဉ္ဇေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–ပဏီတ ဘောဇဉ်၊ ၂–တောင်း၍ရခြင်း။ ၃–မျိုခြင်း၊အင်္ဂါ ၃–ပါး။

**ဒသမ**။ ။၄၀၊ ယော ပန ဘိက္ခု၊ သည်။ ဥဒကဒန္တပေါဏာ၊ ရေ,တံပူကို။ အညတြ–ဌပေတွာ၊ ၍။ အဒိန္နံ၊ အကပ်မခံအပ်သော။ အာဟာရံ၊ ဆွမ်းစသော အာဟာရကို။ မုခဒွါရံ၊ ခံတွင်းဝသို့။ အာဟာရေယျ၊ ဆောင်ငြားအံ့။ပ။

## အကပ်မြောက် အင်္ဂါ ၅–ပါး

ဥစ္စာရဏံ ဟတ္ထပါသော၊
ဘိဟာရော ဒေဝတာဒိဒေါ။
ပဋိဂ္ဂါဟောတိ ဂါဟေဝံ၊
ပဉ္စဟင်္ဂေဟိ ရူဟတိ။

**အနက်**။ ။ဥစ္စာရဏံ၊ အားလျစ်လျူရှိသောသူ ချီနိုင်လောက်သော ဝတ္ထု။ ဟတ္ထပါသော၊ ဟတ္ထပါသ်၌ တည်ခြင်း။ အဘိဟာရော၊ ကိုယ်ဖြင့် ရှေးရှုဆောင်ခြင်း။ ဒေဝတာဒိဒေါ၊ လူ,နတ်,တိရစ္ဆာန်တို့. ကိုယ်,ကိုယ်နှင့်စပ်သော ဝတ္ထု လွှတ်လိုက်၍ပေးခြင်း။ ပဋိဂ္ဂါဟော၊ ရဟန်းသည် ကိုယ်,ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့် ခံခြင်း။ ဣတိ ဧဝံ၊ သို့။ ပဉ္စဟင်္ဂေဟိ၊ အင်္ဂါငါးပါးတို့ဖြင့်။ ဂါဟော၊ အကပ်ခံခြင်း သည်။ ရူဟတိ၊ ရောက်၏။

http://www.dhammadownload.com



**အင်္ဂါ**။ ။၁-အကပ်ခံခြင်း၊ ၂-ခွင့်ပြုအပ်သောအဖြစ်၏မရှိခြင်း၊ ၃-အဇ္ဈောဟာရိက၏ မရှိခြင်း၊ ၄-မျိုခြင်း၊ အင်္ဂါ ၄-ပါး။

## ၅။ အစေလကဝဂ်

**ပဌမ**။ ။၄၁၊ ယော ပန ဘိက္ခု၊ သည်။ အစေလကဿ ဝါ၊ အဝတ်မဝတ်သော တက္ကတွန်းအား လည်းကောင်း။ ပရိဗ္ဗာဇကဿ ဝါ၊ ပရိဗိုဇ်ရဟန်းအားလည်းကောင်း။ ပရိဗ္ဗာဇိကာယ ဝါ၊ ပရိဗိုဇ်မအား လည်းကောင်း။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ဒဒေယျ၊ ပေးငြားအံ့။ပ။

**အင်္ဂါ**။ ။၁-အညတိတ္ထိ၏အဖြစ်၊ ၂-ခွင့်ပြုခြင်းမရှိခြင်း၊ ၃-မျိုအပ်သော ဝတ္ထုကို မျိုစိမ့်သောငှာ မိမိလက်ဖြင့် ပေးခြင်း၊ အင်္ဂါ ၃-ပါး။

**ဒုတိယ**။ ။၄၁၊ ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုံ၊ ကို။ အာဝုသော၊ ငါ့ရှင်။ ဧဟိ၊ လာလှည့်။ ဂါမံ ဝါ၊ ရွာသို့လည်းကောင်း။ နိဂမံ ဝါ၊ နိဂုံးသို့လည်းကောင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိသိဿာမ၊ ဝင်ကုန်အံ့။ ဣတိ၊ ဤသို့ခေါ်၍။ တဿ၊ ထိုရဟန်းအား။ ဒါပေတွာ ဝါ၊ တစ်စုံတစ်ခုသော အာမိသကိုပေး၍ လည်းကောင်း။ အဒါပေတွာ ဝါ၊ မပေးမူ၍လည်းကောင်း။ ဥယျောဇေယျ၊ လွှတ်လိုက်ငြားအံ့။ အာဝုသော၊ ရှင်။ ဂစ္ဆ၊ သွားလေ။ မေ၊ အား။ တယာ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ကထာ ဝါ၊ စကားဆိုခြင်း သည်လည်းကောင်း။ နိသဇ္ဇာ ဝါ၊ နေရခြင်းသည်လည်းကောင်း။ ဖာသု၊ ချမ်းသာသည်။ နဟောတိ၊ မဖြစ်။ ဧကကဿ၊ တစ်ယောက်ထီး တည်း။ မေ၊ အား။ ကထာဝါ၊ သည်လည်းကောင်း။ နိသဇ္ဇာ ဝါ၊ သည်လည်းကောင်း။ ဖာသု၊ သည်။ ဟောတိ၊ ၏။ ဣတိ၊

http://www.dhammadownload.com



ဤသို့ဆို၏။ ဝေဒေဝ၊ ထိုယုတ်မာသော အကျင့်ကို ကျင့်လိုခြင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ၊ အကြောင်းပြု၍။ အနည်း၊ အကြောင်းတစ်ပါးမရှိဘဲ။ ဥယျောဇေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–အနာစာရကို ကျင့်လိုခြင်း၊ ၂–ထိုအကျိုးငှာ ဦးပဉ္စင်းကို လွှတ်လိုက်ခြင်း၊ ၃–ထိုသူ၏ ဒဿနူပစာ, သဝနူပစာကို လွန်ခြင်း အင်္ဂါ ၃–ပါး။

**တတိယ**။ ။၄၃၊ ယော ပန ဘိက္ခု၊ သည်။ သဘောဇနေ၊ စည်းစိမ်ခံဖော်ရှိသော။ ဝါ၊ သဘောဇနေ–သဉဘောဇနေ၊ လင်မယားနှစ်ယောက်ရှိသော။ ကုလေ၊ အိမ်၌။ အနုပခဇ္ဇ၊ အိမ်သို့ဝင်၍။ နိသဇ္ဇံ၊ ထိုင်ခြင်းကို။ ကပ္ပေယျ၊အံ့။ပ။

**အင်္ဂါ**။ ။၁–မကင်းသော ရာဂရှိသော လင်မယားနှစ်ယောက်တို့၏ အနား၌နေသည်အဖြစ်၊ ၂–အိပ်ရာ တိုက်ခန်း၏အဖြစ်၊ ၃–အဖော် ရဟန်းမရှိခြင်း၊ ၄–အတွင်းသို့ ဝင်နေခြင်း၊ အင်္ဂါ ၄–ပါး။

**စတုတ္ထ**။ ။၄၄၊ ယော ပန ဘိက္ခု၊ သည်။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ရဟော၊ သော။ ပဋိစ္ဆန္နေ၊ သော။ အာသနေ၊ ၌။ နိသဇ္ဇံ၊ ကို။ ကပ္ပေယျ၊ အံ့။ပ။

**ပဉ္စမ**။ ။၄၅၊ ယော ပန ဘိက္ခု၊ သည်။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကော ဧကာယ၊ ချင်း။ ရဟော၊ ဆိတ်ကွယ်ရာအရပ်၌။ နိသဇ္ဇံ၊ ကို။ ကပ္ပေယျ၊ အံ့။ပ။

**ဆဋ္ဌမ**။ ။၄၆၊ ယော ပန ဘိက္ခု၊ သည်။ သမယာ ကို။ အညတြ–ဌပေတွာ၊ ၍။ နိမန္တိတော၊ ဘောဇဉ်ဖြင့် ဖိတ်အပ်သော။ သဘတ္တော သမာနော၊ ဆွမ်းရှိသည်ဖြစ်လျက်။ သန္တံ၊ ထင်ရှားရှိသော။ ဘိက္ခုံ၊

http://www.dhammadownload.com



ကို။ အနာပုစ္ဆာ၊ မပန်မူ၍။ ပုရေဘတ္တံ ဝါ၊ ဖိတ်အပ်သော ဘတ်ကို စားသည်မှ ရှေ့၌လည်းကောင်း။ ပစ္ဆာဘတ္တံ ဝါ၊ ဖိတ်အပ်သော ဘတ်ကို စားသည်မှ နောက်၌လည်းကောင်း။ ကုလေသု၊ ဖိတ်အပ်သောအိမ်မှ တစ်ပါးသော အိမ်တို့၌။ စာရိတ္တံ၊ လှည့်လည်သွားလာခြင်းသို့။ အာပဇ္ဇေယျ၊ ရောက်ငြားအံ့။ပ။ တတ္ထ၊ ထိုအိမ်မှ တစ်ပါးသို့ သွားရာ၌။ အယံ၊ ကား။ သမယော၊ တည်း။ စီဝရဒါနသမယော၊ သင်္ကန်းလှူသောအခါ။ စီဝရကာရသမယော၊ သင်္ကန်းချုပ်သောအခါ။ အယံ၊ ကား။ တတ္ထ၊ ၌။ သမယော၊ တည်း။

**အင်္ဂါ**။ ။၁–ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြင့် ဖိတ်သည်ကို သာယာခြင်း၊ ၂–ထင်ရှားရှိသော ရဟန်းကို မပန်ခြင်း၊ ၃–ဖိတ်အပ်သောအိမ်မှ တစ်ပါးသောအိမ်သို့ ဝင်ခြင်း၊ ၄–မွန်းတည့်ကို မလွန်ခြင်း၊ ၅–အစာ၏လည်းကောင်း, ဘေးရန်၏လည်းကောင်း မရှိခြင်း၊ အင်္ဂါ ၅–ပါး။

**သတ္တမ**။ ။၄၇၊ အဂိလာနေန၊ သော။ ဘိက္ခုနာ၊ သည်။ စတုမာသပ္ပစ္စယ ပဝါရဏာ၊ လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို။ သာဒိတဗ္ဗာ၊ သာယာအပ်၏။ ပုန ပဝါရဏာယ၊ တစ်ဖန်ဖိတ်ခြင်းကို။ အညတြ–ဌပေတွာ၊ ၍။ နိစ္စပဝါရဏာယ၊ အမြဲဖိတ်ခြင်းကို။ အညတြ–ဌပေတွာ၊ ၍။ တတော၊ ထိုဖိတ်အပ်သော ညဉ့်အပိုင်းအခြား ဆေးအပိုင်းအခြားထက်။ ဥတ္တရိ၊ လွန်။ စေ သာဒိယေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–သံဃာကို ဖိတ်ခြင်း၊ ၂–ထိုဆေးကို တောင်းခြင်း၊ ၃–မနာခြင်း၊ ၄–အပိုင်းအခြားကို လွန်ခြင်း၊ အင်္ဂါ ၄–ပါး။

7(
A

http://www.dhammadownload.com



**အဋ္ဌမ**။ ။၄၈၊ ယော ပန ဘိက္ခု၊ သည်။ တထာရူပပ္ပစ္စယာ၊ ထိုသို့သဘောရှိသော အကြောင်းကို။ အညတြ–ဌပေတွာ၊ ၍။ ဥယျုတ္တံ၊ ပြည်မှထွက်သော။ သေနံ၊ အင်္ဂါလေးပါးရှိသော စစ်သည်ကို။ ဒဿနာယ၊ ကြည့်ရှုခြင်းငှာ။ ဂစ္ဆေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–ပြည်မှထွက်သော စစ်သည်ကိုကြည့်ရှုခြင်းငှာသွားခြင်း၊ ၂–ခွင့်ပြုရာ အရပ်မှ တစ်ပါးသောအရပ်၌ ကြည့်ခြင်း၊ ၃–ထိုသို့သော အကြောင်း ၏လည်းကောင်း၊ ဘေးရန်၏လည်းကောင်း မရှိခြင်း၊ အင်္ဂါ ၃–ပါး။

**နဝမ**။ ။၄၉၊ တဿ ဘိက္ခုနော၊ အား။ သေနံ၊ စစ်သည် ဘောင်သို့။ ဂမနာယ၊ သွားခြင်းငှာ။ ကောစိဒေဝပစ္စယော၊ တစ်စုံ တစ်ခုသော အကြောင်းသည်။ သိယာစအတ္ထိ၊ ရှိငြားအံ့။ တေန ဘိက္ခုနာ၊ သည်။ ဒိရတ္တတိရတ္တံ၊ နှစ်ညဥ့် သုံးညဥ့်ပတ်လုံး။ သေနာယ၊ ၌။ ဝသိတဗ္ဗံ၊ နေအပ်၏။ တတော၊ ထိုနှစ်ညဥ့် သုံးညဥ့် ထက်။ ဥတ္တရိ၊ အလွန်။ စေဝသေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–သုံးညဥ့်ကို လွန်ခြင်း၊ ၂–စစ်သည်ဘောင်၌ နေဝင်ခြင်း၊ ၃–နာခြင်း စသည်၏မရှိခြင်း၊ အင်္ဂါ ၃–ပါး။

**ဒသမ**။ ။၅၀၊ ဒိရတ္တတိရတ္တံ၊ လုံး။ သေနာယ၊ ၌။ ဝသမာနော၊ နေသော။ ဘိက္ခု၊ သည်။ ဥယျောဓိကံ ဝါ၊ တက်၍ တက်၍ ထိုးပစ်ရာသို့လည်းကောင်း။ ဗလဂ္ဂံ ဝါ၊ ဗိုလ်ပါရဲမက်ကို ရေတွက်ရာသို့လည်းကောင်း။ သေနာဗျူဟံ ဝါ၊ စစ်ဆင်ရာသို့လည်း ကောင်း။ အနီကဒဿနံ ဝါ၊ ဆင်တပ်,မြင်းတပ်, ရထားတပ်, လက်နက်စွဲသောရဲမက်ကို ရှုခြင်းငှာလည်းကောင်း။ ဂစ္ဆေယျ၊ အံ့။ပ။

**အင်္ဂါ**။ ။၁–ဥယျုတ္တသိက္ခာပုဒ်ကဲ့သို့ အင်္ဂါ ၃–ပါး။

http://www.dhammadownload.com



## ၆။ သုရာပါနဝဂ်

**ပထမ**။ ။၅၁၊ သုရာမေရယပါနေ၊ သေအရက်ကို သောက်ခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

**သုရာငါးပါး**။ ။ပိဋ္ဌသုရာ-မုန့်ညက်ဖြင့်ပြုသော သေ။ ပူဝသုရာ-မုန့်ဖြင့်ပြုသောသေ။ ဩဒနသုရာ-ထမင်းဖြင့်ပြုသော သေ။ ကိဏ္ဏ ပက္ခိတ္တာ-တဆေးထည့်၍ ပြုသောသေ။ သမ္ဘာရ သံယုတ္တာ-သဖန်း ခါး စသော အဆောက်အအုံနှင့် ယှဉ်သော သေ။

**ဆောင်**။ ။ပိဋ္ဌ,ပူဝ,ဩဒန, ကိဏ္ဏ, သမ္ဘာရာ။

**မေရယငါးပါး**။ ။ပုပ္ဖာသဝ-ပန်းပွင့်ရည်ဖြင့် ပြုသောအရက်၊ ဖလာသဝ-သစ်သီးရည်ဖြင့်ပြုသောအရက်၊ မဓွာသဝ-ပျားရည်ဖြင့် ပြုသော အရက်၊ ဂုဠာသဝ-ကြံရည် စသည်ဖြင့် ပြုသောအရက်၊ သမ္ဘာရ သံယုတ္တာ-တိဖလစသော အဆောက်အအုံနှင့်ယှဉ်သောအရက်။

**ဆောင်**။ ။ပုပ္ဖ, ဖလာ၊ မဓွာ, ဂုဠသမ္ဘာရ၊ ပဉ္စမေရယာ။

**အင်္ဂါ**။ ။၁-သေအရက်အဖြစ်၊ ၂-ထိုကိုသောက်ခြင်း၊ အင်္ဂါ ၂-ပါး။

**ဒုတိယ**။ ။၅၂၊ အင်္ဂုလိပတောဒကေ၊ ချိုင်းထိုး၍ ကစားခြင်း ကြောင့်။ ပါစိတ္တိယံ၊ ၏။

**အင်္ဂါ**။ ။၁-ရယ်မြူးလိုခြင်း၊ ၂-မိမိကိုယ်ဖြင့် ပဉ္စင်း၏ကိုယ်ကို သုံးသပ်ခြင်း၊ အင်္ဂါ ၂-ပါး။

**တတိယ**။ ။၅၃၊ ဥဒကေ၊ ရေ၌။ ဟသဓမ္မေ၊ မြူးထူးကစားခြင်း ကြောင့်။ ပါစိတ္တိယံ၊ ၏။

**အင်္ဂါ**။ ။၁-ဖမျက် နစ်လောက်သောရေ၊ ၂-မြူးထူးလိုသဖြင့် ကစားခြင်း အင်္ဂါ ၂-ပါး။

**စတုတ္ထ**။ ။၅၄၊ အနာဒရိယေ၊ ပုဂ္ဂလ ဓမ္မကို မရိုသေ ခြင်းကြောင်း။ ပါစိတ္တိယံ၊ ၏။

**အင်္ဂါ**။ ။၁-ပဉ္စင်း၏ပညတ်တော်ဖြစ်ဆိုခြင်း၊ ၂-ဆိုသောပုဂ္ဂိုလ် ထိုတရားကို မရိုမသေပြုခြင်း။ အင်္ဂါ ၂-ပါး။

http://www.dhammadownload.com



**ပဉ္စမ**။ ။၅၅၊ ယော ပန ဘိက္ခု၊ သည်။ ဘိက္ခုံ၊ ကို။ ဘိံသာ ပေယျ၊ ခြောက်ငြားအံ့။ ဝါ၊ ကြောက်စေအံ့။ပ။

**အင်္ဂါ**။ ။၁-ပဉ္စင်း၏အဖြစ်၊ ၂-ထိုသူ၏မြင်ကောင်း, ကြားကောင်းရာ၌ ကြောက်စိမ့်သောငှာ လုံ့လပြုခြင်း၊ အင်္ဂါ ၂-ပါး။

**ဆဋ္ဌမ**။ ။၅၆၊ ယော ပန ဘိက္ခု၊ သည်။ တထာရူပပ္ပစ္စယာ၊ ထိုသို့ ဆီမီးထွန်းခြင်း စသော အကြောင်းကို။ အညတြ-ဌပေတွာ၊ ၍။ အဂိလာနော၊ မနာဘဲ။ ဝိသိဗ္ဗနာပေက္ခော၊ လှုံလိုသည်ဖြစ်၍။ ဇောတိံ၊ မီးကို။ သမာဒဟေယျ ဝါ၊ မိမိမူလည်း ညှိငြားအံ့။ သမာဒဟာပေယျ ဝါ၊ သူတစ်ပါးကိုမူလည်း ညှိစေငြားအံ့။ပ။

**အင်္ဂါ**။ ။၁-မနာခြင်း၊ ၂-ခွင့်ပြုသော အကြောင်းမရှိခြင်း၊ ၃-လှုံလိုခြင်း၊ ၄-ညှိခြင်း၊ အင်္ဂါ ၄-ပါး။

**ဒုတိယ**။ ။၂၊ ယာ ပနဘိက္ခုနီ၊ သည်။ ဇာနံ–ဇာနန္တီ၊ လျက်။ ဝဇ္ဇံ၊ သတ်ထိုက်သော။ ဝိဒိတံ၊ သတ်ထိုက်၏ဟု သိအပ်သော။ စောရိံ၊ ခိုးသူမကို။ ရာဇာနံဝါ၊ မင်းကိုလည်းကောင်း။ သံဃံဝါ၊ ဘိက္ခုနီ သံဃာကိုလည်းကောင်း။ ဂဏံဝါ၊ ဂိုဏ်းစီရင်ရာအရပ်၌ ဂိုဏ်းကိုလည်းကောင်း။ ဝါ၊ ဗိသနိုးကို ကိုးကွယ်သောသူအပေါင်း စသော ဂိုဏ်းကိုလည်းကောင်း။ ပူဂံဝါ၊ အပေါင်းစီရင်ရာ အရပ်၌ အပေါင်းကိုလည်းကောင်း။ ဝါ၊ သာသနာတော် ကောင်းမှုပြုသောသူ အပေါင်းကိုလည်းကောင်း။ သေဏိံဝါ၊ သင်းစီရင်ရာ အရပ်၌ သင်းကိုလည်းကောင်း။ ဝါ၊ နံ့သာသည်အပေါင်း စသည်ကိုလည်း ကောင်း။ အနပလောကေတွာ၊ မပန်ကြားမူ၍။ ကပ္ပံ၊ တိတ္ထိတို့ထံ, တစ်ပါးသော ဘိက္ခုနီတို့ထံ ရှင်ပြုဖူးသော မိန်းမကို။ အညတြ– ဌပေတွာ၊ ၍။ ဝုဋ္ဌာပေယျ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံငြားအံ့။ အယမ္ပိ ဘိက္ခုနီ၊ သည်လည်း။ ပဌမာပတ္တိကံ၊ သော။ နိဿရဏီယံ၊ သော။ သံဃာဒိသေသံ၊ သော။ ဓမ္မံ၊ သို့။ အာပန္နာ၊ ၏။

**တတိယ**။ ။၃၊ ကော၊ တစ်ယောက်အထီးတည်း။ ဂါမန္တရံ ဝါ၊ ရွာတစ်ပါးသို့မူလည်း။ ဂစ္ဆေယျ၊ အံ့။ ကော၊ တည်း။ နဒီပါရံ ဝါ၊ မြစ်တစ်ဖက်သို့မူလည်း။ ဂစ္ဆေယျ၊ အံ့။ ကော၊ တည်း။ ရတ္တိံဝါ၊ ညဉ့်၌မူလည်း၊ ဝိပ္ပဝသေယျ၊ ကင်း၍နေငြားအံ့။ ကော၊ တည်း။ ဂဏမှာ ဝါ၊ ရဟန်းမိန်းမ အပေါင်းမှမူလည်း။ ဩဟီယေယျ၊ ကျန်ရစ်ငြားအံ့။ အယမ္ပိ ဘိက္ခုနီ၊ သည်လည်း။ ပ။ အာပန္နာ၊ ၏။

**စတုတ္ထ**။ ။၄၊ သမဂ္ဂေန၊ သော။ သံဃေန၊ သည်။ ဓမ္မေန၊ ဖြင့်။ 10
ဝိနယေန၊ ဖြင့်။ သတ္ထုသာသနေန၊ ဖြင့်။ ဥက္ခိတ္တံ၊ သော။ ဘိက္ခုနိံ၊ B

http://www.dhammadownload.com



ရဟန်းမိန်းမကို။ ကာရကသံဃံ၊ ကံပြုသော သံဃာကို၊ အနပလောကေတွာ၊ ၍။ ဂဏဿ၊ ကံပြုသော ဘိက္ခုနီဂိုဏ်း၏။ ဆန္ဒံ၊ အလိုကို။ အနညာယ၊ သိအောင် မပြုမူ၍။ ဩသာရေယျ၊ သွင်းငြားအံ့။ ပ။

**ပဉ္စမ**။ ။၅၊ အဝဿုတာ၊ ကိလေသာဖြင့် စွတ်သည်ဖြစ်၍။ အဝဿုတဿ၊ သော။ ပုရိသပုဂ္ဂလဿ၊ ၏။ ဟတ္ထတော၊ လက်မှ။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ သဟတ္ထာ၊ ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ခံ၍။ ခါဒေယျ ဝါ၊ အံ့။ ဘုဉ္ဇေယျ ဝါ၊ အံ့။ ၎။

**ဆဋ္ဌ**။ ။၆၊ ဧဝံ၊ ဤသို့၊ ဝဒေယျ၊ အံ့။ “အယျေ၊ မ။ ဧသော ပုရိသပုဂ္ဂလော၊ သည်။ အဝဿုတော ဝါ၊ ကိလေသာဖြင့် စွတ်သည်မူလည်း ဖြစ်စေ၊ အနဝဿုတော ဝါ၊ ကိလေသာဖြင့် မစွတ်သည်မူလည်း ဖြစ်စေ၊ တေ၊ ရှင်မအား။ ကိံ ကရိဿတိ၊ အသို့ပြုနိုင်လတ္တံ့နည်း။ ယတော၊ အကြင်ကြောင့်။ တွံ၊ ရှင်မသည်။ အနဝဿုတာ၊ ကိလေသာဖြင့် မစွတ်။ အယျေ၊ မ။ ဣင်္ဃ၊ တိုက်တွန်း၏။ တေ၊ ရှင်မအား။ ဧသော ပုရိသပုဂ္ဂလော၊ သည်။ ယံ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ယံ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း။ ဒေတိ၊ ပေး၏။ တံ၊ ထိုခဲဖွယ်, ဘောဇဉ်ကို။ တွံ၊ သည်။ သဟတ္ထာ၊ ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ၍။ ခါဒ ဝါ၊ လော့။ ဘုဉ္ဇ ဝါ၊ လော့”။ ဣတိ၊ သို့။ ဝဒေယျ၊ အံ့။ ပ။

**ဒသမ**။ ။၁၀၊ ကုပိတာ၊ အမျက်ထွက်သည်ဖြစ်၍။ အနတ္တ

http://www.dhammadownload.com



မနာ၊ နှလုံးမသာသည်ဖြစ်၍။ ဧဝံ၊ သို့။ ဝဒေယျ၊ အံ့။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပစ္စာစိက္ခာမိ၊ စွန့်၏။ ဓမ္မံ၊ ကို။ ပစ္စာစိက္ခာမိ၊ ၏။ သံဃံ၊ ကို။ ပစ္စာစိက္ခာမိ၊ ၏။ သိက္ခံ၊ ကို။ ပစ္စာစိက္ခာမိ၊ ၏။ ယာ သမဏိယော၊ အကြင်ရဟန်းမိန်းမတို့သည်။ သကျဓီတရော၊ သာကီဝင် မင်းသမီးတို့တည်း။ ဣမာဝ–ဣမာဧဝ၊ ဤသာကီဝင် မင်းသမီးတို့သည်သာလျှင်။ သမဏိယောကိန္နု၊ ရဟန်းမိန်းမတို့လော။ အညာ၊ သာကီဝင်မင်းသမီးမှ တစ်ပါးကုန်သော။ လဇ္ဇိနိယော။ မကောင်းမှုမှ ရှက်တတ်ကုန်သော။ ကုက္ကုစ္စိကာ၊ အလို့လို့ ပြုတတ်ကုန်သော။ သိက္ခာကာမာ၊ သိက္ခာသုံးပါးကို အလိုရှိကုန်သော။ သမဏိယောပိ၊ ရဟန်းမိန်းမတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ အဟံ၊ ငါသည်။ တာသံ၊ ထိုသာကီဝင်မင်းသမီးမှ တစ်ပါးသော၊ ရဟန်းမိန်းမတို့၏။ သန္တိကေ၊ အထံ၌။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရိဿာမိ၊ ကျင့်အံ့”။ ဣတိ၊ ဤသို့။ ဝဒေယျ၊ အံ့။ သာ ဘိက္ခုနီ၊ ကို။ ဘိက္ခုနီဟိ၊ တို့သည်။ ဧဝံ၊ ဤသို့။ ဝစနီယာ၊ သည်။ အဿ၊ ၏။ “အယျေ၊ မ။ ကုပိတာ၊ ၍။ အနတ္တမနာ၊ ၍။ ‘ဗုဒ္ဓံ ပစ္စာစိက္ခာမိ။ ပ။ ဗြဟ္မစရိယံ စရိဿာမိ’ တိ၊ စရိဿာမိ ဟူ၍။ ဧဝံ၊ ဤသို့။ မာ အဝစ၊ မဆိုလင့်။ အယျေ၊ မ။ အဘိရမ၊ မွေ့လျော်ပါလော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာဟောတော်မူအပ်၏။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဝါ၊ အသင့်အားဖြင့်။ ဗြဟ္မစရိယံ၊ ကို။ စရ၊ ကျင့်ပါလော့။” ဣတိ၊ ဤသို့၊ ဝစနီယာ၊ သည်။ အဿ၊ ၏။ ဧဝဉ္စ၊ လျှင်။ ဘိက္ခုနီဟိ၊ တို့သည်။ ဝုစ္စမာနာ၊ သော။ သာ

http://www.dhammadownload.com



ဘိက္ခုနီ၊ သည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျ၊ အံ့။ သာဘိက္ခုနီ၊ ကို။ ဘိက္ခုနီဟိ၊ တို့သည်။ တဿ၊ ထိုအယူကို။ ပဋိနိဿဂ္ဂါယ၊ ငှာ။ ယာဝတတိယံ၊ အောင်။ သမနုဘာသိတဗ္ဗာ၊ ၏။ ယာဝတတိယံ၊ အောင်။ သမနုဘာသိယမာနာ၊ သော်။ တံ၊ ထိုအယူကို။ စေပဋိ– နိဿဇ္ဇေယျ၊ အံ့။ ဣစ္စေတံ–ဣတိ ဧတံ ပဋိ နိဿဇ္ဇနံ၊ သည်။ ကုသလံ၊ ၏။ နော စေ ပဋိနိဿဇ္ဇေယျ၊ အံ့။ အယမ္ပိ ဘိက္ခုနီ၊ သည်လည်း။ ယာဝတတိယကံ၊ သုံးကြိမ်မြောက်အောင် ဥတ်ကမ္မဝါစာ ဖြင့် ဆိုဆုံးမသော အဆုံး၌ ရောက်ခြင်း ရှိသော။ နိဿရဏီယံ၊ သော။ သံဃာဒိသေသံ၊ သော။ ဓမ္မံ၊ သို့။ အာပန္နာ၊ ၏။

**ကောဒသမ**။ ။၁၁၊ ကိဿ္မိဉ္စိဒေဝ အဓိကရဏေ၊ တစ်စုံတစ်ခု သော အဓိကရဏ်း၌၊ ပစ္စာကတာ–ပရာဇိတာ၊ ရှုံးသည်ဖြစ်၍။ ကုပိတာ၊ ၍။ အနတ္တမနာ၊ ၍။ ဧဝံ၊ သို့။ ဝဒေယျ၊ အံ့။ ဘိက္ခုနိယော၊ တို့သည်။ ဆန္ဒဂါမိနိယော စ၊ ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏၊ ပ။ ဘယဂါမိနိယော စ၊ ကုန်၏။ ဣတိ၊ သို့။ ဝဒေယျ၊ အံ့။ သာဘိက္ခုနီ၊ ကို။ ဘိက္ခုနီဟိ၊ တို့သည်။ ဧဝံ၊ သို့။ ဝစနီယာ၊ သည်။ အဿ၊ ၏။ အယျေ၊ မ။ တွံ၊ သည်၊ ကိဿ္မိဉ္စိဒေဝ အဓိကရဏေ၊ ၌။ ပစ္စကတာ–ပရာဇိတာ၊ ၍။ ကုပိတာ၊ ၍၊ အနတ္တမနာ၊ ၍။ ဆန္ဒဂါမိနိယော စ၊ ပ။ ဘိက္ခုနိယောတိ၊ ဟူ၍။ ဧဝံ၊ သို့။ မာအဝ စ၊ မဆိုလင့်။ အယျာခေါ်၊ ရှင်မသည်သာလျှင်။ ဆန္ဒာပိ၊ ချစ်ခြင်းကြောင့်လည်း။ ဂစ္ဆေယျ၊ အဂတိသို့ လိုက်ရာ၏။ ပ။ ဘယာပိ၊ ကြောက်ခြင်းကြောင့်လည်း။ ဂစ္ဆေယျ၊ အဂတိသို့ လိုက်ရာ၏။ ဣတိ၊ သို့။ ဝစနီယာ၊ သည်။ အဿ၊ ၏။ ဧဝဥ္စ၊

http://www.dhammadownload.com



လျှင်။ ဘိက္ခုနီဟိ၊ တို့သည်။ ဝုစ္စမာနာ၊ သော်။ သာ ဘိက္ခုနီ၊ သည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျ၊ အံ့။ ပ။

**ဒွါဒသမ**။ ။၁၂၊ ဘိက္ခုနိယော ပနေဝ၊ ရဟန်းမိန်းမတို့သည် သာလျှင်။ သံသဋ္ဌာ၊ လူတို့နှင့် နီးနှောကုန်သည်ဖြစ်၍။ ပါပါစာရာ၊ ယုတ်မာသော ကိုယ်အကျင့်, နှုတ်အကျင့် ရှိကုန်သည်ဖြစ်၍။ ပါပသဒ္ဒါ၊ ယုတ်မာသော ကျော်စောသံ ရှိကုန်သည်ဖြစ်၍။ ပါပ–သိလောကာ၊ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်သည်ဖြစ်၍။ ဘိက္ခုနိ သံဃဿ၊ ဘိက္ခုနီ သံဃာအား။ ဝိဟေသိကာ၊ ညှဉ်းဆဲကုန်သည်ဖြစ်၍။ အညမညိဿာ၊ တစ်ယောက်သည် တစ်ယောက်၏။ ဝဇ္ဇပ္ပဋိစ္ဆာဒိကာ၊ ခုဒ္ဒါန ခုဒ္ဒက အာပတ်ကို ဖုံးလွှမ်းကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ တာ ဘိက္ခုနိယော၊ တို့ကို။ ဘိက္ခုနီဟိ၊ တို့သည်။ ဧဝံ၊ သို့။ ဝစနီယာ၊ ကုန်သည်။ အဿု၊ ကုန်၏။ "ဘဂိနိယော၊ ညီမတို့သည်။ ခေါ၊ စင်စစ်။ သံသဋ္ဌာ၊ ၍။ ပ။ ဝဇ္ဇပ္ပဋိစ္ဆာဒိကာ၊ ၍။ ဝိဟရန္တိ၊ ကုန်၏။ အယျေ၊ တို့။ တုမှေ၊ တို့သည်။ ဝိဝိစ္စထ၊ သံသဋ္ဌ စသည်မှ ဆိတ်ကြလော့။ ဘဂိနီနံ၊ ညီမတို့၏။ ဝိဝေကညေဝ၊ ဆိတ်ငြိမ်ခြင်းကိုသာလျှင်။ သံဃော၊ သည်။ ဝဏ္ဏေတိ၊ ချီးမွမ်း၏။" ဣတိ၊ သို့။ ဝစနီယာ၊ ကုန်သည်။ အဿု၊ ကုန်၏။ ဧဝဥ္စ၊ လျှင်။ ဘိက္ခုနီဟိ၊ တို့သည်။ ဝုစ္စမာနာ၊ ကုန်သော်။ တာ ဘိက္ခုနိယော၊ တို့သည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျုံ၊ ကုန်အံ့။ ပ။

**တေရသမ**။ ။၁၃၊ ဧဝံ၊ သို့။ ဝဒေယျ၊ အံ့။ "အယျေ၊ တို့။ တုမှေ၊ တို့သည်။ သံသဋ္ဌာဝ၊ လူတို့နှင့် နီးနှောကုန်သည်ဖြစ်၍

http://www.dhammadownload.com



သာလျှင်။ ဝိဟာရထ၊ နေကြကုန်လော့။ တုမှေ၊ တို့သည်။ နာနာ၊ နှီးနှောခြင်း ကင်းကုန်သည်ဖြစ်၍။ မာ ဝိဟာရိတ္ထ၊ မနေကြကုန်လင့်။ သံဃေ၊ သံဃာ၌။ ဧဝါစာရာ၊ ရှင်မတို့ကဲ့သို့ ယုတ်မာသော ကိုယ်အကျင့် နှုတ်အကျင့် ရှိကုန်သော။ ဧဝံ သဒ္ဒါ၊ ရှင်မတို့ကဲ့သို့ ယုတ်မာသော ကျော်စောသံ ရှိကုန်သော။ ဧဝံ သိလောကာ၊ ရှင်မတို့ကဲ့သို့ ယုတ်မာသော အသက်မွေးခြင်းရှိကုန်သော။ ဘိက္ခုနိ သံဃဿ၊ အား။ ဝိဟေသိကာ၊ ကုန်သော။ အညမညိဿာ၊ ၏။ ဝဇ္ဇပ္ပဋိစ္ဆာဒိကာ၊ ကုန်သော။ အညာပိ၊ ရှင်မတို့မှ တစ်ပါးလည်း ဖြစ်ကုန်သော။ ဘိက္ခုနိယော၊ တို့သည်။ သန္တိ၊ ကုန်၏။ တာ၊ ထိုရဟန်း မိန်းမတို့ကို။ သံဃော၊ သည်။ ကိဉ္စိ၊ တစ်စုံတစ်ခုကိုမျှ။ န အာဟ၊ မဆို။ သံဃော၊ သည်။ တုမှဉေဝ၊ ရှင်မတို့အားသာလျှင်။ ဥညာယ၊ မထီမဲ့မြင်ပြုသဖြင့်။ ပရိဘဝေန၊ နှိပ်စက်သဖြင့်။ အက္ခန္တိယာ၊ သည်းမခံသဖြင့်။ ဝေဘဿိယာ၊ အထူးထူးဆိုသဖြင့်။ ဝါ၊ အားကိုးပြု၍ ထိတ်လန့်စေသဖြင့်။ ဒုဗ္ဗလျာ၊ ရှင်မတို့ အားနည်းသဖြင့်။ 'ဘဂိနိယောခေါ။ ပ။ သံဃေ ဝဇ္ဇောတိ'တိ၊ ဟူ၍။ ဧဝံ၊ သို့။ အာဟ၊ ၏။ ဣတိ၊ ဤသို့။ ဝဒေယျ၊ အံ့။ သာဘိက္ခုနီ။ ကို။ ဘိက္ခုနီဟိ၊ တို့သည်။ ဧဝံ၊ သို့။ ဝစနီယာ၊ သည်။ အဿ၊ ၏။ "အယျေ၊ မ။ တွံ၊ သည်။ 'သံသဋ္ဌာဝ အယျေ တုမှေ ဝိဟာရထ။ ပ။ သံဃော ဝဇ္ဇောတိ'တိ၊ ဟူ၍။ ဧဝံ၊ သို့။ မာ အဝစ၊ မဆိုလင့်"။ ဣတိ၊ သို့။ ဝစနီယာ၊ သည်။ အဿ၊ ၏။ ဧဝဉ္စ၊ လျှင်။ ဘိက္ခုနီဟိ၊ တို့သည်။ ဝုစ္စမာနာ၊ သော်။ သာဘိက္ခုနီ၊ သည်။ တထေဝ၊ လျှင်။ ပဂ္ဂဏှေယျ၊ အံ့။ ပ။

http://www.dhammadownload.com



နိဂုံး။ ။အယျာယော၊ တို့။ ပဋ္ဌမာပတ္တိယာ၊ ကုန်သော။ နဝ၊ ကိုးပါးကုန်သော သံဃာဒိသိသ်တို့ လည်းကောင်း။ ယာဝ-တတိယကာ၊ ကုန်သော။ အဋ္ဌ၊ ရှစ်ပါးကုန်သော သံဃာဒိသိသ်တို့ လည်းကောင်း။ ဣတိ၊ သို့။ သတ္တရသ၊ ကုန်သော။ သံဃာဒိသေသာ၊ ကုန်သော။ ဓမ္မာ၊ တို့ကို။ ဥဒ္ဒိဋ္ဌာခေါ၊ တည်း။ ယေသံ၊ အကြင် တစ်ဆယ့်ခုနစ်ပါးသော သံဃာဒိသိသ်တို့တွင်။ ဝါ၊ ယာ ဘိက္ခုနီ၊ သည်။ သေံ၊ တို့တွင်။ အညတရံ ဝါ အညတရံ ဝါ၊ သို့လည်း။ အာပဇ္ဇတိ၊ ၏။ တာယ ဘိက္ခုနိယာ၊ သည်။ ဥဘတောသံဃေ၊ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ၌။ ပက္ခမာနတ္တံ၊ လခွဲပတ်လုံး ကျင့်အပ် သော မာနတ်ကို။ စရိတဗ္ဗံ၊ ကျင့်အပ်၏။ ဘိက္ခုနိယာ၊ သည်။ စိဏ္ဏမာနတ္တာယ၊ ပက္ခမာနတ် ကျင့်ပြီးသော်။ ယတ္ထ၊ အကြင်သိမ်၌။ ပ။ ဓာရယာမိ၊ ၏။

---

## ဝိတ္ထာရဒွေသ

## နိဿဂ္ဂိယပါစိတ်

### ၁။ ပတ္တဝဂ်

နိဒါန်း။ ။အယျာယော၊ တို့။ တိံသ၊ ကုန်သော။ နိဿဂ္ဂိယာ၊ ကုန်သော။ ပါစိတ္တိယာ၊ ကုန်သော။ ပ။

ပဌမ။ ။ဝ၊ ယာ ပန ဘိက္ခုနီ၊ သည်။ ပတ္တသန္နိစယံ၊ တစ်ရက်မျှ အဓိဋ္ဌာန်, ဝိကပ္ပနာမပြုဘဲ သပိတ်ကို သိုမှီးခြင်းကို။ ကရေယျ၊ အံ့။ တဿာ ဘိက္ခုနိယာ၊ အား။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ ၏။

http://www.dhammadownload.com



**ဒုတိယ**။ ။၂၊ အကာလ စီဝရံ၊ အကာလ သင်္ကန်းကို။ ကာလစီဝရန္တိ၊ ကာလသင်္ကန်းဟူ၍။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍။ ဘာဇာပေယျ၊ ဝေဖန်စေငြားအံ့။ ပ။

**တတိယ**။ ။၃၊ ဘိက္ခုနိယာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ စီဝရံ၊ ကို။ ပရိဝတ္တေတွာ၊ ဖလှယ်၍။ သာ၊ ထိုရဟန်းမိန်းမသည်။ ပစ္ဆာ၊ ၌။ ဧဝံ၊ သို့။ ဝဒေယျ၊ အံ့။ "အယျော၊ မ။ တုယှံ၊ ၏။ စီဝရံ၊ ကို။ ဟန္ဒ၊ ယူလော့။ မေ၊ ၏။ တံ စီဝရံ၊ ကို။ အာဟာရ၊ ဆောင်ခဲ့။ ယံ စီဝရံ၊ သည်။ တုယှံ၊ ၏။ စီဝရံ၊ တည်း။ တေ၊ ထို သင်၏ သင်္ကန်းသည်။ တုယှမေဝ၊ သင့်အားသာလျှင်။ ဟောတု၊ ဖြစ်စေ။ ယံစီဝရံ၊ သည်။ မေ၊ ၏။ စီဝရံ၊ တည်း။ တေ၊ စီဝရံ၊ ထို ငါ၏ သင်္ကန်းသည်။ မယှမေဝ၊ ငါ့အားသာလျှင်။ ဟောတု၊ စေ။ မေ၊ ၏။ တံ စီဝရံ၊ ကို။ အာဟာရ၊ ဆောင်ခဲ့။ သကံ၊ မိမိဥစ္စာဖြစ်သော သင်္ကန်းကို။ ပစ္စာဟရ၊ တစ်ဖန်ဆောင်လေ။" ဣတိ၊ ဤသို့ဆို၍။ အစ္ဆိန္ဒေယျ ဝါ၊ မိမိမှုလည်း လုယက်ငြားအံ့။ အစ္ဆိန္ဒာပေယျဝါ၊ အံ့။ ပ။

**စတုတ္ထ**။ ။၄၊ အညံ၊ တစ်ပါးသော ထောပတ်ကို။ ဝိညာပေတွာ၊ တောင်းပြီး၍။ အညံ၊ တစ်ပါးသောဆီကို။ ဝိညာပေယျ၊ တောင်းငြားအံ့။ ပ။

**ပဉ္စမ**။ ။၅၊ အညံ၊ တစ်ပါးသောဆီကို။ စေတာပေတွာ။ ဝယ်စေ၍။ အညံ၊ တစ်ပါးသော ထောပတ်ကို။ စေတာပေယျ၊ အံ့၊ ပ။

**ဆဋ္ဌမ**။ ။၆၊ အညဒတ္ထိကေန၊ တစ်ပါးသောသင်္ကန်း အကျိုးငှာ လှူအပ်သော။ အညုဒ္ဒိသိကေန၊ တစ်ပါးသော သင်္ကန်းကို

http://www.dhammadownload.com



ညွှန်း၍ လျှအပ်သော။ သံဃိကေန၊ သံဃာအား စွန့်အပ်သော။ ပရိက္ခာရေန၊ ကပ္ပိယ ဘဏ္ဍာဖြင့်။ အညံ၊ တစ်ပါးသော ဆေးကို။ စေတာပေယျ၊ အံ့။ ပ။

**သတ္တမ**။ ။၇၊ အညဒတ္ထိကေန၊ တစ်ပါးသော သက်န်း အကျိုးငှာ လျှအပ်သော။ အညုဒ္ဒိသိကေန၊ တစ်ပါးသော သက်န်းကို ညွှန်း၍ လျှအပ်သော။ သံဃိကေန၊ သော။ သညာစိကေန၊ ကိုယ်တိုင် တောင်းအပ်သော။ ပရိက္ခာရေန၊ ဖြင့်။ အညံ၊ တစ်ပါး သောဆေးကို။ ပ။

**အဋ္ဌမ**။ ။၈၊ အညဒတ္ထိကေန၊ တစ်ပါးသော ယာဂုအကျိုး ငှာ လျှအပ်သော။ အညုဒ္ဒိသိကေန၊ တစ်ပါးသော ယာဂုကို ညွှန်း၍ လျှအပ်သော။ မဟာဇနိကေန၊ ဂိုဏ်းအား စွန့်အပ်သော။ ပရိက္ခာ-ရေန၊ ဖြင့်။ အညံ၊ တစ်ပါးသောဆေးကို။ ပ။

**နဝမ**။ ။၉၊ အညဒတ္ထိကေန။ သော။ အညုဒ္ဒိသိကေန၊ သော။ မဟာဇနိကေန၊ သော။ သညာစိကေန၊ သော။ ပရိက္ခာရေန၊ ဖြင့်။ အညံ၊ ကို။ ပ။

**ဒသမ**။ ။၁၀၊ အညဒတ္ထိကေန၊ တစ်ပါးသော ပရိဝုဏ် အကျိုးငှာ လျှအပ်သော။ အညုဒ္ဒိသိကေန၊ တစ်ပါးသော ပရိဝုဏ်ကို ညွှန်း၍ လျှအပ်သော။ ပုဂ္ဂလိကေန၊ ပုဂ္ဂိုလ်အား စွန့်အပ်သော။ ပရိက္ခာရေန၊ ဖြင့်လည်းကောင်း။ သညာစိကေန၊ မိမိကိုယ်တိုင် တောင်းအပ်သော ကပ္ပိယဘဏ္ဍာဖြင့်လည်းကောင်း။ အညံ၊ တစ်ပါး သောဆေးကို။ ပ။

http://www.dhammadownload.com



## စီဝရဝဂ်

**ပဌမ**။ ။၁၁၊ ဂရုပါဝုရဏံ၊ ချမ်းသောအခါ ခြုံအပ်သော လေးသောအရုံကို၊ စေတာပေန္တိယာ၊ တောင်းသော။ ဘိက္ခုနိယာ ပန၊ သည်ကား၊ စတုက္ကံသပရမံ။ လေးကံသ, တစ်ဆယ့်ခြောက် သပြာထိုက်သော အရုံကို။ စေတာပေတဗ္ဗံ၊ တောင်းအပ်၏၊ တတော၊ ထိုလေးကံသ, တစ်ဆယ့်ခြောက်သပြာထိုက်သော အရုံထက်၊ ဥတ္တရိ၊ အလွန်။ စေ စေတာပေယျ၊ အံ့။ ပ။

**မှတ်ဖွယ်**။ ။တစ်ကံသကား လေးအသပြာ ရှိ၏။

**ဒုတိယ**။ ။၁၂၊ လဟုပါဝုရဏံ၊ ပူသောအခါ ခြုံအပ်သော ပေါ့သောအရုံကို။ စေတာပေန္တိယာ၊ သော။ ဘိက္ခုနိယာပန၊ သည်ကား။ အဍ္ဎတေယျကံသပရမံ၊ အခွဲနှင့်တကွ သုံးကံသ ထိုက်သောအရုံကို။ ဝါ၊ နှစ်ကံသခွဲ, ဆယ်သပြာ ထိုက်သော အရုံကို။ စေတာပေတဗ္ဗံ၊ ၏။ တတော၊ ထိုအခွဲနှင့်တကွ သုံးကံသ ဆယ်သပြာထိုက်သော အရုံထက်။ ပ။

နိဿဂ္ဂိယ ပါစိတ္တိယာ နိဋ္ဌိတာ။

---

## သုဒ္ဓပါစိတ်

### ၁။ လသုဏဝဂ်

**နိဒါန်း**။ ။အယျာယော၊ တို့။ ဆသဋ္ဌိသတာ၊ တစ်ရာ့ ခြောက်ဆယ့် ခြောက်ပါးကုန်သော။ ပါစိတ္တိယာ၊ ကုန်သော။ ဓမ္မာ၊ ဓမ္မာ၊ တို့သည်။ ပ။

http://www.dhammadownload.com



**ပဌမ**။ ။၁၊ လသုဏံ၊ ကြက်သွန်ဖြူကို၊ ခါဒေယျ၊ စားငြားအံ့။ ပ။

**မှတ်ဖွယ်**။ ။မာဂဓတိုင်း၌ဖြစ်သော အမြှောင့်များသော ကြက်သွန်စိမ်းဟူ၏။ တစ်မြှောင့် နှစ်မြှောင့် သုံးမြှောင့်ရှိသော ကြက်သွန်မဟုတ် (ရဟန်း ယောကျ်ားအား ဒုက္ကဋ်သင့်၏။)

**ဒုတိယ**။ ။၂၊ သမ္ဗာဓေ၊ ကျဉ်းမြောင်းသော ပဿာဝမဂ်, လက်ကတီးကြား၌။ လောမံ၊ အမွေးကို။ သံဟာရာပေယျ၊ နုတ်ငြားအံ့။ ပ။ (ရဟန်းယောကျ်ားအား ဒုက္ကဋ်)

**တတိယ**။ ။၃၊ တလဃာတကေ၊ ပဿာမဂ်ဂ် အပြင်ကို ပုတ်ခတ်ခြင်းကြောင့်။ ပါစိတ္တိယံ။ ၏။

**စတုတ္ထ**။ ။၄၊ ဇတုဋ္ဌမကေ၊ အပြေအပြစ်ပြုအပ်သော ချိပ်ချောင်းဖြင့် ပဿာဝမဂ်ကို ထိုးခြင်းကြောင့်။ ပ။

**ပဉ္စမ**။ ။၅၊ ဥဒကသုဒ္ဓိကံ၊ ပဿာဝမဂ်ကို ရေဆေးခြင်းကို။ အာဒိယမာနာယ၊ ယူသော။ ဘိက္ခုနိယာ ပန၊ သည်ကား။ ဒွင်္ဂုလပဗ္ဗပရမံ၊ လက်နှစ်ချောင်း၌ တစ်ခုတစ်ခုပြု၍ လက်နှစ်ဆစ်အတိုင်းအရှည်ရှိသော အရပ်တိုင်အောင်။ အာဒါတဗ္ဗံ၊ ယူအပ်၏။ တံ၊ ထိုလက်နှစ်သစ် အတိုင်းအရှည်ရှိသော အရပ်ကို။ အတိက္ကာ-မေန္တိယာ၊ လွန်စေသော ရဟန်းမိန်းမအား။ ပ။

**ဆဋ္ဌမ**။ ။၆၊ဘုဥ္ဇန္တဿ၊ ဆွမ်းစားသော။ ဘိက္ခုဿ၊ ရဟန်းအား။ ပါနီယေန ဝါ၊ သောက်ရေဖြင့် လည်းကောင်း။ ဝိဓူပနေန ဝါ၊ ယပ်ခတ်သဖြင့် လည်းကောင်း။ ဥပတိဋ္ဌေယျ၊ အနီး၌ရပ်၍ လုပ်ကျွေးငြားအံ့။ ပ။

http://www.dhammadownload.com



**သတ္တမ**။ ။၇၊ အာမကဓညံ၊ စပါးစိမ်းကို။ ဝိညတွာ ဝါ၊ မိမိတောင်း၍ လည်းကောင်း။ ဝိညာပေတွာ ဝါ၊ သူတစ်ပါးကို တောင်းစေ၍ လည်းကောင်း။ ဘဇ္ဇိတွာ ဝါ၊ မိမိ လှော်၍ လည်းကောင်း။ ဘဇ္ဇာပေတွာ ဝါ၊ စေ၍ လည်းကောင်း။ ကောဋ္ဋေတွာ ဝါ၊ မိမိထောင်း၍ လည်းကောင်း။ ကောဋ္ဋာပေတွာ ဝါ၊ စေ၍ လည်းကောင်း။ ပစိတွာ ဝါ၊ မိမိချက်၍ လည်းကောင်း။ ပစာပေတွာ ဝါ၊ စေ၍ လည်းကောင်း။ ဘုဉ္ဇေယျ၊ အံ့။ ပ။

**အဋ္ဌမ**။ ။၈၊ ဥစ္စာရံဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ သင်္ကာရံဝါ၊ အမှိုက်ကို လည်းကောင်း။ ဝိဃာသံ ဝါ၊ စားကြွင်းကိုလည်းကောင်း။ တိရော-ကုဋ္ဋေ ဝါ၊ နံရံတစ်ဖက်၌ လည်းကောင်း။ တိရောပါကာရေ ဝါ၊ တံတိုင်းတစ်ဖက်၌ လည်းကောင်း။ ဆဍ္ဍေယျ ဝါ၊ မိမိမူလည်း စွန့်ငြားအံ့။ ဆဍ္ဍာပေယျ ဝါ၊ သူတစ်ပါးကိုလည်း စွန့်စေငြားအံ့ ။ပ။ (ရဟန်းအား ဒုက္ကဋ်)

**နဝမ**။ ။၉၊ ဥစ္စာရံ ဝါ၊ ကိုလည်းကောင်း။ ပ။ ဟရိတေ၊ စိုက်ပျိုးသော ကောက်ပဲ သစ်ပင် ရှိသော လယ်အရံ၌။ ဆဍ္ဍေယျ ဝါ၊ အံ့ ။ပ။ (ရဟန်းအား ဒုက္ကဋ်။)

**ဒသမ**။ ။၁၀၊ နစ္စံဝါ၊ ကခြင်းကိုလည်းကောင်း။ ဂီတံ ဝါ၊ သီချင်းကိုလည်းကောင်း။ ဝါဒိတံ ဝါ၊ တီးမှုတ်ခြင်းကို လည်းကောင်း။ ဒဿနာယ၊ ကြည့်ရှုနာခံခြင်းငှာ။ ဂစ္ဆေယျ၊ အံ့ ။ပ။ (ရဟန်းအား ဒုက္ကဋ်။)

http://www.dhammadownload.com



## ၂။ ရတ္တန္ဓကာရဝဂ်

**ပဌမ**။ ။၁၁၊ ယာပနဘိက္ခုနီ၊ သည်။ အပ္ပဒီပေ၊ အရောင်အလင်းကင်းသော။ ရတ္တန္ဓကာရေ၊ ညဉ့်မိုက်သော အခါ၌။ ဧကေန၊ တစ်ယောက်တည်းသော။ ပုရိသေန၊ ယောကျ်ားနှင့်။ သဒ္ဓိံ၊ ကွ။ ဧကာ၊ တစ်ယောက်အထီးတည်း။ သန္တိဋ္ဌေယျဝါ၊ တကွမူလည်း ရပ်ကြားအံ့။ သလ္လပေယျ ဝါ၊ တကွမူလည်း ပြောဆိုကြားအံ့ ။ပ။

**ဒုတိယ**။ ။၁၂၊ ပဋိစ္ဆန္နေ၊ နံရံ စသည်ဖြင့် ဖုံးလွှမ်းသော။ ဩကာသေ၊ အရပ်၌ ။ပ။

**တတိယ**။ ။၁၃၊ အဇ္ဈောကာသေ၊ ဟင်းလင်း အပြင်လွင် အရပ်၌ ။ပ။

**စတုတ္ထ**။ ။၁၄၊ ရထိကာယ ဝါ၊ ခရီးမ၌ လည်းကောင်း။ ဗျူဟေ ဝါ၊ ထုတ်ချင်းမထွင်းသော ခရီးမ၌လည်းကောင်း။ သိင်္ဃာဋကေ ဝါ၊ ခရီးဆုံ၌လည်းကောင်း။ ဧကေန၊ သော။ ပုရိသေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကာ၊ တည်း။ သန္တိဋ္ဌေယျဝါ၊ အံ့။ သလ္လပေယျ ဝါ၊ အံ့။ နိကဏ္ဏိကံ၊ နားရင်း၌ကပ်၍။ ဇပ္ပေယျ ဝါ၊ တိုးတိုးမူလည်း ပြောကြားအံ့။ ဒုတိယိကံ၊ အဖော်ဖြစ်သော။ ဘိက္ခုနိံ၊ ကို။ ဥယျောဇေယျ ဝါ၊ လွှတ်မူလည်း လွှတ်လိုက်ကြားအံ့ ။ပ။

**ပဉ္စမ**။ ။၁၅၊ ပုရေဘတ္တံ၊ နံနက်အခါ၌။ ကုလာနိ၊ အိမ်တို့သို့။ ဥပသင်္ကမိတွာ၊ ၍။ သာမိကေ၊ အိမ်ရှင်တို့ကို။ အနာပုစ္ဆာ၊ မပန်မူ၍၊ ပက္ကမေယျ၊ ဖဲကြားအံ့ ။ပ။

**ဆဋ္ဌ**။ ။၁၆၊ ပစ္ဆာဘတ္တံ၊ နေလွဲသောအခါ၌။ ကုလာနိ၊ တို့သို့။ ဥပသင်္ကမိတွာ၊ ၍။ သာမိကေ၊ တို့ကို။ အနာပုစ္ဆာ၊ ၍။

http://www.dhammadownload.com



အာသနေ၊ ၌။ အဘိနိသီဒေယျ ဝါ၊ ထိုင်မူလည်း ထိုင်ငြားအံ့။ အဘိနိ ပဇ္ဇေယျ ဝါ၊ အိပ်မူလည်း အိပ်ငြားအံ့ ॥ပ॥

**သတ္တမ**။ ॥၁၇၊ ဝိကာလေ၊ နေဝင်သောအခါ၌။ ကုလာနိ၊ တို့သို့။ ဥပသင်္ကမိတွာ၊ ၍။ သာမိကေ၊ တို့ကို။ အနာပုစ္ဆာ၊ ၍။ သေယျံ၊ အိပ်ရာ, နေရာကို။ သန္ထရိတွာ ဝါ၊ မိမိခင်း၍ လည်းကောင်း။ သန္ထရာပေတွာ ဝါ၊ သူတစ်ပါးကို ခင်းစေ၍ လည်းကောင်း ॥ပ॥

**အဋ္ဌမ**။ ॥၁၈၊ ဒုဂ္ဂဟိတေန၊ ဆိုအပ်သည်မှ တစ်ပါး မကောင်းသော အယူဖြင့်။ ဒူပဓာရိတေန၊ ဆိုအပ်သည်မှ တစ်ပါး မကောင်းသော အမှတ်ဖြင့်။ ပရံ၊ သူတစ်ပါးကို။ ဥဇ္ဈာပေယျ၊ ကဲ့ရဲ့ငြားအံ့ ॥ပ॥

**နဝမ**။ ॥၁၉၊ အတ္တာနံ ဝါ၊ မိမိကိုလည်းကောင်း။ ပရံ ဝါ၊ သူတစ်ပါးကိုလည်းကောင်း။ နိရယေန ဝါ၊ ငရဲ၌ဖြစ်ခြင်းဖြင့် လည်းကောင်း။ ဗြဟ္မစရိယေန ဝါ၊ သာသနာတော်မှ ရွေ့လျောခြင်း ဖြင့် လည်းကောင်း။ အဘိသပေယျ၊ ကျိန်ဆဲငြားအံ့ ॥ပ॥

**ဒသမ**။ ॥၂၀၊ အတ္တာနံ၊ ကိုယ်ကို။ ဝဓိတွာ ဝဓိတွာ၊ ထု၍ ထု၍။ ရောဒေယျ၊ ငိုငြားအံ့ ॥ပ॥

## ၃။ နဂ္ဂဝဂ်

**ပဌမ**။ ॥၂၁၊ ယာ ပန ဘိက္ခုနီ၊ သည်။ နဂ္ဂါ၊ အချည်းနှီး။ နှာယေယျ၊ ရေချိုးငြားအံ့ ॥ပ॥

**ဒုတိယ**။ ॥၂၂၊ ဥဒကသာဋိကံ၊ ရေသနုပ်ကို။ ကာရယမာနာယ၊ ပြုလိုသော။ ဘိက္ခုနိယာပန၊ သည်ကား။ ပမာဏိကာ၊

http://www.dhammadownload.com



ပမာဏနှင့် ယှဉ်သော ရေသနုပ်ကို။ ကာရေတဗ္ဗာ၊ ၏။ တတြ၊ ထိုရေသနုပ်၌။ ဣဒံ၊ ကား။ ပမာဏံ၊ တည်း။ ဒီဃသော၊ မှ။ သုဂတဝိဒတ္ထိယာ၊ ဖြင့်။ စတဿော ဝိဒတ္ထိယော၊ တို့တည်း။ တိရိယံ၊ အနံကား။ ဒွေဝိဒတ္ထိယော၊ တို့တည်း။ တံ၊ ထိုပမာဏကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ရဟန်းမိန်းမအား။ ဆေဒနကံ၊ သော။ ပါစိတ္တိယံ၊ ၏။

**တတိယ**။ ။၂၃၊ ဘိက္ခုနိယာ၊ ၏။ စီဝရံ၊ ကို။ ဝိသိဗ္ဗေတွာ ဝါ၊ မိမိဖြေ၍ လည်းကောင်း။ ဝိသိဗ္ဗာပေတွာ ဝါ၊ သူတစ်ပါး ကို ဖြေစေ၍ လည်းကောင်း။ သာ၊ ထိုရဟန်းမိန်းမသည်။ ပစ္ဆာ၊ ၌။ အနန္တရာယိကိနီ၊ အန္တရာယ်မရှိဘဲ။ စတုပဉ္စာဟာ၊ လေးရက်, ငါးရက်ကို။ အညတြ–ဌပေတွာ၊ ၍။ နေဝ သိဗ္ဗေယျ ဝါ၊ မိမိမူလည်း မချုပ်ငြားအံ့။ သိဗ္ဗာပနာယ၊ ချုပ်စေခြင်းငှာ။ ဥဿုက္ကံ ဝါ၊ ကြောင့်ကြမှုကိုလည်း။ နကရေယျ၊ မပြုငြားအံ့ ။ပ။

**စတုတ္ထ**။ ။၂၄၊ သင်္ဃာဋိစာရံ၊ သင်္ကန်း ငါးထည်ကို လှည့်လည်၍ ဝတ်ခြင်းကို။ ပဉ္စာဟိကံ၊ ငါးရက်ကို။ အတိက္ကာမေယျ၊ အံ့ ။ပ။

**မှတ်ဖွယ်**။ ။ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်, ရေသနုပ်, တဘက်, သင်္ကန်း ၅–ထည်။

**ပဉ္စမ**။ ။၂၅၊ သင်္ကမနိယံ၊ ငါးရက်ကို မလွန်မူ၍ ပြောင်းရွှေ့၍ ဝတ်အပ်သော။ စီဝရံ၊ မပန်ကြားမူ၍ ယူအပ်သော သူတစ်ပါး၏ သင်္ကန်းကို။ ဓာရေယျ၊ ဆောင်ငြားအံ့ ။ပ။

http://www.dhammadownload.com



**ဆဋ္ဌ**။ ။၂၆၊ ဂဏာယ၊ ဘိက္ခုနီ သံဃာ၏။ စီဝရလာဘံ၊ ရအပ်သော သင်္ကန်းကို။ အန္တရာယံ၊ ကို။ ကရေယျ၊ အံ့ ။ပ။

**သတ္တမ**။ ။၂၇၊ ဓမ္မိကံ၊ တရားအားလျော်သော။ စီဝရဝိဘင်္ဂံ၊ သင်္ကန်း ဝေဖန်ခြင်းကို။ ပဋိဗာဟေယျ၊ မြစ်တားပြားအံ့ ။ပ။

**အဋ္ဌမ**။ ။၂၈၊ အဂါရိကဿ ဝါ၊ လူအားလည်းကောင်း။ ပရိဗ္ဗာဇကဿဝါ၊ ပရိဗိုဇ် ရဟန်းအားလည်းကောင်း။ ပရိဗ္ဗာဇိကာယဝါ၊ မအားလည်းကောင်း။ သမဏစီဝရံ၊ ဝတ်ရုံလောက်သော ကပ္ပဗိန္ဒုထိုးသော ရဟန်း၏ သင်္ကန်းကို။ ဒဒေယျ၊ အံ့ ။ပ။

**နဝမ**။ ။၂၉၊ ဒုဗ္ဗလစီဝရ ပစ္စာသာယ၊ အားနည်းသော သင်္ကန်း ရနိုးခြင်းဖြင့်။ စီဝရကာလသမယံ၊ သင်္ကန်းကာလ အခါကို။ အတိက္ကာမေယျ၊ အံ့ ။ပ။

**ဒသမ**။ ။၃၀၊ ဓမ္မိကံ၊ သော။ ကထိနုဒ္ဓါရံ၊ ကထိန်နုတ်ခြင်းကို။ ပဋိဗာဟေယျ၊ အံ့ ။ပ။

## ၄။ တုဝဋ္ဋဝဂ်

**ပဌမ**။ ။၃၁၊ ဒွေ၊ နှစ်ယောက်ကုန်သော။ ယာ ပန ဘိက္ခုနိယော၊ တို့သည်။ ဧကမဉ္စေ၊ တစ်ညောင်စောင်းတည်း၌။ တုဝဋ္ဋေယျုံ၊ အိပ်ကုန်ငြားအံ့။ တာသံ ဘိက္ခုနီနံ၊ တို့အား။ ။ပ။

**ဒုတိယ**။ ။၃၂၊ ဒွေ၊ ကုန်သော၊ ယာ ပန ဘိက္ခုနိယော၊ တို့သည်။ ဧကတ္ထရဏပါဝုရဏာ၊ တစ်ခင်းတစ်ရုံတည်း ။ပ။

http://www.dhammadownload.com



**တတိယ**။ ။၃၃၊ ဘိက္ခုနိယာ၊ အား။ သဋ္ဌိစ္စ၊ မချမ်းသာစေလိုသော စေတနာ ရှိသည်ဖြစ်၍။ အဖာသုံ၊ မချမ်းသာခြင်းကို။ ကရေယျ၊ အံ့ ။ပ။

**စတုတ္ထ**။ ။၃၄၊ ဒုက္ခိတံ၊ ဖျားနာသော။ သဟဇီဝိနိံ၊ အတူနေ တပည့်မကို။ နေဝ ဥပဋ္ဌဟေယျ၊ မိမိမူလည်း မလုပ်ကျွေးငြားအံ့။ ဥပဋ္ဌာပနာယ၊ သူတစ်ပါးကို လုပ်ကျွေးစေခြင်းငှာ။ ဥဿုက္ကံ၊ ကြောင့်ကြကို။ န ကရေယျ၊ အံ့ ။ပ။

**ပဉ္စမ**။ ။၃၅၊ ဘိက္ခုနိယာ၊ အား။ ဥပဿယံ၊ တံခါးဖွဲ့ရှိသော ပုဂ္ဂလိကကျောင်းကို။ ဒတွာ၊ ၍။ ကုပိတာ၊ ၍။ နိက္ကဍ္ဎေယျ ဝါ၊ မိမိမူလည်း နှင်ထုတ်ငြားအံ့။ နိက္ကဍ္ဎာပေယျ ဝါ၊ စေငြားအံ့ ။ပ။

**ဆဋ္ဌ**။ ။၃၆၊ ဂဟပတိနာဝါ၊ နှင့်လည်းကောင်း။ ဂဟပတိပုတ္တေန ဝါ၊ နှင့်လည်းကောင်း။ သံသဋ္ဌာ၊ နှီးနှောသည်ဖြစ်၍။ ဝိဟရေယျ၊ အံ့။ သာဘိက္ခုနီ၊ ကို။ ဘိက္ခုနီဟိ၊ တို့သည်။ ဧဝံ၊ သို့။ ဝစနီယာ၊ သည်။ အဿ၊ ၏။ "အယျေ၊ မ။ တွံ၊ သည်။ ဂဟပတိနာပိ၊ နှင့်လည်းကောင်း။ ဂဟပတိပုတ္တေနာပိ၊ နှင့်လည်းကောင်း။ သံသဋ္ဌာ၊ ၍။ မာဝိဟာရိ၊ မနေလင့်။ အယျေ၊ မ။ တွံ၊ သည်။ ဝိဝိစ္စ၊ နှီးနှောခြင်းမှ ဆိတ်လော့။ ဘဂိနိယာ၊ ၏။ ဝိဝေကညေဝ၊ ကိုသာလျှင်။ သံဃော၊ သည်။ ဝဏ္ဏေတိ၊ ချီးမွမ်း၏။" ဣတိ၊ သို့။ ဝစနီယာ၊ သည်။ အဿ၊ ၏ ။ပ။

**သတ္တမ**။ ။၃၇၊ သာသက်သမ္မတော၊ ရွံ့ရှာဖွယ် ရှိ၏ဟု သမုတ်အပ်သော။ သပ္ပဋိဘယေ၊ ဘေးကျမ်း ရှိသော။ အန္တောရဋ္ဌေ၊

http://www.dhammadownload.com



တိုင်း၏အတွင်း၌။ အသတ္တိကာ၊ အဖော်ကုန်သည်မရှိဘဲ၊ စာရိကံ၊ ဒေသစာရီကို။ စရေယျ၊ အံ့ ။ပ။

**အဋ္ဌမ။** ။၃၈၊ တိရောရဋ္ဌေ၊ တိုင်းဘစ်ပါး၌ ။ပ။

**နဝမ။** ။၃၉၊ အန္တောဝဿံ၊ ဝါတွင်း၌ ။ပ။

**ဒသမ။** ။၄၀၊ ဝဿံဝုဋ္ဌာ၊ ဝါကျွတ်ပြီး၍။ အန္တမသော၊ ဖြင့်။ ဆပ္ပဉ္စယောဇနာနိ၊ ခြောက်ယူဇနာ, ငါးယူဇနာသို့ တိုင်တိုင်။ စာရိကံ၊ ကို။ န ပက္ကမေယျ၊ မဖဲကြားအံ့ ။ပ။

## ၅။ စိတ္တာဂါရဝဂ်

**ပဌမ။** ။၄၁၊ ယာပနဘိက္ခုနီ၊ သည်။ ရာဇာဂါရံ ဝါ၊ မင်း၏ကစားရာ အိမ်သို့လည်းကောင်း။ စိတ္တာဂါရံ ဝါ၊ ကစားရာ ပန်းချီဆေးရေးသော ဇရပ်သို့လည်းကောင်း။ အာရာမံ ဝါ၊ ကစားရာ အရံသို့လည်းကောင်း။ ဥယျာနံ ဝါ၊ ကစားရာ ဥယျာဉ်သို့ လည်းကောင်း။ ပေါက္ခရဏိံ ဝါ၊ ကစားရာ ရေကန်သို့ လည်းကောင်း။ ဒဿနာယ၊ ငှာ။ ဂစ္ဆေယျ၊ အံ့။ ။ပ။

**ဒုတိယ။** ။၄၂၊ အာသန္ဒိံ ဝါ၊ အခြေရှည်သော ညောင်စောင်း အင်းပျဉ်ကိုလည်းကောင်း။ ပလ္လင်္ကံ ဝါ၊ သားရဲရုပ် အခြေရှိသော ပလ္လင်ကိုလည်းကောင်း။ ပရိဘုဉ္ဇေယျ၊ အံ့ ။ပ။

**တတိယ။** ။၄၃၊ သုတ္တံ၊ ချည်ကို။ ကန္တေယျ၊ ငင်ကြားအံ့ ။ပ။

**စတုတ္ထ။** ။၄၄၊ ဂိဟိဝေယျာဝစ္စံ၊ လူတို့၏ အမှုကြီးငယ်ကို။ ကရေယျ၊ ပြုကြားအံ့ ။ပ။

**ပဉ္စမ။** ။၄၅၊ အယျေ၊ မ။ ဧဟိ၊ လာလှည့်။ ဣမံ

http://www.dhammadownload.com



အဓိကရဏံ၊ ဤအဓိကရဏ်းကို။ ဝူပသမေဟိ၊ ငြိမ်းစေလော့။ ဣတိ၊ သို့။ ဘိက္ခုနိယာ၊ သည်။ ဝုစ္စမာနာယ၊ ဆိုအပ်သည်ရှိသော်။ သာဓူတိ၊ ကောင်းပြီဟူ၍။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။ သာ၊ ထိုရဟန်းမိန်းမသည်။ ပစ္ဆာ၊ ၌။ အနန္တရာယိကိနီ၊ အန္တရာယ်မရှိဘဲ။ နေဝ ဝူပသမေယျ၊ မိမိမူလည်း မငြိမ်းငြားအံ့။ ဝူပသမာယ၊ ငှာ။ ဥဿုက္ကံ၊ ကို။ န ကရေယျ၊ အံ့ ။ပ။

ဆဋ္ဌမ။ ။၄၆၊ အဂါရိကဿ ဝါ၊ အားလည်းကောင်း။ ပ။ သဟတ္ထာ၊ ဖြင့်။ ခါဒနီယံ ဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံ ဝါ၊ ကိုလည်းကောင်း ။ပ။

သတ္တမ။ ။၄၇၊ အာဝသထ စီဝရံ၊ ဥတုနီး သင်္ကန်းကို။ အနိဿဇ္ဇေတွာ၊ မစွန့်မူ၍။ ပရိဘုဉ္ဇေယျ၊ အံ့ ။ပ။

အဋ္ဌမ။ ။၄၈၊ အာဝသထံ၊ တံခါးဖွဲ့ရှိသော ကျောင်းကို။ အနိဿဇ္ဇေတွာ၊ စောင့်စိမ့်သောငှာ မစွန့်မူ၍။ စာရိကံ၊ ကို။ ပ။

နဝမ။ ။၄၉၊ တိရစ္ဆာနဝိဇ္ဇံ၊ မဂ်, ဖိုလ်မှ ဖီလာဖြစ်သော အတတ်ကို။ ပရိယာပုဏေယျ၊ သင်ငြားအံ့ ။ပ။

ဒသမ။ ။၅၀၊ ဝါစေယျ၊ ပို့ချငြားအံ့ ။ပ။

## ၆။ အာရာမဝဂ်

ပဌမ။ ။၅၁၊ ယာ ပန ဘိက္ခုနီ၊ သည်။ ဇာနံ-ဇာနန္တီ၊ လျက်။ သဘိက္ခုကံ၊ ရဟန်းရှိသော။ အာရာမံ၊ အရံသို့။ အနာပုစ္ဆာ၊ မပန်ဘဲ။ ပဝိသေယျ၊ အံ့ ။ပ။

http://www.dhammadownload.com



**ဒုတိယ**။ ။၅၂၊ ဘိက္ခုံ၊ ကို။ အက္ကោသေယျ ဝါ၊ ဆဲရေးမှုလည်း ဆဲရေးငြားအံ့။ ပရိဘာသေယျ ဝါ၊ ဘေးကိုမှုလည်း ပြုငြားအံ့ ။ပ။

**တတိယ**။ ။၅၃၊ စဏ္ဍီကတာ၊ ကြမ်းတမ်းသည် ဖြစ်၍။ ဂဏံ၊ ဘိက္ခုနီသံဃာကို။ ပရိဘာသေယျ၊ ရေရွတ်ငြားအံ့ ။ပ။

**စတုတ္ထ**။ ။၅၄၊ နိမန္တိတာ ဝါ၊ ဖိတ်အပ်သည်ဖြစ်၍ လည်းကောင်း။ ပဝါရိတာ ဝါ၊ ပဝါရိတ်သင့်သည် ဖြစ်၍ လည်းကောင်း။ ခါဒနီယံဝါ၊ ကိုလည်းကောင်း။ ဘောဇနီယံဝါ၊ ကိုလည်းကောင်း။ ။ပ။

**ပဉ္စမ**။ ။၅၅၊ ကုလမစ္ဆရိနီ၊ အမျိုး၌ ဝန်တိုခြင်းသည်။

**ဆဋ္ဌမ**။ ။၅၆၊ အဘိက္ခုကေ၊ ရဟန်းယောကျ်ား မရှိသော။ အာဝါသေ၊ ကျောင်း၌။ ဝဿံဝသေယျ၊ ဝါဆိုငြားအံ့ ။ပ။

**သတ္တမ**။ ။၅၇၊ ဝဿံဝုဋ္ဌာ၊ ဝါကျွတ်ပြီး၍။ ဉဘတော သံဃေ၊ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ၌။ ဒိဋ္ဌေန ဝါ၊ မြင်ခြင်းဖြင့် လည်းကောင်း။ သုတေနဝါ၊ ကြားခြင်းဖြင့် လည်းကောင်း။ ပရိသင်္ကာယ ဝါ၊ ရွံ့ရှာခြင်းဖြင့် လည်းကောင်း။ တီဟိဌာနေဟိ၊ သုံးပါးသော အကြောင်းတို့ဖြင့်။ နပ္ပဝါရေယျ၊ မဖိတ်ငြားအံ့ ။ပ။

**အဋ္ဌမ**။ ။၅၈၊ ဩဝါဒါယ ဝါ၊ ဂရုဓံကို နာခံခြင်းငှာ လည်းကောင်း။ သံဝါသာယ ဝါ၊ ဉပုသ် ပဝါရဏာ မေးခြင်းငှာ လည်းကောင်း ။ပ။

**နဝမ**။ ။၅၉၊ ဘိက္ခုနိယာ၊ သည်။ အနွဒ္ဓမာသံ၊ လခွဲတစ်ကြိမ်။ ဘိက္ခုသံဃတော၊ ဘိက္ခုသံဃာမှ။ ဉပေါသထ ပုစ္ဆကဥ္စ၊

http://www.dhammadownload.com



ဥပုသ်မေးခြင်းလည်းကောင်း။ ဩဝါဒူပသင်္ကမနဉ္စ၊ ဆုံးမခြင်းငှာ ကပ်ခြင်းလည်းကောင်း။ ဣတိ၊ သို့။ ဒွေ ဓမ္မာ၊ တို့ကို။ ပစ္စာသီသိ တဗ္ဗာ၊ ရှေးရှုတောင့်တအပ်ကုန်၏။ တံ၊ ထို တရားနှစ်ပါးကို။ အတိက္ကမေန္တိယာ၊ လွန်စေသော ရဟာန်းမိန်းမအား ။ပ။

**ဒုတိယ**။ ။၆၀၊ ပသာခေ၊ ချက်အောက် ပုဆစ်နှစ်ဖက် အထက်ဟု ဆိုအပ်သော ခက်မ၌။ ဇာတံ၊ ပေါက်ရောက်သော။ ဂဏ္ဍံ ဝါ၊ အိုင်းအမာကိုလည်းကောင်း။ ရုဓိတံ ဝါ၊ အမာကို လည်းကောင်း။ သံဃံဝါ၊ ကိုလည်းကောင်း။ ဂဏံဝါ၊ ကိုလည်း ကောင်း။ အနပလောကေတွာ၊ မပန်ကြားမူ၍။ ပုရိသေန၊ နှင့်။ သဒ္ဓိံ၊ ကွ။ ဧကေနေကာ၊ တစ်ယောက်ချင်းချင်း။ ဘေဒါပေယျ ဝါ၊ ခွဲမူလည်း ခွဲစေကြောအံ့။ ဖာလာပေယျ ဝါ၊ ဖောက်မူလည်း ဖောက်စေ ကြောအံ့။ ဓောဝါပေယျ ဝါ၊ ဖန်မူလည်း ဆေးစေကြောအံ့။ အာလိမ္ပာ ပေယျ ဝါ၊ ဆေးမူလည်း သုတ်လိမ်းစေကြောအံ့။ ဗန္ဓာပေယျဝါ၊ ကျပ်မူလည်း စည်းစေကြောအံ့။ မောစာပေယျ ဝါ၊ အစည်းကိုမူလည်း ဖြေစေကြောအံ့။ ပ။

## ၇။ ဂဗ္ဘိနီဝဂ်

**ပထမ**။ ။၆၁၊ ယာပနဘိက္ခုနီ၊ သည်။ ဂဗ္ဘိနိံ၊ ကိုယ်ဝန် ဆောင်သော မိန်းမကို။ ဝုဋ္ဌာပေယျ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံ ကြောအံ့။

**ဒုတိယ**။ ။၆၂၊ ပါယန္တိံ၊ နို့တိုက်သော မိန်းမကို ။ပ။

**တတိယ**။ ။၆၃၊ ဒွေဝဿာနိ၊ နှစ်နှစ်တို့ပတ်လုံး။ ဆသု ဓမ္မေသု၊ ပါဏာတိပါတာ ဝေရမဏီ အစ ဝိကာလဘောဇနာ

http://www.dhammadownload.com



ဝေရမဏီ အဆုံးဖြစ်သော တရားခြောက်ပါးတို့၌။ အသိက္ခိတ သိက္ခံ၊ မကျင့်အပ်သော သိက္ခာရှိသော။ သိက္ခမာနံ၊ သိက္ခ မာန်ကို ॥ပ॥

**စတုတ္ထ**။ ॥၆၄၊ ဒွေဝဿာနိ၊ လုံး။ ဆသု ဓမ္မေသု၊ တို့၌။ သိက္ခိတသိက္ခံ၊ သော။ သံဃေန၊ သည်။ အသာမ္မတံ၊ မသမုတ် အပ်သော။ သိက္ခမာနံ၊ ကို ॥ပ॥

**ပဉ္စမ**။ ॥၆၅၊ ဦနဒွါဒသဝဿံ၊ တစ်ဆယ့်နှစ်နှစ် မပြည့် သော။ ဂိဟိဂတံ၊ ယောကျ်ားအထူး သွားလာဖူးသော ॥ပ॥

**ဆဋ္ဌမ**။ ॥၆၆၊ ပရိပုဏ္ဏ ဒွါဒသဝဿံ၊ တစ်ဆယ့်နှစ်နှစ် ပြည့်သော။ ဂိဟိဂတံ၊ သော။ ဒွေဝဿာနိ၊ လုံး။ ဆသုဓမ္မေသု၊ တို့၌။ အသိက္ခိတသိက္ခံ၊ သော။ သိက္ခမာနံ၊ ကို ॥ပ॥

**သတ္တမ**။ ॥၆၇၊ ပရိပုဏ္ဏ ဒွါဒသဝဿံ၊ သော။ ဂဟိဂတံ၊ သော။ သံဃေန၊ သည်။ အသမ္မတံ၊ သော ॥ပ॥

**အဋ္ဌမ**။ ॥၆၈၊ သဟဇီဝိနိံ၊ အတူနေ တပည့်မကို။ ဝုဋ္ဌာ ပေတွာ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပြီး၍။ ဒွေဝဿာနိ၊ လုံး။ နေဝ အနုဂ္ဂဏှေယျ၊ ပါဠိသင်ခြင်း စသည်ဖြင့် မိမိ မချီးမြှောက်ငြားအံ့။ န အနုဂ္ဂဏှာပေယျ၊ သူတစ်ပါးကို မချီးမြှောက်စေငြားအံ့ ॥ပ॥

**နဝမ**။ ॥၆၉၊ ဝုဋ္ဌာပိတံ၊ ပဉ္စင်းခံပေးသော။ ပဝတ္တိနိံ၊ ဥပဇ္ဈာယ်မကို။ ဒွေဝဿာနိ၊ လုံး။ နာနုဗန္ဓေယျ၊ အစဉ်လိုက်၍ မလုပ်ကျွေးငြားအံ့ ॥ပ॥

**ဒသမ**။ ॥၇၀၊ သဟဇီဝိနိံ၊ ကို။ ဝုဋ္ဌာပေတွာ၊ ၍။ အန္တမသော၊ ဖြင့်။ ဆပ္ပဉ္စယောဇနာနိ၊ တိုင်။ နေဝ ဝူပကာသေယျ၊

http://www.dhammadownload.com



မိမိမူလည်း ယူ၍ မသွားကြောအံ့။ န ဂူပကာသာပေယျ၊ သူတစ်ပါး ကိုမူလည်း ယူ၍ မသွားစေကြောအံ့ ။ပ။

## ၈။ ကုမာရိဘူတဝဂ်

**ပဌမ**။ ။၇၁၊ ဦနဝီသတိဝဿံ၊ အသက်နှစ်ဆယ် မပြည့်သော။ ကုမာရိဘူတံ၊ သတို့သမီးဖြစ်သော ။ပ။

**ဒုတိယ**။ ။၇၂၊ ပရိပုဏ္ဏဝီသတိဝဿံ၊ အသက်နှစ်ဆယ် ပြည့်သော။ ကုမာရိဘူတံ၊ သော။ ဒွေဝဿာနိ၊ လုံး။ ဆသု ဓမ္မေသု၊ တို့၌။ အသိက္ခိတသိက္ခံ၊ သော ။ပ။

**တတိယ**။ ။၇၃၊ ပရိပုဏ္ဏ ဝီသတိ ဝဿံ၊ သော။ ကုမာရိ ဘူတံ၊ သော။ သိက္ခိတသိက္ခံ၊ သော။ သံဃေန၊ သည်။ အသမ္မတံ၊ ကို။ ဝုဋ္ဌာပေယျ၊ အံ့ ။ပ။

**စတုတ္ထ**။ ။၇၄၊ ဦနဒွါဒသဝဿာ၊ တစ်ဆယ့်နှစ်ဝါ မပြည့် သေးဘဲ။ ဝုဋ္ဌာပေယျ၊ အံ့ ။ပ။

**ပဉ္စမ**။ ။၇၅၊ ပရိပုဏ္ဏ ဒွါဒသဝဿာ၊ တစ်ဆယ့်နှစ်ဝါ ပြည့်သည်ဖြစ်၍။ သံဃေန၊ သည်။ အသမ္မတာ၊ မသမုတ်ဘဲ ။ပ။

**ဆဋ္ဌမ**။ ။၇၆၊ အယျေ၊ မ။ တာဝ၊ ရှေးဦးစွာ။ တေ၊ အား။ ဝုဋ္ဌာပိတေန၊ သိက္ခမာန်ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံခြင်းဖြင့်။ အလံ၊ မသင့်။ ဣတိ။ သို့။ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်။ သာဓူတိ၊ ကောင်းပြီဟူ၍။ ပဋိဿုဏိတွာ၊ ဝန်ခံပြီး၍။ ပစ္ဆာ၊ ၌။ ခီယနဓမ္မံ၊ ရှုတ်ချခြင်းသဘောသို့။ ပ။

**သတ္တမ**။ ။၇၇၊ သိက္ခမာနံ၊ ကို။ အယျေ၊ မ။ တွံ၊ သည်။ မေ၊ အား။ စီဝရံ၊ ကို။ သစေ ဒဿသိ၊ အကယ်၍ပေးသည်ဖြစ်အံ့။

http://www.dhammadownload.com



ဇဝံ၊ ဤသို့ပေးသည်ရှိသော်။ အဟံ၊ သည်။ တံ၊ ကို။ ဝုဋ္ဌာပေဿာမိ၊ အံ့။ ဣတိ၊ သို့။ ဝတွာ၊ ၍။ သာ၊ ထိုရဟန်းမိန်းမသည်။ ပစ္ဆာ၊ ၌။ အနန္တရာယိကိနီ၊ အန္တရာယ်မရှိဘဲ။ နေဝ ဝုဋ္ဌာပေယျ၊ အံ့။ ဝုဋ္ဌာပနာယ၊ ငှာ။ ဥဿုက္ကံ၊ ကို။ န ကရေယျ၊ အံ့။ ပ။

**အဋ္ဌမ**။ ။၇၈၊ မံ၊ ငါ့ကို။ ဒွေဝဿာနိ၊ လုံး။ သစေ အနုဗန္ဓိဿသိ၊ အကယ်၍ အစဉ်လိုက်၍ လုပ်ကျွေးသည်ဖြစ်အံ့ ။ပ။

**နဝမ**။ ။၇၉၊ ပုရိသသံသဋ္ဌံ၊ အနှစ် နှစ်ဆယ်သို့ရောက်သော ယောကျ်ားနှင့် ရောနှောသော။ ကုမာရကသံသဋ္ဌံ၊ အနှစ် နှစ်ဆယ်သို့ မရောက်သော လုလင်နှင့် ရောနှောသော။ စဏ္ဍိံ၊ ကြမ်းတမ်းသော၊ သောကာဝါသံ၊ ယောကျ်ားတို့၏ အတွင်း၌ စိုးရိမ်ခြင်းကို သွင်းတတ်သော။ ဝါ၊ စိုးရိမ်ခြင်းသာ နေရာရှိသော ။ပ။

**ဒသမ**။ ။၈၀၊ မာတာပိတူဟိ ဝါ၊ မိ, ဘ တို့သည် လည်းကောင်း။ သာမိကေန ဝါ၊ လင်သည်လည်းကောင်း။ အနနုညာတံ၊ ခွင့်မပြုအပ်သော။ သိက္ခမာနံ၊ ကို။ ဝုဋ္ဌာပေယျ၊ အံ့ ။ပ။

**ဧကာဒသမ**။ ။၈၁၊ ပါရိဝါသိကဆန္ဒဒါနေန၊ သီးသော ဆန္ဒပေးခြင်းရှိသည်ဖြစ်၍ ။ပ။

**ဒွါဒသမ**။ ။၈၂၊ အနုဝဿံ။ နှစ်တိုင်း။ ဝုဋ္ဌာပေယျ၊ အံ့ ။ပ။

**တေရသမ**။ ။၈၃၊ ဧကဝဿံ၊ တစ်နှစ်တည်း၌။ ဒွေ၊ နှစ်ယောက်သော သိက္ခမာန်တို့ကို။ ဝုဋ္ဌာပေယျ၊ အံ့ ။ပ။

http://www.dhammadownload.com



## ၉။ ဆတ္တုပါဟနဝဂ်

**ပဌမ**။ ။၈၄၊ အဂိလာနာ၊ မနာဘဲ။ ဆတ္တုပါဟနံ၊ ထီးဖိနပ်ကို။ ဓာရေယျ၊ ဆောင်ငြားအံ့ ။ပ။

**ဒုတိယ**။ ။၈၅၊ အဂိလာနာ၊ ဘဲ။ ယာနေန၊ ယာဉ်ဖြင့်။ ယာယေယျ၊ သွားငြားအံ့ ။ပ။

**တတိယ**။ ။၈၆၊ သဃာဏိံ၊ ခါးကြိုးတန်ဆာကို ။ပ။

**စတုတ္ထ**။ ။၈၇၊ ဣတ္ထာလင်္ကာရံ၊ မိန်းမတို့၏ ဦးခေါင်းတန်ဆာ စသည်ကို။ ဓာရေယျ၊ အံ့ ။ပ။

**ပဥ္စမ**။ ။၈၈၊ ဂန္ဓဝဏ္ဏကေန၊ နံ့သာ, နံ့သာပျောင်းဖြင့်။ နဟာယေယျ၊ ရေချိုးငြားအံ့ ။ပ။

**ဆဋ္ဌမ**။ ။၈၉၊ ဝါသိတကေန၊ နံ့သာဖြင့် ထုံအပ်သော။ ပိညာကေန၊ နှမ်းမှုန့်ညက်ဖြင့်။ နဟာယေယျ၊ အံ့ ။ပ။

**သတ္တမ**။ ။၉၀၊ ဘိက္ခုနိယာ၊ ကို။ ဥမ္မဒ္ဒါပေယျ ဝါ၊ ပွတ်သပ်မှုလည်း ပွတ်သပ်စေငြားအံ့။ ပရိမဒ္ဒါပေယျ ဝါ၊ ဆုပ်နယ်မှုလည်း ဆုပ်နယ်စေငြားအံ့ ။ပ။

**အဋ္ဌမ**။ ။၉၁၊ သိက္ခမာနာယ၊ သိက္ခမာန်ကို ။ပ။

**နဝမ**။ ။၉၂၊ သာမဏေရိယာ၊ သာမဏေမကို ။ပ။

**ဒသမ**။ ။၉၃၊ ဂိဟိနိယာ၊ လူမိန်းမကို ။ပ။

**ဧကာဒသမ**။ ။၉၄၊ ဘိက္ခုဿ၊ ၏။ ပုရတော၊ ရှေ့၌။ အနာပုစ္ဆာ၊ မပန်ကြားဘဲ။ အာသနေ၊ ၌ ။ပ။

http://www.dhammadownload.com



**ဒွါဒသမ။** ။၉၁၊ အနော်ကာသကတံ၊ ခွင့်မပြုအပ်သော။ ဘိက္ခုံ၊ ကို။ ပဥှံ၊ ပြဿနာကို။ ပုစ္ဆေယျ၊ အံ့ ။ပ။

**တေရသမ။** ။၉၆၊ အသံကစ္စိကာ၊ ရင်လွှမ်းတဘက် မဝတ်ဘဲ။ ဂါမံ၊ သို့။ ပဝိသေယျ၊ အံ့ ။ပ။

## ပါစိတ္တိယာ နိဋ္ဌိတာ။

## ပါဋိဒေသနီယ

**နိဒါန်း။** ။အယျာယော၊ တို့။ အဋ္ဌ၊ ကုန်သော။ ပါဋိဒေသနီယာ၊ ကုန်သော။ ဓမ္မာ၊ တို့သည် ။ပ။

**ပဌမ။** ။၁၊ ယာပနဘိက္ခုနီ၊ သည်။ အဂိလာနာ၊ မနာဘဲ။ သပ္ပိံ၊ ထောပတ်ကို။ ဝိညာပေတွာ၊ ၍။ ဘုဉ္ဇေယျ၊ အံ့။ တာယ ဘိက္ခုနိယာ၊ သည်။ အယျေ၊ တို့။ ဂါရယှံ၊ သော။ အသပ္ပါယံ၊ သော။ ဓမ္မံ၊ သို့။ အာပဇ္ဇိံ၊ ပြီ။ တံ၊ ထိုပါဋိဒေသနီ အာပတ်ကို၊ ပဋိဒေသေမိ၊ ကြား၏။ ဣတိ၊ သို့။ ပဋိဒေသေတဗ္ဗံ၊ ကြားအပ်၏ ။ပ။

**ဒုတိယ။** ။၂၊ အဂိလာနာ၊ မနာဘဲ။ တေလံ၊ ဆီကို ။ပ။

**တတိယ။** ။၃၊ မဓုံ၊ ပျားကို ။ပ။

**စတုတ္ထ။** ။၄၊ ဖာဏိတံ၊ တင်လဲကို ။ပ။

**ပဥ္စမ။** ။၅၊ မစ္ဆံ၊ ငါးကို ။ပ။

**ဆဋ္ဌမ။** ။၆၊ မံသံ၊ အမဲကို ။ပ။

**သတ္တမ။** ။၇၊ ခီရံ၊ နို့ရည်ကို ။ပ။

http://www.dhammadownload.com



**အဋ္ဌမ။** ။ဝ၊ ဒဓိံ၊ နို့ဓမ်းကို။ ဝိညာပေတွာ၊ ၍။ ဘုဉ္ဇေယျ၊ အံ့ ။ပ။

[အကြွင်းဟူသမျှ သိသာလှပြီ။]

ဘိက္ခုနီပါတိမောက် နိဿယ

ပြီး၏။

---

**ကျမ်းပြီးနိဂုံး**

စက္ကိန္ဒာဘိ သိရိနာယံ၊
ရစိတော ကာသိကေ သကေ။
ဆန္နောတျံ သဝဏေ ကာဠေ၊
နဝမေ ဗုဒ္ဓဝါသရေ။

စက္ကိန္ဒာဘိ သိရိနာ၊ "စက္ကိန္ဒာဘိ သိရီ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" အမည်ရှိသော မဟာအောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော်သည်။ ရစိတော၊ စီရင်အပ်သော။ အယံ ပါတိမောက္ခ နိဿယော၊ ဤ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက် နိဿယ သည်။ ကာသိကေ သကေ ဆန္နောတျံ၊ ၁၁၉၆–ခု၊ သာဝဏေ ကာဠေ နဝမေ၊ နံကာလ လပြည့်ကျော် ၉–ရက် ဖြစ်သော။ ဗုဒ္ဓဝါသရေ၊ ဗုဒ္ဓဟူးနေ့၌။ နိဋ္ဌိတော၊ အပြီးသို့ရောက်၏။

**ဆရာတော် ဦးဗုဓ်–မှ**

ဒွေမာတိကာနိဿယ ပြီး၏။

---

http://www.dhammadownload.com



## ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်

နိုင်ငံတော်အစိုးရ ပါဠိတက္ကသိုလ် အမြဲတမ်းကထိက
နိုင်ငံတော်အစိုးရ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဝင်
သာသနဓဇ ဓမ္မာစရိယ အဂ္ဂတ္တရနိကာယ ပါဠိပါရဂူ

### သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

### ပထမကျော်

### အရှင်ဓမ္မသာမိဘိဝံသ-၏

# ဝိနည်းမှတ်ဖွယ်

**ထုလ္လစ္စည်း။** ။သံဃာ၏ ဂရုဘဏ်ဥစ္စာကို အစိုးရသဖြင့် သူတစ်ပါးအား ပေးသော ရဟန်း၊ သမန်းမြက် သက်န်း, လျှော်မျှင် သက်န်း, ပျဉ်ချပ် သက်န်း, လူ့ဆံပင် သက်န်း, စာမရီ သားမြီး ဖြင့် ရက်ထားသော သက်န်း, ခင်ပုပ်ငှက်တောင်ဖြင့် ရက်သော သက်န်း, သစ်နက်ရေ သက်န်းတို့ကို ဝတ်သော ရဟန်း၊ အင်္ဂါဇာတ် ကို ဓားငယ်ဖြင့်ခွဲ၍ သွေးထုတ်သော ရဟန်း၊ ဝှေးစေ့အိမ်ကို ပုဆိုး

http://www.dhammadownload.com



ဖြင့် ရစ်၍ ဆေးစည်းသော ရဟန်း၊ လူသားကို စားသော ရဟန်း တို့အား ထုလ္လစ္စည်းအာပတ် သင့်၏။

ဒုက္ကဋ်။ ။ငှက်ပျောလျှော် သင်္ကန်း, အလုံးစုံ ညိုသော သင်္ကန်း, အလုံးစုံရွှေသော သင်္ကန်း, အလုံးစုံ မောင်းသော သင်္ကန်း တို့ကို ဝတ်သော ရဟန်း၊ ဆင်သား, မြင်းသား, ခွေးသား, ခြသေ့် သား, ကျားသား, ဝံသား, သစ်သား, အောင်းသားတို့ကို စားသော ရဟန်း၊ ရဟန်းတို့ဖို့ ရည်ရွယ်၍ သတ်သော ဝက်သား စသော အပ်စပ်သော အသားများကို သိလျက် စားသော ရဟန်း၊ မအပ် သော အသားဟု ထင်လျက် မမေးဘဲ ဝက်သား စသော အပ်စပ် သော အသားကို စားသော ရဟန်း၊ အဆောတလျင် သင်္ကန်းကို ပင့်၍ ကျောင်းကြီးအိမ်, ကျောင်းကြီးငယ်အိမ်သို့ ဝင်သော ရဟန်း၊ အဆောတလျင် သင်္ကန်းကိုပင့်၍ ကျောင်းကြီးအိမ်, ကျောင်းငယ်အိမ်မှ ထွက်သော ရဟန်း၊ ချောင်းမဟန့်ဘဲ ကျောင်းကြီးအိမ်, ကျောင်းငယ် အိမ်သို့ဝင်သော ရဟန်း၊ ညည်းတွားလျက် (တအင်းအင်းနှင့် ညှစ် လျက်) ကုဋီတက်သော ရဟန်း၊ တံပူစားလျက် ကုဋီတက်သော ရဟန်း (တံပူစားလျက် ကျောင်ငယ်ကား စွန့်ကောင်း၏)။ ကျောင်ကြီး မြောင်းထဲသို့ ကျောင်ငယ်စွန့်သော ရဟန်း၊ ကျောင်ငယ်မြောင်းထဲသို့ ကျောင်ကြီးစွန့်သော ရဟန်း၊ ခေါင်းထက်သော ကနုတံကို သုတ်သော ရဟန်း၊ ကနုတံကို ကျောင်ကြီးတွင်းထဲသို့ ပစ်ချသော ရဟန်း၊ ကျောင်ငယ်စွန့်ပြီး သန့်သက်ရေ မဆေးသော ရဟန်း၊ ကုဋီ၌ မစင် ပေနေသည်ကို မြင်လျက် မဆေးကြောသော ရဟန်း၊ ကုဋီ၌ အမှိုက် သရိုက်တို့ကို မရှင်းသော ရဟန်း၊ သန့်သက်ရေကို တဖျပ်ဖျပ်

http://www.dhammadownload.com



မြည်အောင် ပက်၍ ဆေးသော ရဟန်း၊ သတင်းကြီးက မတိုက်တွန်းဘဲ ပါတိမောက်ပြသော ရဟန်း၊ သီတင်းကြီးကို မပန်ကြားဘဲ တရားဟောခြင်း, ပြဿနာဖြေခြင်း, ပြဿနာမေးခြင်း, စာပြန်ခြင်း, မီးထွန်းခြင်း, မီးသတ်ခြင်း, တံခါးပိတ်ခြင်း, တံခါးဖွင့်ခြင်းတို့ကို ပြုသော ရဟန်း၊ အဝတ်မဝတ်ဘဲ ခရီးသွားခြင်း, ရှိခိုးခြင်း, စားသောက်ခြင်း စသည်ကို ပြုသော ရဟန်း၊ အချင်းချင်း ချေးပွတ်၍ ရေချိုးသော ရဟန်းများ၊ ကျန်းမာလျက် မြို့တွင်းရွာတွင်း၌ ဖိနပ်စီးသော ရဟန်း၊ အလုံးစုံ ညိုသောဖိနပ်, အလုံးစုံ မည်းသောဖိနပ်, အလုံးစုံ ရွှေသောဖိနပ်, အလုံးစုံ မောင်းသောဖိနပ်, ပြောက်ကျားသော ဖိနပ်များကို စီးသော ရဟန်း၊ ချစ်ကြိုက်သော စိတ်ထားဖြင့် မိန်းမကို ကြည့်သော ရဟန်း၊ (ချစ်ကြိုက်သာယာသော စိတ်ထားဖြင့် ယောကျ်ားကိုပင် မကြည့်ကောင်း၊ ကြည့်လျှင် ဒုက္ကဋ်ပင်)၊ အကြောင်းမရှိဘဲ လှလိုသောစိတ် သာယာသောစိတ်ဖြင့် မှန်ကြည့်သော ရဟန်း၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေထိုင်သော ရဟန်း၊ ကျန်းမာလျက် ဆိုက်ကား, မြင်းလှည်း စသော သက်ရှိသတ္တဝါ ဆွဲသော ယာဉ်များကို စီးသော ရဟန်း၊ လူတစ်ဦးတစ်ယောက် "ဟပ်ချိုး" ဟု ချေရာ၌ "အသက်ရှည်ပါစေ"ဟု ဆိုသော ရဟန်း၊ သေခိယ သိက္ခာပုဒ်များကို မလိုက်နာသော ရဟန်း၊ လူများကို ပန်း, သစ်သီး, ဝါး, တံပူ ပေးသော ရဟန်း၊ အစေအပါးခံသော (တမန်လုပ်သော) ရဟန်း၊ ဆေးကုသော ရဟန်း၊ ဝိနည်းနားမလည်ဘဲ နားလည်သူများကို အမှီပြု၍ မနေသော ရဟန်း၊ သဘာဂအာပတ်ရှိလျက် ဥပုသ်ပြုသော ရဟန်းများ၊ သဘာဂအာပတ်

http://www.dhammadownload.com



ရှိလျက် ပဝါရဏာပြုသော ရဟန်းများ၊ အန္တရာယ်မရှိဘဲ သုတသဒ္ဒါဖြင့် သိမ်း၍ ဥပုသ်အကျဉ်းပြုသော ရဟန်း၊ ဥပုသ်မပြုဘဲနေသော ရဟန်း၊ ဝါမဆိုဘဲနေသော ရဟန်း၊ နေ့အခါ၌ တံခါးမပိတ်ဘဲ အိပ်သော ရဟန်း၊ စပါးမျိုး ခုနစ်ပါး, မိန်းမရုပ်ပုံ, ရတနာခုနစ်ပါး, လက်နက်အမျိုးမျိုး, မိန်းမများ၏ အဝတ်အစားတန်ဆာ အမျိုးမျိုး, တီးမှုတ်မှုဆိုင်ရာ တူရိယာအမျိုးမျိုး စသည်တို့ကို ကိုင်တွယ်သော ရဟန်း၊ (နတ်သမီးရုပ်ပါသော မီးခြစ်ကိုပင် မကိုင်ကောင်း၊ ကိုင်လျှင် ဒုက္ကဋ်ပင်၊ လက်နက်အမျိုးမျိုး စသည်ဖြင့် ဆိုရာ၌ သေနတ်ကိုင်လျှင် ဒုက္ကဋ်၊ ဓားမြှောင်ကိုင်လျှင် ဒုက္ကဋ် စသည်ဖြင့် ဖြန့်၍ သိပါ)၊ ခွက်တစ်ခုတည်း နှစ်ပါးစားသော ရဟန်းများ၊ တစ်ခင်း, တစ်ခြုံ, တစ်ခုတင်တည်း နှစ်ပါးအိပ်သော ရဟန်းများ (သုံးပါး စသည် အိပ်က ပြောဖွယ်မလို)၊ က,သော ရဟန်း၊ အက,ခိုင်းသော ရဟန်၊ သီချင်းဆိုသော ရဟန်း၊ သီချင်းအဆိုခိုင်းသော ရဟန်း၊ ဆိုင်းတီးသော ရဟန်း၊ ဆိုင်းတီးခိုင်းသော ရဟန်း၊ ပွဲကြည့်သော ရဟန်း၊ ဘိုင်စကုတ်ကြည့်သော ရဟန်း၊ လက်နှစ်သစ်ထက် ရှည်အောင် ဆံပင်ထားသော ရဟန်း၊ လက်နှစ်သစ် မရှိသော်လည်း ဆံပင်ကို နှစ်လထက် ကျော်၍ မရိတ်ဘဲထားသော ရဟန်း၊ လက်သည်း, ခြေသည်းတို့ကို အလှပြုပြင်သော ရဟန်း၊ အင်္ဂါဇာတ်၌ ရှိသော အမွေး, ချိုင်းမွေးတို့ကို ရိတ်ပစ်သော (နုတ်ပစ်သော) ရဟန်း၊ သင်္ကန်း မရှိမသေ ဝတ်သော ရဟန်း၊ ခါးပန်းကြိုး မပါဘဲ မြို့တွင်း, ရွာတွင်း သွားသော ရဟန်း၊ သင်္ကန်းမရုံဘဲ မြို့တွင်း, ရွာတွင်း သွားသော ရဟန်း၊ ဘေးရန်မရှိဘဲ လက်ခုပ်တစ်ဖောင်

http://www.dhammadownload.com



ထက်အလွန် သစ်ပင်ပေါ်သို့တက်သော ရဟန်း၊ ရေမစစ်ဘဲ သောက်သော ရဟန်း၊ ရေစစ်မပါဘဲ တစ်ယူဇနာဝက်, ထို့ထက်အလွန် ခရီးသွားသော ရဟန်း၊ ကိုယ့်ကိုယ်ကိုယ် သတ်သော ရဟန်း၊ မိန်းမရုပ် စသော အရုပ်အမျိုးမျိုးကို ရေးသော (ပန်းချီဆရာ လုပ်သော) ရဟန်း၊ မိန်းမရုပ် စသော အရုပ်အမျိုးမျိုး အရေးခိုင်းသော ရဟန်း၊ မိမိထက် ဝါကြီးသော ပုဂ္ဂိုလ်လာလျက် ထပြီး နေရာ မပေးသော ရဟန်း၊ လောကာယတကျမ်းကို သင်ယူသော ရဟန်း၊ ဆံပင်ဖြူကို နုတ်သော (အနုတ်ခိုင်းသော)ရဟန်း၊ သပိတ်ကိုင်လျက် တံခါးဖွင့်သော ရဟန်း၊ သပိတ်ကိုင်လျက် တံခါးပိတ်သော ရဟန်း၊ ဆွမ်းခံသပိတ်, ဆွမ်းစားသပိတ်ကို ရေဆေး, ဆေးပြီး၊ ရေပြောင်အောင် သုတ်, သုတ်ပြီး၊ အသင့်အတင့် နေလှန်း, နေလှန်းပြီး ပြန်သိမ်း ဤစည်းကမ်းကို မလိုက်နာသော ရဟန်း၊ စားဖတ်, ဝါးဖတ်, စားပြီး အရိုး, လက်ဆေးရေများကို သပိတ်ထဲ ထည့်သော ရဟန်း၊ အကာအရံမရှိသော(သပိတ်လိမ့်ကျနိုင်သော) နေရာ၌ သပိတ်ကိုထားသော ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။

**ဒုဗ္ဘာသိ။** ။ရယ်မြူး ပြောင်လှောင်လို၍ မြတ်သူကို ယုတ်သူဟု ပြောသော ရဟန်း၊ ဦးတိဿကို ဦးဒတ္တဟု ပြောသော ရဟန်း၊ ဝသိဋ္ဌ အနွယ်ကို ဘာရဒွါဇ အနွယ်ဟု ပြောသော ရဟန်း၊ ဖြူသောသူက ရှေ့က, မည်းသောသူက နောက်က သွားရာ ရှေ့ကလူက မည်း၍ နောက်ကလူက ဖြူသည်ဟု ပြောသော ရဟန်းတို့အား ဒုဗ္ဘာသိအာပတ် သင့်၏။

http://www.dhammadownload.com



**မှတ်ဖွယ်။** ။ရယ်မြူးပြောင်လှောင်လို၍ ဇာတိ, နာမ, ဂေါတ္တ ကမ္မ စသော "အက္ကောသဝတ္ထု" ဆယ်ပါးကို မဟုတ်တဟုတ် ပြောသမျှ ဒုဗ္ဘာသိအာပတ်သင့်၏ဟု မှတ်ပါ။ (ကျန်အာပတ်များမှာ ပါတိမောက်၌ပါပြီးဖြစ်၍ မရေးတော့ပြီ။)

## ဥပုသ်ပြုပုံ

**တစ်ပါး။** ။အဇ္ဇ မေ ဥပေါသထော ပန္နရသောတိ အဓိဋ္ဌာမိ၊ (၁၄-ရက် ဥပုသ်ဖြစ်က စာတုဒ္ဒသော ဟု ဆို။)

**နှစ်ပါး။** ။ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ (အငယ်ကဆို)

သာဓု-သာဓု-သာဓု၊ ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ (အကြီးကဆိုပုံ)

**သုံးပါး။** ။သုဏန္တု မေ အာယသ္မန္တော၊ အဇ္ဇုပေါသထော ပန္နရသော (စာတုဒ္ဒသော) ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ၊ (ဥတ်ထားပုံ။)

**အမှာ။** ။ဥတ်ထားပြီးလျှင် နှစ်ပါး ဥပုသ်ပြုသကဲ့သို့ ကြီးစဉ်ငယ်လိုက် "ပရိသုဒ္ဓေါ အဟံ အာဝုသော" စသည်ဖြင့် ဆို၊ လေးပါးမှ စ၍ အများဖြစ်က သုတ္တုဒ္ဒေသဥပုသ်ပြုမြဲ။

## ပဝါရဏာပြုပုံ

**တစ်ပါး။** ။အဇ္ဇ မေ ပဝါရဏာ ပန္နရသီတိ အဓိဋ္ဌာမိ၊ (စာတုဒ္ဒသီတိ အဓိဋ္ဌာမိ)။

**နှစ်ပါး။** ။အဟံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ

http://www.dhammadownload.com



ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ (၃-ခေါက်ဆို) သာဓု-သာဓု-သာဓု (အငယ်က ဆိုရာ၌ "အဟံဘန္တေ"ဟု ဆိုရုံသာ)။

**သုံးပါး။** ။သုဏာန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ (စာတုဒ္ဒသီ)၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ (ဥတ်ထားပုံ)။

အမှာ။ ။ဥတ်ထားပြီးလျှင် ၂-ပါးကဲ့သို့ ဆိုပါ။

**လေးပါး။** ။သုဏာန္တု မေ အာယသ္မန္တော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ (စာတုဒ္ဒသီ)၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ တေဝါစိကံ ပဝါရေယျာမ (ဥတ်ထားပုံ)

**အမှာ။** ။ဥတ်ထားပြီးလျှင် ၂-ပါးကဲ့သို့ဆို၊ ၅-ပါး၊ ၅-ပါးထက်များလျှင် "သုဏာတု မေ ဘန္တေ သံဃော"ဟု ဆို။

## ဒေသနာကြားပုံ

**ငယ်။** ။အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

**ကြီး။** ။သာဓု သာဓု သာဓု။

**ငယ်။** ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

**ကြီး။** ။ပဿတိ အာဝုသော တာ အာပတ္တိယော။

**ငယ်။** ။အာမ ဘန္တေ ပဿာမိ။

**ကြီး။** ။အာယတိံ အာဝုသော သံဝရေယျာသိ။

**ငယ်။** ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

**ကြီး။** ။သာဓု သာဓု သာဓု။

http://www.dhammadownload.com



ကြီး။ ။အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိ ကရောမိ။
ငယ်။ ။သာဓု ဘန္တေ သာဓု သာဓု။
ကြီး။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာ ဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပန္နော၊ တာ တုမှမူလေ ပဋိဒေသေမိ။
ငယ်။ ။ပဿထ ဘန္တေ တာ အာပတ္တိယော။
ကြီး။ ။အာမ အာဝုသော ပဿာမိ။
ငယ်။ ။အာယတိံ ဘန္တေ သံဝရေယျာထ။
ကြီး။ ။သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။
ငယ်။ ။သာဓု ဘန္တေ သာဓု သာဓု။
ငယ်။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာ ဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပန္နော၊ တာ တုမှမူလေ ပဋိဒေသေမိ။
ကြီး။ ။ပဿတိ အာဝုသော တာ အာပတ္တိယော။
ငယ်။ ။အာမ ဘန္တေ ပဿာမိ။
ကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ။
ငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
ကြီး။ ။သာဓု သာဓု သာဓု။

ဥပဇ္ဈာယ်ယူပုံ။ ။တပည့်– "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိဟိ" (သုံးခေါက်ဆို)
ဆရာ။ ။ပါသာဒိကေန သမ္ပာဒေထ (သမ္ပာဒေဟိ)
တပည့်။ ။"အာမ ဘန္တေ"
နိဿယည်းယူပုံ။ ။တပည့်– "အာစရိယော မေ ဘန္တေ

http://www.dhammadownload.com



ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ"
(၃–ခေါက်ဆို)

**ဆရာ။** ။"ပါသာဒိကေန သမ္ပာဒေထ"

**တပည့်။** ။"အာမ ဘန္တေ"

**ဝါဆိုပုံ။** ။ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။ (သုံးခေါက်ဆို) သာဓု သာဓု သာဓု။

**ရှာဝင်ပန်ပုံ။** ။ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ။

**ကထိန်ခင်းပုံ။** ။ကထိန်ခင်းသူက ဒုကုဋ်ဖြစ်လျှင် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟု ဆို၊ ကေသီဖြစ်လျှင် "ဣမိနာ ဥတ္တရာသံဂေန ကထိနံ အတ္ထရာမိ"ဟု ဆို၊ သင်းပိုင် ဖြစ်လျှင် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ" ဟု ဆို၊ ဆက်၍ "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ" ဟု ဆို၊ အားလုံး သာဓုခေါ်၊ ထို့နောက် ကထိန် မခင်းသော ရဟန်းများက "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ" ဟု ဆို၊ အားလုံး သာဓု ခေါ်။

**အကပ္ပိယပတ္တစတုက္က။** ။[၁] ရဟန်းသည် ငွေကို အလှူခံ၍ သံပြားကို ဝယ်ပြီး သပိတ် အလုပ်ခိုင်းအံ့၊ ထို သပိတ်သည် မဟာ အကပ္ပိယ သပိတ် မည်၏၊ မည်သည့်နည်းနှင့်မျှ အပ်စပ်အောင် ပြု၍ မရတော့၊ သပိတ်ကိုခွဲ၍ သံကိုယူပြီး ပဲခွပ်လုပ်အံ့၊ ထိုပဲခွပ်ကို မကိုင်ကောင်း၊ ထိုပဲခွပ်ဖြင့် တံပူသပ်အံ့၊ တံပူပင် မစားကောင်း၊ ပဲခွပ်ကိုဖျက်၍ ငါးမျှားချိပ်လုပ်ပြီး ငါးမျှားအံ့၊ ရလာသော ငါးပင်

http://www.dhammadownload.com



မစားကောင်း။ ၂ ရဟန်းသည် ငွေကို အလျှုခံ၍ ကိုယ်တိုင် သပိတ် ဝယ်အံ့၊ ထိုသပိတ်သည် အကပ္ပိယ သပိတ် မည်၏၊ တစ်သာသနာလုံး မည်သူမျှ မသုံးဆောင်ကောင်း၊ (ငွေကို ငွေရှင်အား ပြန်ပေး၊ သပိတ်ကို သပိတ်ရှင်အား ပြန်ပေး၍ နောက်မှ အပ်စပ်သောနည်းဖြင့် ရလျှင် ထိုသပိတ်ကို သုံးဆောင်ကောင်း၏)။ ၃ ရဟန်းသည် ငွေကို အလျှုခံ၍ ကပ္ပိယ ဒါယကာကို သပိတ် အဝယ်ခိုင်းအံ့၊ ထိုသပိတ်လည်း အကပ္ပိယ သပိတ်ပင် မည်၏၊ အလျှုခံထားသော ငွေဖြင့် ဝယ်ခြင်းကြောင့် တစ်သာသနာလုံး မသုံးကောင်း၊ (အထက်ပါ နည်းဖြင့် ရလျှင် သုံးဆောင်ကောင်း၏)၊ ရဟန်းသည် ငွေကို အလျှုမခံဘဲ "ဒီသပိတ်အတွက် ငွေကို ဘယ်လောက်ပေးပါ" ဟု ကပ္ပိယ ဒါယကာကို အပေးခိုင်း၍ သပိတ်ကို ဝယ်အံ့၊ ထိုသပိတ်လည်း အကပ္ပိယ သပိတ်ပင် မည်၏၊ ဝယ်သော ရဟန်း မသုံးကောင်း၊ အခြား ရဟန်းများ သုံးဆောင်ကောင်း၏။

**စောရပတ္တဝတ္ထု**။ ။ကျောင်းတစ်ကျောင်း၌ "ဗုဒ္ဓရက္ခိတ ဓမ္မရက္ခိတ, သံဃရက္ခိတ, မာတုရက္ခိတ" ရဟန်း လေးပါး နေကြရာ အခြားကျောင်းမှ ဦးတိဿက ဗုဒ္ဓရက္ခိတ၏ သပိတ်ကို ခိုးယူလိုသဖြင့် အချိန်မဲ့၌ လာ၍ ဓမ္မရက္ခိတအား "အဲဒီ သပိတ်စင်ပေါ်မှာ တပည့်တော် သပိတ် ရှိပါတယ်၊ ယူပေးလိုက်စမ်းပါ"ဟု ဆိုအံ့။ ဓမ္မရက္ခိတက ဗုဒ္ဓရက္ခိတ၏ သပိတ်ကို မြှောက်ချီကာမျှ၌ ဦးတိဿမှာ ပါရာဇိက ကျတော့၏။ ဓမ္မရက္ခိတကား သံဃရက္ခိတ၏ သပိတ်ကို ယူပေးအံ့၊ ထိုအတူ မြှောက်ချီကာမျှ၌ ဦးတိဿမှာ ပါရာဇိကပင်။ ဓမ္မရက္ခိသည် မိမိ၏သပိတ်ကို ယူပေးအံ့၊ ပိုင်ရှင်က

http://www.dhammadownload.com



ပေးသောကြောင့် ဦးတိသမှာ ဒုက္ကင့်သာ၊ ဓမ္မရက္ခိတသည် ဦးတိသ ဟာ သပိတ်ခိုးလို၍ လာသည်ဟု မှတ်ထင်၍ မိမိနှင့်မတည့်သော မာတုရက္ခိတ၏ သပိတ်ကို ယူပေးအံ့၊ ဓမ္မရက္ခိတနှင့် ဦးတိသတို့ နှစ်ပါးလုံး ပါရာဇိက ကျတော့၏။ ဓမ္မရက္ခိတသည် "ဦးတိသဟာ သပိတ်ခိုးလို၍ လာသည်"ဟု ထင်လျက် ဗုဒ္ဓရက္ခိတ၏ သပိတ်, သို့မဟုတ် သံဃရက္ခိတ၏ သပိတ်ကို ယူပေးအံ့၊ မြောက်ချီကာမျှဖြင့် နှစ်ပါးလုံး ပါရာဇိကပင်၊ ဓမ္မရက္ခိတသည် ထိုသို့ထင်လျက် မိမိ၏ သပိတ်ကို ယူပေးအံ့၊ နှစ်ပါးလုံး ဒုက္ကင့်၊ ဓမ္မရက္ခိတသည် "ဦးတိသ သည် သပိတ်ခိုးလို၍ လာသည်"ဟု ထင်လျက် ဦးတိသ၏ သပိတ်ကို ယူပေးအံ့၊ ဓမ္မရက္ခိတမှာ ပါရာဇိက၊ ဦးတိသမှာ ဒုက္ကင့်။

**ဋ္ဌေကစတုက္က**။ ။ဆိတ်, အမေ, အာဂန္တု, ဘီလူး လေးဦး ယှဉ်၍ အိပ်နေစဉ် ဆိတ်ကို သတ်မည်ဟုကြံလျက် အမေကို သတ် မိလျှင် သတ်သော ရဟန်းမှာ ပါရာဇိကလည်း ကျ၏။ အာနန္တရိယ ကံလည်း ထိုက်၏။ အာဂန္တုကို သတ်မိလျှင် ပါရာဇိက ကျ၏။ ဘီလူးကို သတ်မိလျှင် ထုလ္လစ္စည်း၊ ဆိတ်ကို သတ်မိလျှင် ပါစိတ်၊ အမေကို သတ်မည်ဟုကြံလျက် အမေကို သတ်မိလျှင် ပါရာဇိက, အာနန္တရိယ၊ အာဂန္တုကို သတ်မိလျှင် ပါရာဇိက၊ ဘီလူး ကို သတ်မိလျှင် ထုလ္လစ္စည်း၊ ဆိတ်ကို သတ်မိလျှင် ပါစိတ်၊ အာဂန္တုကို သတ်မည်ဟုကြံလျက် အမေကိုသတ်မိလျှင် ပါရာဇိက, အာနန္တရိယ၊ အာဂန္တုကို သတ်မိလျှင် ပါရာဇိက၊ ဘီလူးကို သတ်မိ လျှင် ထုလ္လစ္စည်း၊ ဆိတ်ကို သတ်မိလျှင် ပါစိတ်၊ ဘီလူးကို သတ် မည်ဟု ကြံလျက် အမေကိုသတ်မိလျှင် ပါရာဇိက, အာနန္တရိယကံ၊

http://www.dhammadownload.com



အာဂန္တုကို သတ်မိလျှင် ပါရာဇိက၊ ဘီလူးကို သတ်မိလျှင် ထုလ္လစ္စဉ်း၊ ဆိတ်ကို သတ်မိလျှင် ပါစိတ်။

**သိက္ခာပုဒ်။** ။ဘိက္ခုဥ္ဒိ သိက္ခာပုဒ်ပေါင်း ၂၂၇, ဘိက္ခုနီဥ္ဒိ သိက္ခာပုဒ်ပေါင်း ၃၁၁, ပေါင်း ၅၃၈။ ဤကား အကျဉ်းသာတည်း။ အကျယ်အားဖြင့် သိက္ခာပုဒ်ပေါင်း ၉၁,၈၀၅,၀၃၆,၀၀၀ (ကိုးထောင့် တစ်ရာ့ရှစ်ဆယ်ကုဋေ ငါးသန်း သုံးသောင်း ခြောက်ထောင်)ရှိ၏။

**ညစ်နွမ်းကြောင်း ၄-ပါး။** ။ဆီးနှင်း, မြူတိမ်, သူရိန်, မီးခိုး ဤလေးမျိုးသည် လ, နေ, နက္ခတ် ကြယ်တာရာတို့၏ ညစ်နွမ်းကြောင်း ဖြစ်၏။ အရက်သောက်ခြင်း, မေထုန်မှီဝဲခြင်း, ရွှေငွေ ပိုက်ဆံ အလှူခံခြင်း, မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း ဤလေးမျိုး သည် သာသနာ့ဝန်ထမ်း ရှင်,ရဟန်းတို့၏ ညစ်နွမ်းကြောင်း ဖြစ်၏။ ထိုတွင် အရက်သောက်လျှင် ပါစိတ်အာပတ် သင့်၏၊ အပြစ်မကြီးလှ၊ မေထုန်မှီဝဲလျှင် ပါရာဇိက ကျသဖြင့် ရဟန်းမဟုတ် တော့၊ ရွှေငွေပိုက်ဆံ အလှူခံခြင်းကား အပြစ်များလှ၏။ မည်သည့် နည်းနှင့်မျှ ရွှေငွေ ပိုက်ဆံကို အလှူမခံကောင်း၊ မှန်လှ၏- "ဒကာ တော် မဏိစူဠကဂါမဏိ- အကြင်သူအား စင်စစ် ရွှေငွေ အပ်၏။ ထိုသူအား ကာမဂုဏ်ငါးပါးကို အပ်ကုန်၏။ ထိုသူ့ကို 'သမဏဓမ္မ, သကျပုတ္တိယဓမ္မ မရှိတော့"ဟူ၍ စင်စစ် မှတ်ပါလေ'ဟု ဝိနည်း စူဠဝါ သတ္တသတိကက္ခန္ဓကဌ် ဟောတော်မူသည်။ ဆိုလိုရင်းကား- "ငါဘုရားသည် သာသနာ့ဝန်ထမ်း ရှင်,ရဟန်းတို့အား ကာမဂုဏ် ငါးပါးကို သုံးဆောင် ခံစားခြင်း၊ သာယာခြင်းကို မည်သည့်နည်း နှင့်မျှ ခွင့်မပြုနိုင်သလို ရွှေငွေ ဒင်္ဂါးပိုက်ဆံများကို သာယာခြင်း၊

http://www.dhammadownload.com



ကိုင်တွယ်ခြင်း၊ သုံးဆောင်ခံစားခြင်း၊ အလှူခံခြင်းများကို မည်သည့် နည်းနှင့်မျှ ခွင့်မပြုနိုင်”ဟု ဖြစ်၏။ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း မှာ အပြစ်များလှ၏။

**ကပ္ပိခြင်း။**　။မြေဥဖြစ်စေ၊ ရေဥဖြစ်စေ ပေါက်နေသော စိမ်းစို သော သစ်ပင်သည် ဘူတဂါမ် မည်၏။ ကပ္ပိလို့ မရ၊ မူလ တည်ရာ ဌာနမှ ကျွတ်လွတ်လျှင် (သစ်ပင်ဖြစ်က နုတ်လိုက်လျှင်, သို့မဟုတ် ခုတ်ဖြတ်လိုက်လျှင်) ဗီဇဂါမ် ဖြစ်တော့၏။ (ဘူတဂါမ်ကို ဖျက်ဆီး လျှင် ပါစိတ်, ဗီဇဂါမ်ကို ဖျက်ဆီးလျှင် ဒုက္ကဋ်)။ ဗီဇဂါမ်များကို လက်သည်း, မီး, ဓား သုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ္ပိရမည်၊ လက်သည်း, ဓား တို့ဖြင့် ကပ္ပိရာ၌ ပေါက်သွားအောင်, ပြတ်သွား အောင်, ဆိတ်ရ, လှီးရမည်၊ ငရုတ်သီး စသည်ကို သစ်ရွက်စိမ်းထဲ ထည့်၍ သစ်ရွက်ကို ကပ္ပိလျှင် ကပ္ပိရာ မရောက်၊ ကြံစည်းကို ကပ္ပိ ရာ၌ စည်းထားသော နွယ်အစိမ်းကို ကပ္ပိလျှင် ကြံကို ကပ္ပိရာ မရောက်၊ အကာပ်မခံဘဲလည်း ကပ္ပိကောင်း၏၊ ကပ္ပိရာ၌ ကပ္ပိမည့် အရာဝတ္ထုကို ရဟန်းက ကိုင်ထားဖို့ မလိုပါ၊ “ကပ္ပိယံ ကရောတိ” ဟု ရဟန်းက ဆိုလျှင် ကပ္ပိမည့်သူက “ကပ္ပိယံ ဘန္တေ”ဟု ဆိုပါ၊ ဆိုသည်နှင့် တစ်ပြိုင်နက် လက်သည်းဖြင့် ပေါက်အောင်, သို့မဟုတ် ပြတ်အောင် ဆိတ်လိုက်ပါ၊ လက်သည်းဖြင့် မဆိတ်ဘဲ ဆွဲဖြတ် လျှင် ကပ္ပိရာ မရောက်။

**သေခိယ။**　။သေခိယ သိက္ခာပုဒ် ၇၅ ပါးတွင် ၁ မှ ၂၆ အထိ သိက္ခာပုဒ် ၂၆ ပုဒ်ကို သာရုပ္ပသိက္ခာပုဒ်ဟု ခေါ်သည်၊ ၂၇ မှ ၅၆ အထိ သိက္ခာပုဒ် ၃၀ ကို ဘောဇနပ္ပဋိသံယုတ္တ သိက္ခာပုဒ်ဟု ခေါ်

http://www.dhammadownload.com



သည်။ ၅၇ မှ ၇၅ အထိ သိက္ခာပုဒ် ၁၉ ပုဒ်ကို ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ်ဟု ခေါ်သည်။

**ပရိဘောဂ**။ ။ထေယျပရိဘောဂ, ဣဏပရိဘောဂ, ဒါယဇ္ဇ ပရိဘောဂ, သာမိပရိဘောဂဟု ပရိဘောဂ လေးမျိုး ရှိ၏။ သီလ မရှိသော ရဟန်းတု ရဟန်းယောင်တို့၏ သုံးဆောင်ခြင်းကား ခိုး၍ သုံးဆောင်ရာ ရောက်သောကြောင့် ထေယျပရိဘောဂ မည်၏၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်လျှင် ဣဏပရိဘောဂ မည်၏၊ အရိယာတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂ မည်၏၊ ဘုရား, ရဟန္တာတို့၏ ပစ္စည်း လေးပါးကို သုံးဆောင်ခြင်းသည် သာမိ ပရိဘောဂ မည်၏။

**အမှာ**။ ။ထေယျပရိဘောဂမှာ ခိုး၍ သုံးဆောင်ရာ ရောက်သောကြောင့် မနုဿ လူ့လောကဝယ် သူခိုးသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာ၌ အမျိုးမျိုးသော ဒုက္ခကို ခံရသလို ထေယျပရိဘောဂ အမှုကို ပြုသော သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်လည်း ခံစားရပေလိမ့်မည်။ ဣဏပရိဘောဂမှာ ကြွေးယူ၍ သုံးဆောင်ရာ ရောက်သောကြောင့် နောက်နောင်ဘဝ အဆက်ဆက်၌ အလှူရှင်၏ ကျွန် ဖြစ်ရတတ်သည်။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက "ပစ္စဝေက္ခဏာ မဆင်ခြင်က နွားဖြစ်တတ်သည်"ဟု ဆုံးမတော်မူခဲ့သည်။

http://www.dhammadownload.com



## အလဇ္ဇီပုဂ္ဂိုလ်

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊
အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊
ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

**အနက်။** ။သဉ္စိစ္စ၊ စေတနာနှင့်တကွ စေ့ဆော်၍။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ အာပတ္တိံ၊ သင့်ရောက်နေသော အာပတ်ကို။ ပရိဂူဟတိ၊ မကုစားဘဲ ဝှက်ထား၏။ အဂတိ ဂမနဉ္စ၊ အဂတိ လိုက်စားခြင်းသို့လည်း။ ဂစ္ဆတိ၊ ရောက်၏၊ ဧဒိသော၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို။ အလဇ္ဇီပုဂ္ဂလော၊ အလဇ္ဇီ ပုဂ္ဂိုလ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ကာလိက ၄-ပါး။** ။ယာဝ ကာလိက, ယာမကာလိက, သတ္တာဟ ကာလိက, ယာဝဇီဝိက ဟူ၍ ကာလိက ၄-ပါး ရှိ၏။ ထိုတွင် ယာဝကာလိက ဟူသည် ဆွမ်း အစရှိသော အရုဏ်တက်မှ မွန်းမတည့်မီ စားကောင်းသော အစာတည်း၊ ယာမကာလိက ဟူသည် မွန်းတည့်ပြီးနောက် ဆာလျှင် သုံးဆောင်ကောင်းသော ဘိလပ်ရည့် ဖျော်ရည် စသည်တည်း၊ သတ္တာဟကာလိက ဟူသည် ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ တို့တည်း၊ တစ်ခါ အကပ်ခံထားလျှင် ၇-ရက် ခံပ်၏။ ယာဝဇီဝိက ဟူသည် တစ်ခါ အကပ်ခံထားလျှင် တစ်သက်လုံး သုံးဆောင်ကောင်းသော ဆား, ဇလရှင်ဆေးပြာ လျှက်ဆား စသည်တည်း။

http://www.dhammadownload.com



**ကျောင်းထိုင်အင်္ဂါ**။ ။"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ် ပိုင်ပိုင် ဟောပြနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ"ဟူသော လင်္ကာနှင့်အညီ ဆယ်ဝါရခြင်း, ဥဘတောဝိဘင်း ပါဠိ အဋ္ဌကထာကို အနက်ထင်၍ အဓိပ္ပာယ်မြင်ခြင်း, ဝိနည်း ပရိဝါ၌ လာသော ကံကြီးကံငယ်ကို နားလည်ခြင်း, ဝိနည်း စူဠဝါ ပရိဝါခန္ဓက၌ လာသော ကျင့်ဝတ်များကို နားလည်ခြင်း, နာမ်တရား ရုပ်တရားများကို ပိုင်ပိုင်နိုင်နိုင် ပြောပြနိုင်ခြင်း၊ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံမှ ကျောင်းထိုင်ကောင်းသည်။

**သင်္ကန်း ၉-မျိုး**။ ။"သင်း, ကိုယ်, ဒု, အိပ်၊ မျက်, ပရိက်၊ နိသိဒ်, မိုးအမာ" ဟူသော လင်္ကာနှင့်အညီ သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်, အိပ်ရာခင်း, မျက်နှာသုတ်, ပရိက္ခာရစောဠ, နိသီဒိုင်, မိုးရေခံ သင်္ကန်း, အမာလွှမ်းသင်္ကန်းဟု သင်္ကန်း ၉-မျိုး ရှိ၏။ (သင်္ကန်း ၉-ထည်ဟု ခေါ်ကြသည်ကို ပညာရှင်များ ဆင်ခြင်ထိုက်၏။) ထိုသင်္ကန်း ၉-မျိုးတွင် ပရိက္ခာရစောဠနှင့် အိပ်ရာခင်း သင်္ကန်း ၂-မျိုးမှာ အထည်များစွာ အဓိဋ္ဌာန် တင်ကောင်း၏။ မျက်နှာသုတ်မှာ နှစ်ထည် အဓိဋ္ဌာန် တင်ကောင်း၏၊ (ပါစိတျာဒိ အဋ္ဌကထာ စီဝရက္ခန္ဓက၌ မျက်နှာသုတ် နှစ်ထည်, အပရေဝါဒ၌ အများအပ်၏-ဟု လာ၍ ကခ်ါ၌ အများအပ်၏ဟု ဆိုသည်)၊ ကျန် သင်္ကန်း ခြောက်မျိုးမှာ တစ်ထည်စီသာ အဓိဋ္ဌာန်တင်ကောင်း၏။

**သင်္ကန်းပမာဏ**။ ။သင်းပိုင် အလျား ငါးတောင် တောင်ဆုပ်, အနံ ၂-တောင်(အငယ်ဆုံးပမာဏ)၊ အကြီးဆုံး ဘုရား သင်းပိုင်အောက်၊ ကောသီနှင့် နှစ်ထပ်သင်္ကန်း အလျား ငါးတောင်

http://www.dhammadownload.com



တောင်ဆုပ်, အနံ သုံးတောင် တောင်ဆုပ် (အငယ်ဆုံး ပမာဏ)၊ အကြီးဆုံး ဘုရားစကသီအောက်၊ နိသီဒိုင်(အငယ် ပမာဏ မလာ)၊ အကြီးဆုံး အလျား လေးတောင်ထွာ, အနံ သုံးတောင် လက်ကိုးသစ်၊ အမာလွှမ်း သင်္ကန်း အနံ လေးတောင့်ထွာ၊ မိုးရေခံသင်္ကန်း (အငယ် ပမာဏ မလာ)၊ အကြီးဆုံး အလျား ဆယ့်သုံးတောင်ထွာ၊ အနံ ငါးတောင် ၁၅ လက်သစ်၊ (မျက်နှာသုတ်၊ အိပ်ရာခင်း– ပရိက္ခာရစောဠ (အငယ်ပမာဏရော အကြီးပမာဏပါ မလာ)၊ အငယ်ပမာဏ မလာဟု ဆိုသော်လည်း အလျား တစ်တောင့်ထွာ, အနံ တစ်ထွာ နှင့် လက်ခြောက်သစ်အောက် မငယ်ရ၊ ငယ်လျှင် သင်္ကန်းမမည်၊ အထက်ပါ ပမာဏနှင့် ညီလျှင် မိမိအမည်ဖြင့် အဓိဋ္ဌာန် တင်နိုင်သည်၊ မညီလျှင် (အထက်ပါ ပမာဏထက် ကြီးလျှင်ဖြစ်စေ၊ သေးလျှင်ဖြစ်စေ) မိမိအမည်ဖြင့် အဓိဋ္ဌာန် မတင်ကောင်း၊ ပရိက္ခာရစောဠ ဟူသော အမည်ဖြင့် အဓိဋ္ဌာန်တင်ကောင်း၏။

**အဓိဋ္ဌာန်တင်ပုံ**။ ။သင်းပိုင်ဖြစ်က "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"၊ ကိုယ်ရုံ(ကေသီ) ဖြစ်က "ဣမံ ဥတ္တရာသံဂံ အဓိဋ္ဌာမိ"၊ ဒုကုဋ်(နှစ်ထပ်သင်္ကန်း)ဖြစ်က "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟု ဆိုပါ၊ အဓိဋ္ဌာန်ချလိုက "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" စသည်ဖြင့် ဆိုပါ။

**ဝိကပ္ပနာပြုပုံ**။ ။ငင်းသင်္ကန်း ၉–မျိုးကို အဓိဋ္ဌာန် မတင်လိုလျှင် ဝိကပ္ပနာ ပြုရ၏။ ဝိကပ္ပနာပြုလိုက "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"ဟု ဆို၊ ဝိကပ္ပနာပြုရာ ပုဂ္ဂိုလ်က "မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" ဟု ဆိုပါ၊

http://www.dhammadownload.com



အများဖြစ်က ဣမာနိ စီဝရာနိ, ဟတ္ထပါသ်မှ လွတ်နေသောသက်န်း ဖြစ်က တစ်ထည်ဆိုလျှင် ဧတံ စီဝရံ, အများဆိုလျှင် ဧတာနိ စီဝရာနိဟု ဆို။

**အမှာ။** ။အဓိဋ္ဌာန်တင်ရာ၌ **သင်းပိုင်ဖြစ်လျှင်** ဣမံ အန္တရဝါသကံ စသည်ဖြင့် အမည်ကို ဖော်၍ တင်ရ၏။ ဝိကပ္ပနာပြုရာ၌ ဣမံ အန္တရဝါသကံ စသည်ဖြင့် အမည်ကို မဖော်ရတော့ဘဲ သင်္ကန်း ၉-မျိုးတို့တွင် မည်သည့်သင်္ကန်းကို ဝိကပ္ပနာ ပြုပြု "ဣမံ စီဝရံ" စသည်ဖြင့် စီဝရ ဟူသော အမည်ကိုသာ ဝိကပ္ပနာ ပြုရသည်။

**သပိတ် ၉-မျိုးနှင့်ပမာဏ။** ။ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်- သုံးပြည် ပိုသည်၊ ဥက္ကဋ္ဌ-သုံးပြည်တိတိ ဆံ့သည်၊ ဥက္ကဋ္ဌောမက-သုံးပြည် မဆံ့တတ်၊ မဇ္ဈိမုက္ကဋ္ဌ-သုံးခွက် ပိုသည်၊ မဇ္ဈိမ-သုံးခွက်တိတိ၊ မဇ္ဈိမောမက-သုံးခွက်မဆံ့တတ်၊ ဩမကုက္ကဋ္ဌ-သုံးစလယ် ပိုသည်၊ ဩမက-သုံးစလယ်တိတိ၊ ဩမကောမက-သုံးစလယ်မဆံ့တတ်။

**အမှာ။** ။အထက်ပါ သပိတ် ၉-မျိုးတွင် ၁-နံပါတ်နှင့် ၉-နံပါတ် သပိတ် နှစ်မျိုး မအပ်၊ ကျန် ခုနစ်မျိုး အပ်၏။

ဗုဒ္ဓေါဝါဒ

ပါတိမောက္ခံ ဝိသောဓေန္တော၊
အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊
န ဘိန္ဒေ သီလသံဝရံ။

**အနက်။** ။ပါတိမောက္ခံ၊ ပါတိမောက် သိက္ခာပုဒ်တော်ကို။ ဝိသောဓေန္တော၊ သုတ်သင်စောင့်ရှောက်သော ရှင်ရဟန်းသည်။ ဇီဝိတံ၊

http://www.dhammadownload.com



အသက်ကို။ အပ္ပေဝဇဟော၊ စွန့်သော် စွန့်ရာ၏။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သီလသံဝရံ၊ ပါတိမောက္ခ သံဝရသီလ ခေါ် သိက္ခာပုဒ်တော်ကို။ န ဘိန္ဒေ၊ မဖျက်ဆီးရာ။

[သံသရာ ဝဋ်ဒုက္ခမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ရယူလိုသော သာသနာ့ဝန်ထမ်း ရှင်, ရဟန်းသည် မိမိ၏အသက်ကို စွန့်ရင့်ကြုံလျှင် စွန့်ရမည်။ ဘုရားဟော သိက္ခာပုဒ်တော်ကို ဘယ်သော အခါမျှ မဖျက်ဆီးပါနှင့်၊ မကျူးလွန်ပါနှင့်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ လောကီစည်းစိမ်မျိုးစုံကို စွန့်လွှတ်ထားပြီး ဖြစ်ပါလျက် ဘာမဟုတ်သော အကြောင်းကလေးများကြောင့် သိက္ခာပုဒ်တော်များကို ဖျက်ဆီးမည်ဆိုလျှင် ပစ္စုပ္ပန်ဘဝမှာလည်း အာပတ်အမျိုးမျိုး သင့်ခြင်း၊ ဘုရားစကား နားမထောင်သူဟု စွပ်စွဲကဲ့ရဲ့ ခံရခြင်း စသော အပြစ်အမျိုးမျိုးနှင့် ရင်ဆိုင်တိုးရလိမ့်မည်။ နောက်ဘဝ အဆက်ဆက်မှာလည်း ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဟူသော အပါယ်လေးဘုံသို့ ရောက်ရမည်ဖြစ်၍ ဘဝသံသရာဝယ် အစွမ်းကုန် နစ်နာရတော့မည်။ သို့ဖြစ်၍ တစ်ခဏတာမျှသာ ဖြစ်သော လက်ရှိပစ္စုပ္ပန်ဘဝ၏ ချမ်းသာရေးကို မျှော်တွေး၍ နောက်နောင် ဘဝအဆက်ဆက် ဆင်းရဲရေးကို မည်သည့်နည်းနှင့်မျှ မလုပ်ထိုက်ပါ။ ဤနေရာ၌ ထေရအပါဒါန်ကမ်းလာ အရှင် ဥပါလိ ကျူးရင့်တော်မူသော ဥဒါန်းဂါထာများကို ကျက်ထားထိုက်ပေသည်။]

http://www.dhammadownload.com



## ဥဒါန်း ဂါထာများ

သတ္တုကပ္ပံ့ သုဝိနယံ၊ ဓာရေမိ ဟာဒယေန ဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။
ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

**အနက်။** ။အဟံ၊ ငါသည်။ သတ္ထုကပ္ပံ၊ သက်တော်ထင်ရှား ဘုရားနှင့်, မခြားတမူ, အလားတူသော။ သုဝိနယံ၊ ကောင်းစွာ ပုံသေ, ဆုံးမပေတတ်, ဝိနည်းမြတ်ကို။ ဟာဒယေန၊ စိတ်ကောင်း ထုံထား, နှလုံးသားဖြင့်။ ဓာရေမိ၊ ကောင်းစွာမသွေ ဆောင်ရပေ၏။ ဝိနယံ၊ ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နမဿမာနော၊ ရှိခိုးလျက်။ ဝိဟရိဿာမိ၊ နေပါအံ့။

ဝိနယော၊ ဝိနည်းတရားတော်သည်။ မယှံ၊ ငါ၏။ အာသယော၊ အိပ်ရာ နေရာတည်း။ ဝိနယော၊ သည်။ မယှံ၊ ငါ၏။ ဌာနစင်္ကမံ၊ ရပ်ရာ စင်္ကြံသွားရာတည်း။ ဝိနယေ၊ ၌။ ဝါသံ၊ နေခြင်းကို။ ကပ္ပေမိ၊ ပြုပါ၏။ ဝိနယော၊ သည်။ မမ၊ ငါ၏။ ဂေါစရော၊ ကျက်စားရာတည်း။

## နိဂုံး

ဓမ္မသာမိ ဘိဝံသေန၊
ကတော ဘိက္ခုဟိတက္ကရော။
လက္ခဏဝိနယော နာမ၊
သာရပုဏ္ဏော သုနိဋ္ဌိတော။

**ဝိနည်းမှတ်ဖွယ်ပြီး၏။**